ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလကွယ်၊ တနင်္ဂနွေနေ့။ Sunday, 19 July 2020 ၁၀၀၇၈

ကြေးမုံ ယနေ့ ဖတ်စရာ

ပိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများအကြောင်း တစေ့တစောင်း

ဆောင်းပါး စာမျက်နှာ » ၆

ပိုလ်ချုပ်အောင်ဆန်း မြင်ခဲ့၊ သိခဲ့သော အလုပ်လက်မဲ့ပြဿနာ

ဆောင်းပါး စာမျက်နှာ » ၁၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

မြဝတီအမှတ်(၂)တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၁၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၃ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ ဦး၊ ဇူလိုင် ၁၃ ရက်တွင် ၅၃၀၊ ဇူလိုင် ၁၄ ရက်တွင် ၃၇၉ ဦး၊ ဇူလိုင် ၁၅ ရက်တွင် ၁၀၆ ဦး၊ ဇူလိုင် ၁၆ ရက်တွင် ၄၂၄ ဦး၊ ဇူလိုင် ၁၇ ရက်တွင် ၅၉၆ ဦး၊ ယနေ့တွင် ၆၄၃ ဦး စုစုပေါင်း ၄၉၂၁၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၆၃ ဦး၊ အမျိုးသမီး ၂၈၀ စုစုပေါင်း ၆၄၃ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ရောဝတီတံတား(သရက်-အောင်လံ) ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီး

သရက်မြို့ဘက်ကမ်းရှိ ချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးမှုအား တွေ့ရစဉ်။

သရက် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရောဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားသစ်၏ ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးမှု ၁၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရောဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၈

ဂွ	၄ ဒသမ ၃၇ လက်မ
မာန်အောင်	၂ ဒသမ ၈၃ လက်မ
သံတွဲ	၂ ဒသမ ၄၀ လက်မ
မြစ်ကြီးနား	၂ ဒသမ ၂၈ လက်မ
ပဲခူး	၂ ဒသမ ၂၈ လက်မ
ကျောက်ဖြူ	၂ ဒသမ ၀၁ လက်မ
ဇန်းမော်	၁ ဒသမ ၉၇ လက်မ
ကတိုင်တိ	၁ ဒသမ ၇၃ လက်မ
ဖာပွန်	၁ ဒသမ ၆၉ လက်မ
တောင်ကြီး	၁ ဒသမ ၆၅ လက်မ
လပွတ္တာ	၁ ဒသမ ၅၇ လက်မ

ကြေးမုံ

(၇၃) နှစ်တိုင် မမေ့နိုင်သည့် အာဇာနည်နေ့

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် မမေ့နိုင်သည့် အာဇာနည်နေ့ဖြစ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကမ္ဘာတည်သရွေ့ မေ့နိုင်မည်မဟုတ်သော နေ့တစ်နေ့ဖြစ်သည်။ (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ကိုဗစ်-၁၉ ကြောင့် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခွင့်မရသော်လည်း ပြည်သူပြည်သားများ၏ နှလုံးသားများတွင် လှိုက်လှဲဝေစည် ဦးညွှတ်နေပေသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် အခြယ်လှယ်ခံဘဝ၊ သွေးစုပ်ခံဘဝဖြင့် နေခဲ့ရသည်။ သူ့ကျွန်မခံလိုသော မြန်မာတို့သည် နယ်ချဲ့တို့ကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ကာ နည်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်။ ဤသို့တော်လှန်ခဲ့ကြသည့် သမိုင်းစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများသည် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကိုယ်ကျိုးမဖက် အသက်ကို ပဓာနမထားဘဲ တော်လှန်ခဲ့သည့် ကျေးဇူးကြောင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရပေသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများသည်ကား မြန်မာပြည်သူ ပြည်သားတို့အဖို့ ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာဖြစ်သကဲ့သို့ ဤနေ့ ဤရက်သို့ရောက်လေတိုင်း အာဇာနည်ခေါင်းဆောင်ကြီးများအား သတိရကြ၊ ဝမ်းနည်းကြ၊ ကြေကွဲမဆုံး ဖြစ်ကြရသည်။ သို့သော် ကျွန်ုပ်တို့ မြန်မာနိုင်ငံသားများသည် ဤသို့ လွမ်းဆွတ်နေရုံ၊ ခံစားနေကြရုံဖြင့် မပြီးသေးပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ မျှော်မှန်းခဲ့သည့် လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်မှသာလျှင် မြန်မာပြည်သူ ပြည်သားတို့သည် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုရာ၊ သစ္စာစောင့်သိရာ ရောက်ပေမည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် အမျိုးမျိုးအဖုံဖုံ နှိပ်စက်မှု၊ ညှဉ်းပန်းမှု၊ ခေါင်းပုံဖြတ်မှုများကို ခါးစည်းခံခဲ့ရသည်ဟု ဆိုခဲ့ပါသည်။ ဤခါးသီးသော အတွေ့အကြုံများကို မခံလိုသဖြင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုဖြင့် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို အသက်၊ သွေး၊ ချွေး စတေးကာ နည်းလမ်းအမျိုးမျိုးဖြင့် တော်လှန် ခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ အသက်သွေးရင်းနှီးပေးဆပ်ကာ ရယူပေးခဲ့သော လွတ်လပ်ပြီးကာလတွင်လည်း လူလူချင်း ခေါင်းပုံဖြတ်ခြင်း၊ မတရားသဖြင့် အနိုင်ကျင့်ခြင်းမရှိဘဲ အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက်များနှင့်ကိုက်ညီသည့် နိုင်ငံတော်ဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ပြီး လွတ်လပ်သောနိုင်ငံတော်အဖြစ် နှစ်ပေါင်း ၇၀ ကျော် ရပ်တည်ခဲ့သော်လည်း စည်းလုံးညီညွတ်မှု အားနည်းမှု၊ အယူဝါဒနှင့် ခံယူချက် ကွဲပြားမှုများကြောင့် ခါးသီးသော အတွေ့အကြုံများကို ခံစားနေရဆဲဖြစ်သည်။ ယခုအခါ ပြည်သူ့အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ ဒီမိုကရေစီလူ့ဘောင်သစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

ကျွန်ုပ်တို့သည် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မိန့်ကြားခဲ့သော "တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သား လူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်" ဟူသည့် မိန့်မှာချက်နှင့်အညီ ယနေ့ကာလတွင် "ပြည်သူသည်သာ အဓိက" ဟူသည့် ခံယူချက်ဖြင့် ဒီမိုကရေစီစနစ်အခြေခိုင်မာရေးကို ဝိုင်းဝန်းတည်ဆောက်ကြပြီး တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် (၇၃) နှစ်မြောက်အာဇာနည်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများအား အောက်မေ့သတိရ မမေ့နိုင်ခြင်းများနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် တိုင်းပြည်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်အဓွန့်ရှည်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောရေးအတွက် သစ္စာရှိရှိ၊ တာဝန်သိသိ ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်တိုင်းဒေသကြီးရှိ ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း မြို့နယ်သာသနာ့ဗိမာန်အတွင်းရှိ ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ စာဖြေသံဃာတော်များ၊ သီလရှင်များနှင့်လူပုဂ္ဂိုလ်များ၏ စာမေးပွဲဖြေဆိုမှုကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် မြင်သာ မြို့ဦးဓမ္မာရုံ၌ ကျင်းပသော ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စာဖြေသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ စာမေးပွဲဖြေဆိုမှုကို ကြည့်ရှုကြည်ညိုခဲ့သည်။

သတင်းစဉ်

ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (စတုတ္ထနေ့)အဖြစ် ဖြေဆိုကြသည်။

စာရင်းသွင်းဖြေဆို

ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) စတုတ္ထနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါးအနက် ၃၉၃၃၂ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၃၄ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ဝိုင်အမ်စီအေက ဒလမြို့နယ်၌ ရေသန့်စင်စက်နှင့် ရေတိုင်ကီများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

ဝိုင်အမ်စီအေက Habitat for Humanity Myanmar အဖွဲ့အစည်းနှင့် ပူးပေါင်းပြီး ဒလမြို့နယ် ထူးကြီးကျေးရွာ၊ ညောင်ငုတ်တိုကျေးရွာနှင့် (၀၁/၁၄) ရပ်ကွက်တို့တွင် လူမှုဖွံ့ဖြိုးရေးအကျိုးပြုစီမံကိန်းကို Habitat for Humanity Australia ၏ ရန်ပုံငွေအကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးရွာနေပြည်သူများ သန့်ရှင်းသောရေကို လုံလောက်စွာသောက်သုံးနိုင်ရန် ရည်ရွယ်၍ ဇွန်လတွင် ဒလမြို့နယ် ညောင်ငုတ်တိုကျေးရွာသို့ ရေသန့်စင်စက်နှင့် ရေသိုလှောင်ရန်အတွက် ဂါလန် ၁၀၀ ဆံ့ ရေတိုင်ကီများကို လှူဒါန်းခဲ့သည်။

ဒလမြို့နယ်၌ ဝိုင်အမ်စီအေက ရေတိုင်ကီများ လှူဒါန်းစဉ်။

ထို့အပြင် DCA-NCA မြန်မာ၊ Unicef၊ Bread for the world၊ IOM (International Organization for Migration) တို့၏ ပံ့ပိုးကူညီမှုဖြင့် ကိုဗစ်-၁၉ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများကို လားရှိုးမြို့၊ ကွတ်ခိုင်မြို့၊ မူဆယ်မြို့၊ လွိုင်ကော်မြို့၊ တမူးမြို့၊ ဟားခါးမြို့၊ မြစ်ကြီးနားမြို့ တို့တွင် နှာခေါင်းစည်းများဝေငှခြင်း၊ လက်ဆေးဘေစင်များ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပံ့ပိုးခြင်း၊ ပညာပေးလက်ကမ်း စာစောင်နှင့် ပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပြီး မူဆယ်မြို့တွင် တရုတ်နိုင်ငံမှ ပြန်လာသော အလုပ်သမားများအား Freedom fund ၏ ပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ရောဂါ တားဆီးကာကွယ်ရေးအစီအစဉ်အဖြစ် အရေးပေါ်ကူညီမှုများကို ဆောင်ရွက်လျက်ရှိသည်။

ဝိုင်အမ်စီအေက စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် ပြင်ပစာကြည့် ဥယျာဉ်ငယ်အစီအစဉ်ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာဝိုင်အမ်စီအေရုံးချုပ်တွင် ဇူလိုင် ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်	**ဓာတ်ပုံသတင်းထောက်**	- ဦးခင်မောင်ဝင်း
သတင်းထောက်မှူး	- ဦးမြင့်စိုး	**သုတေသန**	- ဒေါ်ဇင်မာဝင့်
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**စာပြင်**	- ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အကြီးတန်း သတင်းထောက်များ	- ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း	**အီးမေးလ်နှင့် အွန်လိုင်း**	- ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို-အေ ပြုပြင်မှုအခြေအနေ၊ အသံသွင်း စတူဒီယို-ဒီ အား အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နိုင်ငံတော်သံစုံတီးဝိုင်းလေ့ကျင့်နေမှု၊ နိုင်ငံတော်ဆိုင်းဝိုင်းလေ့ကျင့်နေမှု၊ စတူဒီယို-၁ ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့ ပူးပေါင်းစီစဉ်ရိုက်ကူးသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာတေးသီချင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့အသိပညာပေး အစီအစဉ်(Public Service Announcement)ရိုက်ကူးနေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က (၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ် အပါအဝင် ဆက်လက်ထုတ်လွှင့်မည့် အစီအစဉ်များကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တေးသီချင်းများ၊ ဇာတ်လမ်းတိုများနှင့် ဆောင်ပုဒ်များ ရိုက်ကူးပြီးစီးမှုနှင့် ထုတ်လွှင့်နေမှုများကိုလည်းကောင်း၊ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်နှင့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အညီ မီဒီယာလုပ်ငန်းများကိုလည်း လိုက်လျောညီထွေ လိုက်ပါဆောင်ရွက်နိုင်ရေး လေ့လာဆောင်ရွက်သွားရန်နှင့် မီဒီယာနည်းပညာသစ်များနှင့်ပတ်သက်၍ ဌာန၏ လုပ်ငန်းများအပေါ် သက်ရောက်နိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Radio Master Room ၌ နိုင်ငံတော်ဆိုင်းဝိုင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်ဘာသာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၅:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၅:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ၁၇:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ခေါင်လန်ဖူးမြို့နယ်ရှိ ကျေးရွာ ၃၈ ရွာတွင် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

ခေါင်လန်ဖူး ဇူလိုင် ၁၈

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိသောက်သုံးရေ ခက်ခဲလျက်ရှိသော ကျေးရွာ ၃၈ ရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တည်ဆောက်လျက်ရှိ

ခေါင်လန်ဖူးမြို့နယ်သည် တောင်တန်းထူထပ်ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး သောက်သုံးရေအဖြစ် စိမ့်စမ်းရေကိုသာ အားထားရသောကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ကျေးရွာ ငါးရွာ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကျေးရွာ ၃၃ ရွာ စုစုပေါင်း ကျေးရွာ ၃၈ ရွာတွင် တင်ဒါ အောင်မြင်သည့် ကုမ္ပဏီငါးခုမှ ဘဏ္ဍာရန်ပုံငွေကျပ် ၇၃၀ ဒသမ ၀၆၂ သန်းဖြင့် ရေတားတမံ၊ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တို့ တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ခေါင်လန်ဖူးမြို့နယ်သည် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူရာတွင် ဝန်တင်လားများကိုသာ အသုံးပြုနေရခြင်းကြောင့် လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ယင်းလုပ်ငန်းများအားလုံး ပြီးစီးသွားပါက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၈ ရွာတွင် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းအိအိဖြိုး(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာန၏လုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ) ရုံးအမှတ်(၁၉) သီရိရတနာခန်းမ၌ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဦးစီးအရာရှိ ရာထူးတိုးမြှင့်ရေးအတွက် ကျင်းပသည့် ရေးဖြေစာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သတ္တုတွင်းဦးစီးဌာန နှစ်ထပ်ရုံးအဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် လိုအပ်ချက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ) သုံးထပ်ရုံးအသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းက တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်းသို့ ရောက်ရှိရာ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ ရေကန်တွင် ဆောက်လုပ်မည့် ဦးပိန်တံတားပုံစံ သစ်သားတံတားတည်ဆောက်မည့်ပုံစံနှင့် မြေနေရာအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန ရေဆင်းသို့ ရောက်ရှိပြီး သစ်တောသုတေသနဌာန ရေမြေသားငှက်နှင့် သစ်တောသယံဇာတဌာနစု ရေခာတ်ခွဲခန်း နှစ်ထပ်အဆောက်အအုံသစ်အား စစ်ဆေးပြီး ရေခာတ်ခွဲခန်းအတွင်း နော်ဝေနိုင်ငံအကူအညီဖြင့် ရေအရည်အသွေးတိုင်းစက်ကိရိယာများ တပ်ဆင်အသုံးပြုနေမှုအား စစ်ဆေးသည်။ လက်ရှိအချိန်တွင် ရေအရည်အသွေး ၄၉ မျိုးအထိ ဓာတ်ခွဲစစ်ဆေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Japan International Cooperation Agency(JICA) ၏ ထောက်ပံ့ငွေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ သုတေသနပြုလေ့လာထိန်းသိမ်းရေးဗဟိုဌာန ဆောက်လုပ်မည့်မြေနေရာနှင့် တည်ဆောက်မည့် အဆောက်အအုံပုံစံအား ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် သစ်တောသုတေသနဌာန တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သစ်တောသုတေသနဌာန ပန်းပုံစံပြတိုက် ပြုပြင်မွမ်းမံနေမှုနှင့် သစ်တောသုတေသနဌာန ဆေးဖက်ဝင်ပင်များ စုဆောင်းစိုက်ပျိုးထားသည့် ဥယျာဉ်တို့ကို စစ်ဆေးခဲ့ပြီး ဆေးဖက်ဝင်ပင် ပရဆေးဥယျာဉ် အဆင့်မြှင့်တင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ဆေးဖက်ဝင်ပင်ဥယျာဉ်ကို ၁၉၈၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ပျိုးထောင်ထိန်းသိမ်းထားခဲ့သည့် ဆေးဖက်ဝင်ပရဆေးပင်ပေါင်း ၄၀၉ မျိုးရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံဆေးကောင်စီ၏ (၂၀၁၆-၂၀၂၀) လေးနှစ်သက်တမ်းအတွင်း ဆောင်ရွက်ချက်များနှင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်းကိစ္စရပ်များ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံဆေးကောင်စီ၏ (၂၀၁၆ - ၂၀၂၀) လေးနှစ်သက်တမ်းအတွင်း ဆောင်ရွက်ချက်များနှင့် ဆေးကောင်စီအသစ် ပြန်လည်ဖွဲ့စည်းခြင်းကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ပြုလုပ်သည်။

ဆေးပညာလောက အဆင့်မြင့်လာ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပီပြင်ထိရောက်မှုသည် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ကြီးဌာန၏ပုံရိပ်၊ ဆေးပညာလောက၏ ဂုဏ်သိက္ခာမြင့်မားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များအတွက် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ရည်ရွယ်ချက်(၇)ရပ်ဖြစ်သော အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊ ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်၊ ဆရာဝန်များ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများလိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင်ဖြစ်ထွန်းစေရန်တို့ကို ရရှိစေရန်အတွက် ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီတို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုများသည် ပီပြင်မှုရှိပြီး ကျေနပ်ဖွယ်ရာရှိပါကြောင်း၊ ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ပြည့်မီကြောင်း တရားဝင်အသိအမှတ်ပြုရေးကော်မတီ (Accreditation Committee) ၏ ဆောင်ရွက်မှုများကြောင့် မိမိတို့အနေဖြင့် ဆေးပညာလောက အဆင့်မြင့်မားလာသည်ကို တွေ့မြင်ရပါကြောင်း။

တက်ကြွစွာဆောင်ရွက်

မိမိတို့ဝန်ကြီးဌာန၏ အဓိကရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိစေရေးနှင့် လူနာများဘေးကင်းလုံခြုံမှုတို့ကို ရရှိစေရန်အတွက် မြန်မာနိုင်ငံဆေးကောင်စီ၏ စည်းကမ်းထိန်းသိမ်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးပညာရှင်ဆရာဝန်များသည် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုပြည့်ဝရုံမျှဖြင့်မရဘဲ အရည်အသွေးပြည့်ဝမှုနှင့် အထူးသဖြင့် ဆေးပညာကျင့်ဝတ်သိက္ခာ (medical ethics) စည်းကမ်းလိုက်နာမှုတို့သည် ဆေးပညာရှင်တိုင်း အဓိက တန်ဖိုးထားကာ အလေးအနက်ပြုလုပ်ရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ယခုအထိ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းဆောင်တာများကို တတ်နိုင်သမျှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့များနှင့် တာဝန်ရှိသူများအားလုံးကို ဝန်ကြီးဌာန၏ ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ ယခုနှစ်တွင် အသစ်ဖွဲ့စည်းမည့် မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့်လည်း လုပ်ငန်းများ ပိုမိုပီပြင်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ကာ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ စည်းကမ်းထိန်းသိမ်းသည်နှင့် တစ်ပြိုင်တည်းတွင် စည်းကမ်းကိုလိုက်နာရန် လိုအပ်သည့်အချက်များကို လမ်းညွှန်ပေးခြင်း၊ ကြိုတင်သတိပေးခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းကို ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပေးခြင်းတို့ကိုပါ တက်ကြွစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းများသည် ကြီးမားကျယ်ပြန့်ပြီး တင်စားပြောဆိုရလျှင် တရားသူကြီးသဖွယ်၊ ဥပဒေဝန်ထမ်းသဖွယ်၊ တက္ကသိုလ်ဆရာ/ဆရာမသဖွယ် ပုံစံများဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီသည် လေးနှစ်တာကာလအတွင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၊ အထူးအစည်းအဝေးနှင့် ဗဟိုကောင်စီအစည်းအဝေး စုစုပေါင်း ၇၁ ကြိမ်တို့ဖြင့် ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆေးကောင်စီကို တိုက်ရိုက်ညွှန်ကြားမှုပြုလုပ်၍မရဘဲ အကြံပေးမှုများကိုသာ ပြုလုပ်နိုင်သည်ဖြစ်သဖြင့် ကောင်စီဝင်များအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ ရှုထောင့်အမြင်အမျိုးမျိုးကို ဆွေးနွေးတိုင်ပင်ပြီး ဆက်လက်လုပ်ဆောင်ကြစေလိုပါကြောင်း၊ အချို့သော ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ရရှိလာသူများသည် လူနာများကို လက်တွေ့ကုသမှု အတွေ့အကြုံမရှိသဖြင့် ပြည်ပနိုင်ငံမျိုးစုံမှ ဆေးပညာဘွဲ့ရယူသူများ မြန်မာနိုင်ငံ၌ ဆေးကုသမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆေးကုသခွင့်လိုင်စင်စာမေးပွဲကို ယခုထက် ပိုမိုတင်းကျပ်ကာ ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကိုလည်း အထွေထွေရောဂါကုဆရာဝန်များ အပါအဝင် ဆေးပညာရှင်များအားလုံး သိရှိစေရေး ဆောင်ရွက်စေလိုပြီး ဆေးတက္ကသိုလ်များ၌ တတိယနှစ် သင်တန်းများတွင်လည်း မြန်မာနိုင်ငံဆေးကောင်စီမှ တာဝန်ရှိသူများက ဆေးပညာကျင့်ဝတ်နှင့် စည်းကမ်းဥပဒေများနှင့် ပတ်သက်၍ ဟောပြောပို့ချမှုများ ပြုလုပ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီအနေဖြင့် ဆေးပညာရှင်များအတွက် ပညာရှင်ပီသသော အပြုအမူဆောင်ရွက်မှုများဆိုင်ရာကို စည်းကမ်းနှင့် ကျင့်ဝတ်စာအုပ်ထုတ်ဝေခဲ့ခြင်းသည် အလွန်အရေးကြီးသည့် ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ ဆေးပညာရှင်များအနေဖြင့် အဆိုပါ ကျင့်ဝတ်စည်းကမ်းအတိုင်း ကျင့်သုံးရန် အရေးကြီးပါကြောင်း၊ ဘုတ်အဖွဲ့အသိအမှတ်ပြု အထူးကုဆရာဝန်များအဖြစ် မွေးထုတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆေးပညာဘာသာရပ်အဖွဲ့များက ဦးစီးပေးအနေဖြင့် ဆွေးနွေးတိုင်ပင်ကာ မြန်မာနိုင်ငံဆေးကောင်စီနှင့် ပူးပေါင်း၍ အမြန်ဆုံးအကောင်အထည်ဖော်စေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆေးကောင်စီများတွင် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆောင်တာများအား အမြဲမပြတ် လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည်များကို လုပ်ဆောင်စေလိုပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထား စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှက မြန်မာနိုင်ငံဆေးကောင်စီ လေးနှစ်သက်တမ်း (၂၀၁၆-၂၀) အတွင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံဆေးကောင်စီဝင်များက အထွေထွေဆွေးနွေးအကြံပြုမှုများ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး အပါအဝင် မြန်မာနိုင်ငံဆေးကောင်စီနာယကများက မြန်မာနိုင်ငံဆေးကောင်စီတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံဆိုတာလို ဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

မကွေးတိုင်းဒေသကြီး ငွေးကုန်း - ဝက်ချုပ် - နတ်မောက် ကျေးလက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဇူလိုင် ၁၈

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ကို ဆက်သွယ်သည့် ငွေးကုန်း-ဝက်ချုပ်- နတ်မောက် ကျေးလက်ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းပိုင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကိုဗစ်-၁၉ ကာလ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး မကွေးခရိုင်တွင် Pilot Project ဖြင့် ဆောင်ရွက်ပြီးစီးသော ငွေးကုန်း-ဝက်ချုပ်- နတ်မောက် ကျေးလက်လမ်း ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ယနေ့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသော်လည်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များကို အထူးလိုက်နာကြရန် ပြောကြားလိုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

အချိန်တိုပို့ဆောင်

ယခုအခါ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်း ပြည့်မီသည့် ကျေးလက်လမ်း၊ တံတားများအဖြစ် Class (A),(B),(C)အမျိုးအစားခွဲခြားပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကာ ကျေးလက်လမ်းများ ကောင်းမွန်လာသည်နှင့်အမျှ ကျေးလက်ထုတ်ကုန်များကို စရိတ်စကသက်သက်သာသာဖြင့် မြို့ပြသို့ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ကျေးလက်လမ်း၊ တံတားများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အလွန် အရေးပါလှပါကြောင်း၊ ကျေးလက်နေ ပြည်သူများအတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့်လမ်းများ လိုအပ်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် လမ်း၊ တံတားများ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် ကျေးရွာများအားလုံး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ စီမံချက်နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၇- ၂၀၃၀) ကို ရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံအတွင်း လက်ရှိ ကျေးရွာပေါင်း ခြောက်သောင်း ကျော်ရှိပြီး ကျေးလက်လမ်းမိုင် အရှည် ငါးသောင်းငါးထောင်ကျော်နှင့် ကျေးလက်တံတားပေါင်း ၂၄၁၈၃ စင်းကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက် ထိန်းသိမ်းလျက်ရှိပါကြောင်း၊ အဆိုပါလမ်းများအနက် ရာသီမရွေးအသုံးပြုနိုင်သည့် ကျေးရွာ ၅၃ ရာခိုင်နှုန်း၊ ခြောက်သွေ့ရာသီ၌ အသုံးပြုနိုင်သည့် ကျေးရွာ ၃၄ ရာခိုင်နှုန်းနှင့် လမ်း မရှိသေးသည့်ကျေးရွာ ၁၃ ရာခိုင်နှုန်း ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း ကျေးလက်လမ်း၊ တံတားများ တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းပမာဏ များပြားလွန်းသည့်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူလူထုပူးပေါင်းခြင်း အစီအစဉ်များဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးတိုးတက်လာမည်

နတ်မောက်မြို့မှာ ရှေးယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မြို့တစ်မြို့ဖြစ်ပါကြောင်း၊ နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ သွားရောက်ရာတွင် မြေသားကျောက်လမ်းအဆင့်ဖြင့်သာ အသုံးပြုပြီး သွားခဲ့ရသည့်အတွက် အချိန်ကုန်၊ လူပင်ပန်းဖြစ်ခဲ့ရပါကြောင်း၊ ယခုလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အတွက် နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ ယနေ့ဖွင့်လှစ်ပေးသည့် အရှည် ၂၉ မိုင် ၇ ဖာလုံရှိသည့် ငွေးကုန်း- ဝက်ချုပ်-နတ်မောက် ကျေးလက်လမ်း ကတ္တရာလမ်းသစ်ကြီးမှ သွားပါက အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခဲ့သည့် ငွေးကုန်း-ဝက်ချုပ်- နတ်မောက် ကတ္တရာလမ်းသစ်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နတ်မောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေက ငွေးကုန်း- ဝက်ချုပ် - နတ်မောက်လမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်း ကတ္တရာလမ်းသစ် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် ကတ္တရာလမ်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ငွေးကုန်း-ဝက်ချုပ်- နတ်မောက်လမ်း ကတ္တရာလမ်းသစ်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် နတ်မောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များသည် ငွေးကုန်း - ဝက်ချုပ်- နတ်မောက်လမ်း ကတ္တရာလမ်းအား ဖြတ်သန်းကြည့်ရှုသည်။

အောင်မြင်စွာဖွင့်လှစ်

ယနေ့ဖွင့်လှစ်သည့် ငွေးကုန်း- ဝက်ချုပ် - နတ်မောက် ကျေးလက်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ၂၉ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ ရှိပြီး ယခင်က မြေသားကျောက်ချောလမ်းအဆင့်သာရှိခဲ့ရာမှ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက Pilot Project အနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကတ္တရာလမ်းသစ်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု လမ်းပိုင်းကို ဖွင့်လှစ်ပေးလိုက်သည့်အတွက် ယခင် နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ သွားရာတွင် မကွေး(ကန်ပြား)ဘက်မှ ပတ်ပြီး ရေနံချောင်းသို့ ၅၉ မိုင် သွားနေရပြီး ယခု ငွေးကုန်း-ဝက်ချုပ်- နတ်မောက်လမ်းမှသွားလျှင် ၄၆ မိုင် ၃ ဖာလုံဖြင့် ရောက်ရှိမည်ဖြစ်၍ ယာဉ်မောင်းချိန် မိနစ် ၃၀ နှင့် လမ်းမိုင်အရှည် ၁၀ မိုင်ကျော် သက်သာသွားမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာ ၅၉ ရွာ၊ အိမ်ခြေ ၉၂၇၈ အိမ်နှင့် လူဦးရေ ၄၈၄၅၇ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၇၃)နှစ်မြောက် အာဇာနည်နေ့အမှတ်တရ ဆောင်းပါး

ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများအကြောင်း တစေ့တစောင်း

ခိုင်မြဲသူယျ

"လွတ်လပ်ရေးရပြီးရင် ငါတော့နိုင်ငံရေးကထွက်ပြီး စာတွေရေးမယ်၊ နိုင်ငံရေးတွေ၊ ရာဇဝင်တွေအပြင် အိမ်ထောင်ရေးနဲ့ သားသမီးစောင့်ရှောက်ပြုပြင်ရေးတွေနဲ့ပတ်သက်လို့ ငါ့အယူအဆသဘောထားတွေကိုပါ စာအုပ်ရေးမှာပဲ။"

ထိုစကားကို မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး၊ မြန်မာ့တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)ကို ၁၉၄၇ ခုနှစ် ဧပြီလအတွင်း မေမြို့တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ခုနှစ် မေလ ၃၀ရက်နေ့တွင် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဖဆပလဌာနချုပ်၌ ပြုလုပ်သော သတင်းစာဆရာများအစည်းအဝေးတွင်လည်း-

"လွတ်လပ်ရေးရတဲ့အချိန်အထိတော့ ကျုပ် နိုင်ငံရေးလုပ်ရဦးမှာပဲ၊ လွတ်လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများတွေလုပ်တာ ထိုင်ကြည့်ပြီး စာရေးမယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တစ်ကြိမ်ပြောဆိုဖူးသေးသည်။ ထို့ပြင်သာမက-

"ကျွန်တော် ကျောင်းမှာနေတုန်းက ပါဠိရော မြန်မာစာကိုပါ သင်ယူခဲ့တယ်။ မြန်မာစာမှာ ကျွန်တော် အမှတ်ကောင်းကောင်းရတယ်။ ကျွန်တော်ကြိုးစားလျှင် ဒစ်စတင်းရှင်းတောင်ရမှာပဲ။ ကျွန်တော်တို့ဆီမှာ ဘာသာပြန်တွေ အများကြီးလိုတယ်။ ဘိုင်အိုဂရပ်ဖီ(အတ္ထုပ္ပတ္တိ)တွေလည်းလိုတယ်။ ဘာကြောင့် မရေးကြသလဲ မသိဘူး။ ဗမာ့အက၊ ဗမာ့ဂီတတွေဟာ ဟိုဘက်က လှည့်လာတာတွေ ရှိတယ်၊ ဒါတွေကို စုံစမ်းရမယ်၊ အာရှတိုက်သားတွေ တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာ လေ့လာရမယ်။ကျွန်တော်လည်း အနုပညာသမားပါဗျာ။"

အထက်ပါစကားများကိုတော့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ ငါးရက်အလို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဦးခင်ဇော်၊ ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ဦးထင်ဖတ်(မောင်ထင်)၊ ဦးဝန်(ဆရာ မင်းသုဝဏ်)နှင့် ဒီးဒုတ်ဦးဘချိုတို့အား ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော် အဆောက်အအုံ ဝရန်တာ၌ ပြောဆိုခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးသမားတစ်ယောက်ဟု အားလုံးလိုလိုက လက်ခံထားကြသော၊ ကိုယ်တိုင်လည်း နိုင်ငံရေးသမားတစ်ယောက်အဖြစ် ခံယူထားသော ဗိုလ်ချုပ်အောင်ဆန်း၏ စကားထဲတွင် စာပေကို လေးစားချစ်ခင်မြတ်နိုးစိတ်၊ စာပေနှင့်တိုင်းပြည်အကျိုးကို သယ်ပိုးလိုစိတ်၊ စာပေကို ဝါသနာပါသောစိတ်များကို တွေ့ရသည့်အပြင် စာရေးဆရာတစ်ယောက်ဖြစ်ရန် စိတ်ကူးပုံဖော်ထားသော အိပ်မက်တစ်ခုကိုလည်း လှစ်ဟပြသနေ၏။

စုစုပေါင်း ၁၈ ပုဒ်

တိုင်းပြည်လွတ်လပ်ရေးအတွက် မနေမနားကြိုးပမ်းဆောင်ရွက်နေသော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော်လည်း သူ၏ စကားများထဲက ဖော်ပြနေသော စာပေချစ်စိတ်ဖြင့် သူ မကွယ်လွန်ခင်အချိန်ကတည်းကပင် စာပေများကို မအားလပ်သည့်ကြားက ရေးသားခဲ့သည်။ လေ့လာတွေ့ရှိမိသလောက်မှာ မြန်မာဘာသာဖြင့် ကိုးပုဒ်၊ အင်္ဂလိပ်ဘာသာဖြင့် သုံးပုဒ် စုစုပေါင်း ဆောင်းပါး ၁၂ ပုဒ်ဖြစ်သည်။ ဥယျောဇဉ်က သုံးစောင်၊ သဝဏ်လွှာ တစ်စောင်နှင့် မိတ်ဆက်စာတစ်စောင် စုစုပေါင်း ငါးစောင်ရှိသည်။ ဆောင်းပါးနှင့်မိတ်ဆက်စာများကို ပေါင်းလိုက်သောအခါ စာပေလက်ရာ စုစုပေါင်း ၁၇ ပုဒ် တွေ့ရသည်။ ၎င်းတို့မှာ-Burma and Buddhism၊ Freedom of Dress in Schools အမည်ရှိ ဆောင်းပါးနှစ်ပုဒ်၊ မင်းကြီးဦးမင်းရောင် အမည်ရှိ ဆောင်းပါးနှစ်ပုဒ်၊ လောကဝိဟာ၊ ကျောင်းသားဝတ္တရား၊ နိုင်ငံရေးအမျိုးမျိုး၊ ကမ္ဘာစစ်နှင့်ဗမာ၊ ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ၊ ဗိုလ်ချုပ်ဆောင်ဆန်း ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ဥယျောဇဉ်(သေနင်္ဗျူဟာ စစ်သမိုင်း)၊ဥယျောဇဉ်(တိုင်းဖ ြ စာစောင်)၊ ဥယျောဇဉ်(မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး)၊မိတ်ဆက်စာ(ဧဝန ဂျာနယ်)၊ သဝဏ်လွှာ(ဒီးဒုတ်ဂျာနယ်)၊ ဗိုလ်ချုပ်နှင့်စာပေ စသည်တို့ဖြစ်၏။ နောက်ဆက်တွဲအနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Life Sketch of the Author ဆောင်းပါးမှာ ဗိုလ်ချုပ်အောင်ဆန်းကို မွေးသည်မှ ၁၉၄၆ ခုနှစ် အောက်တိုဘာလအထိ သူ့ဘဝဖြစ်စဉ်အကျဉ်းချုပ်ဖြစ်လေရာ ထိုဆောင်းပါးကိုပါ ထည့်သွင်းပါက စုစုပေါင်း ၁၈ ပုဒ်ဟု ဆိုရမည်။ စာပေအမျိုးအစားများမှာ အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးနှင့်သမိုင်းဆိုင်ရာစာပေ၊ ဘာသာရေးနှင့် လူမှုရေးစာပေ၊ စစ်စာပေနှင့် စာပေသဘောတရားဆိုင်ရာ စာပေဟူ၍ စာမျိုးစုံတွေ့ရ၏။ ဘာသာပြန်စာပေပြိုင်ပွဲတွင် ပဲခူးကဝေအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ရေးသားခဲ့ပြီး ကျန်ဆောင်းပါးများကို အညာသားလေး၊ မောင်အောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း စသောကလောင်အမည်များဖြင့်

ရေးသားခဲ့သည်။

ပဲခူးကဝေအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့

ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလုပ်ငန်းအစကို ရေနံချောင်းကျောင်းသားဘဝတွင် ပထမဆုံးတွေ့ရ၏။ ရေနံချောင်းအမျိုးသားကျောင်းတွင် တက်နေစဉ်က ကျောင်းစာစောင်တစ်ခုထုတ်ဝေရာ ကိုအောင်ဆန်းက ထိုစာစောင်၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့၏။ ထို့နောက် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း ဖြစ်လာသောအခါ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဦးစီးထုတ်ဝေသော အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ်လည်းကောင်း၊ ထိုစဉ်က မြန်မာများပိုင်၍ မြန်မာများ အုပ်ချုပ်သည့် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော New Burma သတင်းစာတွင် အယ်ဒီတာအဖြစ်လည်းကောင်း စာပေလုပ်ငန်းနှင့် ကိုအောင်ဆန်း ရင်းနှီးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပထမဆုံးစာပေလက်ရာမှာမူ ၁၉၃၃ ခုနှစ် နိုဝင်ဘာလထုတ် ဂန္ထလောကမဂ္ဂဇင်းက ပြုလုပ်သည့် ဘာသာပြန်စာပေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ဘာသာပြန်ရသည့်အကြောင်းအရာမှာ နိုင်ငံရေးသိပ္ပံပညာရှင် ပါမောက္ခ ဟာရီး ဂျေ လတ်စကီး(Harold J Laski) ရေးသည့် Authority in Modern State စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာပြန်ဆိုရခြင်းဖြစ်သည်။ ထိုဘာသာပြန်ဆောင်းပါးပြိုင်ပွဲကို တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းက ပဲခူးကဝေအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် အခြားတစ်ယောက်နှင့် အမှတ်တူနေ၍ ဆုငွေ ၁၀ကျပ်ကို ငါးကျပ်စီခွဲဝေယူကြရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပထမဆုံးပင်ကိုရေးဆောင်းပါးမှာမူ ၁၉၃၅ ခုနှစ် ဧပြီလထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ရေးသားခဲ့သော Burma and Buddhism ဆောင်းပါးဖြစ်သည်။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအခြေအနေနှင့် မြန်မာလူငယ်များ၏ အခန်းကဏ္ဍ၊ ရှေးဓလေ့ထုံးစံ အယူဝါဒများနှင့်ပတ်သက်၍ လူငယ်များ၏ သဘောထားများနှင့် စပ်လျဉ်း၍ သူ့အမြင်ကို တင်ပြသုံးသပ်ထားသည့် ဆောင်းပါးဖြစ်သည်။

Freedom of Dress in Schools ဆောင်းပါး

ဇူလိုင်လ ထုတ် ဂန္ထလောကမဂ္ဂဇင်းပါ Freedom of Dress in Schools ဆောင်းပါးမှာမူ ကျောင်းသားများ ကျောင်း၌ တူညီဝတ်စုံ ဝတ်သင့်ကြောင်း ဆွေးနွေးတင်ပြထား၏။ ရေနံချောင်းအမျိုးသားကျောင်းတွင်သူနေခဲ့စဉ်က ဆရာရော ကျောင်းသားများပါ ရှားတောလုံချည်နှင့် ပင်နီအင်္ကျီကို ဝတ်ခဲ့ကြကြောင်း၊ တူညီဝတ်စုံများဝတ်၍ အမျိုးသားနေ့ချီတက်ပွဲများသို့လည်းကောင်း၊ ဘောလုံးပွဲများသို့လည်းကောင်း သူငယ်ချင်းများနှင့် တပျော်တပါး သွားခဲ့ကြသည်ကိုလည်း မှတ်မိနေကြောင်း၊ ထိုသို့ တူညီဝတ်စုံဝတ်သွားရ၍ လွတ်လပ်မှုမရှိဟု မခံစားရဘဲ စည်းလုံးမှုနှင့် ချစ်ခင်ရင်းနှီးမှုစိတ်ဓာတ်သာ တိုးပွားစေခဲ့ကြောင်း ရေးသားထား၏။ သူ့ကျွန်ဘဝရောက်နေသည့် မြန်မာနိုင်ငံအဖို့ အရေးအကြီးဆုံး လိုအပ်ချက်မှာ ကျောင်းသားအရွယ်လူငယ်များအတွင်း စည်းလုံးညီညွတ်ရေးနှင့်စည်းကမ်းကို ရှိသေလိုက်နာတတ်သည့်စိတ်များ သွင်းပေးရန်ဖြစ်သည်။ တူညီဝတ်စုံဝတ်ဆင်ခြင်းဖြင့် ထိုရည်ရွယ်ချက်ကို အထောက်အကူပြုမည်။ ပြည်တွင်းဖြစ်ဝတ်စုံကို ဝတ်ဆင်ခြင်းဖြင့်လည်း ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းကိုလည်း အားပေးရာရောက်သလို ဆင်းရဲသားမိဘများအတွက်လည်း စရိတ်စက သက်သာစေမည်။ လွတ်လပ်စွာ ဝတ်စားဆင်ယင်မှုက ဂုဏ်တုဂုဏ်ပြိုင်စိတ်နှင့် စိတ်ဝမ်းကွဲပြားမှုကို အားပေးရာရောက်ကြောင်း၊ ထိုအကြောင်းပြချက်များကို ထောက်ပြ၍ ကျောင်းများ၌ တူညီဝတ်စုံဝတ်ခြင်းကို အားပေးသင့်ကြောင်း ရေးသားဖော်ပြထားလေသည်။ ၁၉၃၅ ခုနှစ် ဇွန်လနှင့် ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်းတွင် နယ်ချဲ့အင်္ဂလိပ်တပ်များကို ရဲဝံ့စွာ တိုက်ခိုက်ခဲ့သော အဘိုးဖြစ်သူဦးမင်းရောင် အကြောင်း ရေးသားထားသည့် ဆောင်းပါးနှစ်ပုဒ်ကိုမူ အညာသားလေး ကလောင်အမည်ဖြင့် ဗိုလ်ချုပ် အောင်ဆန်းက ရေးသားခဲ့သည်။

လောကဝိဟာ အမည်ရ ဆောင်းပါး

၁၉၃၇ ခုနှစ် စက်တင်ဘာလထုတ် မျိုးညွန့်မဂ္ဂဇင်းတွင် ရေးသားထားသော လောကဝိဟာ အမည်ရ ဆောင်းပါး၌ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက အကြောင်းများနှင့် လူများစတင်ပေါ်လာပြီး လူရိုင်းခေတ်မှ လူယဉ်ကျေးခေတ်သို့ ရောက်လာပုံ၊ အစိုးရပေါ်လာပုံ၊ မင်းကျင့်တရားဆယ်ပါးနှင့်သင်္ဂဟတရားလေးပါးပေါ်လာပုံကို ဖော်ပြသည်။ ထို့နောက် မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ၊ မီးသင်္ဘောနှင့် လျှပ်စစ်ခေတ်သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲပုံများ။ အရင်းရှင်နယ်ချဲ့စနစ်ကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်ကာ ဆုံးရှုံးနစ်နာပုံ၊ ကမ္ဘာ့ပြဿနာများအတွက် ဘာသာတရားတို့၏ အဆုံးအမများလည်း အသီးသီးရှိပုံ၊ မည်သို့ ဆိုစေ လောကဝိဟာတည်းဟူသော သတ္တလောက၊ သင်္ခါရလောကနှင့် ဩကာသလောကတို့မှ လေ့လာရရှိသော ပညာသည်သာ ပညာစစ်ဖြစ်၍ လောကတည်းဟူသော တက္ကသိုလ်ကြီးအကြောင်း လေ့လာရန်မှာ လောကဝတ္တရားဖြစ်ကြောင်း ရေးသားထားသည်။ ပညာစစ်၏ သဘောနှင့်ပတ်သက်၍ သူ၏ခံယူချက်ကို တင်ပြထားသည့်ဆောင်းပါးလည်းဖြစ်သည်။

ကျောင်းသားဝတ္တရားဆောင်းပါး

ကျောင်းသားဝတ္တရားဆောင်းပါးကိုမူ ၁၉၃၇ ခုနှစ် နိုဝင်ဘာ ၂၇ရက်ထုတ် မန္တလေးသူရိယ(အမျိုးသားနေ့အထူးစာစောင်)တွင် တွေ့ရ၏။ထိုဆောင်းပါး၌ လူတိုင်းတွင် လူမှန်းသိစ အချိန်မှစ၍ သေသည်အထိ တာဝန်ဝတ္တရားကိုယ်စီရှိကြောင်း၊ ထို့အတူ ကျောင်းသားတွင်လည်း ကျောင်းသားဝတ္တရားရှိကြောင်း၊ သို့သော် အတန်းစာ ကျက်မှတ်၍ စာမေးပွဲအောင်ရုံမျှနှင့် ကျောင်းသားဝတ္တရား ကျေပွန်သည်မဟုတ် လောကရေး၊ ဓမ္မရေးနှင့် ပြဿနာအရပ်ရပ်တို့ကို စိစစ်ဝေဖန်ဖြေရှင်းတတ်သော ပညာမျိုးရအောင် ဆည်းပူးကြရမည်။ ယနေ့ကျောင်းသားလူငယ်များသည် နက်ဖြန်ပြည်ကြီးသားများ ဖြစ်ကြ၏။ အနာဂတ် မြန်မာနိုင်ငံကိုဖန်တီးမည့် ကျောင်းသားများသည် မိမိတို့တာဝန်ဝတ္တရားများကို စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် လုပ်ကိုင်ရေးမှာ မျိုးချစ်စိတ်ရှိသော ကျောင်းသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်ဟု နိဂုံးချုပ်ရေးသားထားသည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ကျောင်းသားများ ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ထားသည့် ဆောင်းပါးဖြစ်သည်။

စာမျက်နှာ ၇ သို့ ✶

ကျောင်းသားဝတ္တရားဆောင်းပါး၌ ကျောင်းသားတွင်လည်း ကျောင်းသားဝတ္တရားရှိကြောင်း၊ သို့သော် အတန်းစာကျက်မှတ်၍ စာမေးပွဲအောင်ရုံမျှနှင့် ကျောင်းသားဝတ္တရား ကျေပွန်သည်မဟုတ် လောကရေး၊ ဓမ္မရေးနှင့် ပြဿနာအရပ်ရပ်တို့ကို စိစစ်ဝေဖန်ဖြေရှင်းတတ်သော ပညာမျိုးရအောင် ဆည်းပူးကြရမည်။ ယနေ့ကျောင်းသားလူငယ်များသည် နက်ဖြန်ပြည်ကြီးသားများ ဖြစ်ကြ၏။ အနာဂတ် မြန်မာနိုင်ငံကို ဖန်တီးမည့် ကျောင်းသားများသည် မိမိတို့တာဝန်ဝတ္တရားများကို စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် လုပ်ကိုင်ရေးမှာ မျိုးချစ်စိတ်ရှိသော ကျောင်းသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်ဟု နိဂုံးချုပ်ရေးသားထား။

✶ စာမျက်နှာ ၆ မှ

သခင်အောင်ဆန်း ကလောင်အမည်ဖြင့်ရေးသားခဲ့သည့် ဆောင်းပါးမှာ ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ဒဂုန် မဂ္ဂဇင်းတွင် ရေးသားခဲ့သော နိုင်ငံရေးအမျိုးမျိုး ဆောင်းပါးဖြစ်သည်။ ပြည်ထဲအရေး ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ် ဆိုသော ဥပမာဖြင့် နိုင်ငံရေး၏ ခက်ခဲနက်နဲသော၊ ကျယ်ဝန်းသော၊ သိမ်မွေ့သော အဓိပ္ပာယ်များဆောင်ပုံ၊ ဗမာပြည်၏ နိုင်ငံရေးရာဇဝင်ကို ပြန်ပြောင်းကြည့်ပါက အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ ဗမာပြည်သည် ဗမာများအဖို့၊ ဟုမ္မရူး၊ အင်ဒီပင်းဒင့်၊ ဘုံဝါဒ၊ ဝံသာနု၊ ဆင်းရဲသား စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံးပင်ဟု မြန်မာ့နိုင်ငံရေးသဘောကို ရေးသား၏။ ထို့နောက် လူငယ်လူရွယ်နှင့် လူကြီးပိုင်းတို့၏ နိုင်ငံရေးသဘောထားအမျိုးမျိုးကို သုံးသပ်ဖော်ပြလျက် နိုင်ငံရေးတွင်လည်း အကြောင်းအကျိုးနှစ်ပါးကို အမှီပြု၍ တွေးမှ ကြံမှ လုပ်မှ ကိုင်မှ ပြောမှ ဆိုမှ ဖြစ်ပေမည်၊ အောင်မြင်ပေမည်ဟု သူ့အယူအဆကို တင်ပြထားသည်။ ထပ်မံ၍ နိုင်ငံရေးစတင်ပေါ်ပေါက်လာပုံ၊ အစိုးရစတင်ပေါ်ပေါက်လာပုံ၊ ရာဇဝင်ဆိုသည့် စကား အဓိပ္ပာယ်တို့ကိုလည်း ရေးသား၏။ ထိုဆောင်းပါးတွင် "မိမိကိုယ်ကိုယ် နာမည်ကြီးအောင်၊ ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏။"ဆိုသော ဗိုလ်ချုပ်အောင်ဆန်း၏ ခံယူချက်မှာ မှတ်သားစရာပင်ဖြစ်၏။

ဗိုလ်ချုပ်နှင့်စာပေအမည်ရှိ ဆောင်းပါး

သခင်အောင်ဆန်းအမည်ဖြင့် နောက်ထပ်ရေးသားသော စာပေလက်ရာတစ်ပုဒ်မှာ ကမ္ဘာစစ်နှင့်ဗမာ ဖြစ်သည်။ ခနရှင်နယ်ချဲ့စနစ်ကြောင့် စစ်ဖြစ်ရပုံကို တင်ပြပြီး ဗမာ့လွတ်လပ်ရေးအတွက် အခါကလက်နက်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် လူတန်းစားအားလုံး စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်ဟုလည်းကောင်း၊ နယ်ချဲ့အန္တရာယ်နှင့်ပရိယာယ်ကို သတိပြုရန်နှင့် လွတ်လပ်ရေးအတွက် အောင်စိတ်မွေးကြရန်ဟုလည်းကောင်း နှိုးဆော်ရေးသားထားလေသည်။ ၁၉၄၉ ခုနှစ်ထုတ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်နှင့်စာပေအမည်ရှိ ဆောင်းပါးမှာမူ မူလက ပုံနှိပ်ဖော်ပြခြင်းရှိ၊ မရှိ မသိရသလို မူလရေးစဉ်က ဆောင်းပါးအမည်ကိုလည်း မသိရပေ။ ထိုဆောင်းပါးတွင် စာပေသဘော တရားနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ခံယူချက်ကို ဖော်ပြထားသည်။ စာပေသဘောတရားနှင့်ပတ်သက်၍ မိမိရေးလိုက်သည့် စာသည် အမြဲတမ်းရှင်သန်နေရမည်၊ အဖျက်သဘောမပါဘဲ အဖြစ်သဘောနှင့် အပြုသဘောပါစေရမည်၊ ခေတ်မီ၍ ပြုပြင်ဖန်တီးခြင်း သဘောပါစေရမည်၊ ရှိရင်းစွဲအရာတစ်ခုကို ပျက်မသွားစေဘဲ၊ ညံ့မသွားစေဘဲ ပို၍ကောင်းမွန်လာစေရမည်၊ ခေတ်အလိုက် လူ့လောကတိုးတက်ရေးကို အားပေးသည့်စာပေမျိုး ဖြစ်စေရမည်၊ စာဖတ်ပရိသတ်အားလုံး တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးပွားစေမည့် စာပေမျိုး ဖြစ်ရမည်ဟု တင်ပြထားသည်။ ထို့နောက် မြန်မာစာပေသည် ကမ္ဘာ့အဆင့်အတန်းမီသည့် စာပေမျိုးဖြစ်ရမည့်အကြောင်း၊ နိုင်ငံအကျိုးပြုစာပေများရေးသားကြရင်း လွတ်လပ်ပြီး ခေတ်မီတိုးတက်သည့် မြန်မာနိုင်ငံကြီးပေါ်ထွန်းလာရေးအတွက် စည်းစည်းလုံးလုံးဖြင့် အလုပ်လုပ်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားထား၏။

ကိုယ်ရေးအတ္ထုပ္ပတ္တိ

ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများအနက် မြန်မာဘာသာဖြင့်ရေးသားထားသော ကိုယ်ရေးအတ္ထုပ္ပတ္တိစာမူမှာ ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားသည်မှစ၍ တက္ကသိုလ်ကျောင်းသားဘဝအထိဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းအကြောင်းဖြစ်သည်။ သူ့အတ္ထုပ္ပတ္တိတွင် ဇာတိ နတ်မောက်မြို့တည်နေရာနှင့် ရေမြေတောတောင်သဘာဝ၊ ငယ်စဉ်ကလေးဘဝစိတ်နေစိတ်ထား၊ အကျင့်စရိုက်၊ ဝါသနာနှင့်အတွေးအခေါ်များ၊ သူ့မိဘဘိုးဘွားများအကြောင်းသာမက ကိုလိုနီခေတ် နတ်မောက်သားများ၏ လူမှုစီးပွားရေးဘဝတစေ့တစောင်းပါမကျန် ထည့်သွင်းရေးသားထားသည်။ ပညာ၊ သမာဓိ၊ အယူဝါဒပြောင်းလဲခြင်း စသည်တို့နှင့် ပတ်သက်၍ သူ့အယူအဆနှင့် တွေးခေါ်မြော်မြင်ပုံများကိုလည်း ထည့်သွင်းရေးသားထား၏။ ထို့ကြောင့် သူ၏ အတွေးအခေါ် နက်နဲစူးရှထက်မြက်ပုံ၊ ဆင်ခြင်တုံတရား လက်ကိုင်ထားတတ်ပုံနှင့် လွတ်လပ်စွာ တွေးခေါ်မြော်မြင်မှုတွင် သူ့အားသန်ပုံများကို သိရှိရ၏။

ဂျပန်ခေတ်အတွင်း လွတ်လပ်ရေးကြေညာသည့် ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက် အထူးထုတ် ဗမာ့ခေတ်သတင်းစာတွင် ရေးသားထားသည့် ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ ဆောင်းပါး၌ တို့ဗမာအစည်းအရုံးဝင်ပြီး သခင်ဖြစ်လာသည့် အချိန်မှစ၍ ဂျပန်ခေတ်အထိ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအကြောင်း ရေးသားထားသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ဘဝနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသည် ခွဲခြား၍မရသည့် သဘောကို ထိုဆောင်းပါးက မီးမောင်းထိုး ဖော်ပြနေ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိဟုလည်း ဆိုနိုင်၏။ နိုင်ငံလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ စွန့်စားခန်းများအကြောင်းလည်း ဖြစ်သည်။ လွတ်လပ်ရေးအတွက် အကူအညီရှာရန် ပြည်ပထွက်ခဲ့ရသည်မှာ မည်မျှ သက်စွန့်ဆံဖျားဖြစ်ခဲ့ရပုံကို တွေ့မြင်နိုင်၏။ ထိုဆောင်းပါးတွင် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ကြိုးပမ်းဆောင်ရွက်ချက်များ ပါဝင်နေသဖြင့် သမိုင်းမှတ်တမ်းတစ်ခု ဖြစ်ရုံသာမက နိုင်ငံနှင့် လူမျိုးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ စေတနာနှင့် အနစ်နာခံခဲ့ပုံများကိုလည်း သိရှိရသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိစာမူနှင့် ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ ဆောင်းပါးကို ဖတ်ရှုခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထား၊ စရိုက်၊ ဝါသနာ၊ အတွေးအခေါ်နှင့် လွတ်လပ်ရေးအတွက် ဆောင်ရွက်ချက်များပါသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံလွှာသည် ပေါ်လွင်ထင်ရှားလာလေသည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ခဲ့သည်မှာ နိုင်ငံလွတ်လပ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ကြီးပွားတိုးတက်ရေးတို့အတွက်ဖြစ်သည်။ သူရေးသားခဲ့သည့် စာပေများမှာလည်း နိုင်ငံလွတ်လပ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ကြီးပွားတိုးတက်ရေးတို့အတွက်ပင်ဖြစ်သည်။ ထိုသုံးချက်သည် သူ့စာပေလက်ရာများတွင် အထင်းသားပေါ်လွင်နေ၏။ ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သော စာပေလက်ရာများကို ဖတ်ရှုလေ့လာခြင်းဖြင့် သူ၏ဆန္ဒအတိုင်း လွတ်လပ်ရေးကို မြတ်နိုးလိုစိတ်၊ မျိုးချစ်စိတ်ဓာတ်တိုးပွားအောင် ဖန်တီးလိုစိတ်၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းလိုစိတ်၊ နိုင်ငံတော်ကြီး တိုးတက်ခေတ်မီအောင် ဆောင်ရွက်လိုစိတ်များ ပွားများလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာသော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် စွမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ ။

ကျမ်းကိုး- (မြဟန်-ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ)

အာဇာနည်သို့ ဦးညွှတ်ခြင်း

✶ အကြောင်းဟုတ်၊မဟုတ်. . .ထိုအလုပ်ကို
ဗိုလ်ချုပ်ကောင်းစွာ သိပါသည်။

✶ လက်ရုံးရည်မှာ ထူးကဲပါ၏
သာမန်တို့ထက်သာလွန်သည်။

✶ နှလုံးရည်မှာ...သာလွန်ပါ၏
သာမန်တို့ထက်ထူးကဲသည်။

✶ သာမန်တို့ထက်...သာ၊ ကဲ,လျက်လည်း
မမက်ကိုယ်ကျိုး...'ပြည့်' အကျိုးသာ
သယ်ပိုးဆောင်ရွက်...နေ့ည ဆက်တွင်. . .
အသက်စွန့်ရ၊ စွန့်ရ...ရိုးသားလှဖြင့်
မြန်မာ့ရေ့ရေး...အစဉ်အေးရန်
ဆွေးနွေးတိုင်ပင် ... ညှိနှိုင်းချိန်...

✶ အာဏာမက်မော..."ဂဠုန်စော"က
တွေးတော"ဗလာ"..."ပင်,အကာ"သို့...
"အာဏာ"ယူရန်..."ဆိုးညစ်ဉာဏ်"ဖြင့်
"လုပ်ကြံမှုကြီး" ..."သူ...ဦးစီး"...ကြောင့်
"ဖြုတ်ခနဲ"ဖြင့်...ငွေကြယ်ပွင့်
"လွင့်" ရပြီကော...လွင့်ပြီကော...

✶ ဒို့-ဗိုလ်ချုပ်ကို
မမှန်မလုပ်...မှန်လျှင်လုပ်သည့်
ဗိုလ်ချုပ်အောင်ဆန်း...ဦးအောင်ဆန်းဟု
တမ်းတမ်းတတ...ဖြစ်ခဲ့ကြလည်း...

✶ နယ်ချဲ့၏ရန်...ဖက်ဆစ်ရန်ကို
တော်လှန်တိုက်ထုတ်...မောင်းထုတ်သူ၊

✶ မမှန်မပြော...မှန်လျှင်ပြော၍
ဟောဟောဒိုင်းဒိုင်း...ပြောရဲသူ

✶ နေ့ညမအား...ခရီးသွားကာ
ကြိုးစားပမ်းစား...ဆောင်ရွက်သူ၊

✶ ခေါင်းဆောင်ဖြစ်လည်း...လွန်ဆင်းရဲ၏
မွဲမွဲတေတေ...နေနိုင်သူ၊

✶ အများအကျိုး...ရွက်သယ်ပိုးစဉ်
ကိုယ်ကျိုးလုံးဝ...မကြည့်သူ၊
ရှေ့လမ်းစဉ်သည်...ဒီ,ဖက်,ပြည်,...သို့
တူညီချီစေ...လမ်းပြနေစဉ်
လှေ့လှော်ခါစ...တက်ကျိုးရှာ...။

✶ ဗိုလ်ချုပ်အဖြစ်...ရေတိမ်နစ်လည်း...
ချစ်သောတိုင်းပြည်...မြန်မာပြည်က
ဇာနည် "အောင်ဆန်း"..."ဗိုလ်အောင်ဆန်း"
"အောင်ဆန်း" ဇာနည်..."အာဇာနည်"...ဟု
ညီညီညာညာ...ဂုဏ်ပြုပါသည်
အာဇာနည့်ဂုဏ်...ပြည့်စုံ၍။

✶ ထိုမျှမက...ထူးကဲစွ,တည့်
မြန်မာ့သားကောင်း...မြေတွင်းလျှောင်းမှာ
နှစ်ပေါင်း(၇၃)...တိုင်ခဲ့လည်း...

✶ "မြန်မာ့ဇာနည်"..."အာဇာနည်"၏
"အာဇာနည့်ဂုဏ်"..."ကျေးဇူးစုံ"က
မကြုံစဖူး...ကဲ,လွန်,ထူး,မို့
ဦးညွှတ်ညီညာ...ညှိုးငယ်စွာပေ
အာဇာနည်နေ့...ရောက်လေတိုင်း။

မှတ်ချက်။ ။ ဒီ=ဒီမိုကရေစီ၊ ဖက်=ဖက်ဒရယ်၊
ပြည်=ပြည်ထောင်စု

ဦးရဲဆွေ(ကြံခင်း)

(၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရစာအုပ် ပြည်သူများသို့ ဖြန့်ဝေပေး

ကျောင်းကုန်း ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရစာအုပ်အား ယနေ့နံနက် ၁၀ နာရီက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသို့ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ (၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့ (၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့) မှ အဖြစ်အပျက်များ၊ အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိ သမိုင်းအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက် စသည်တို့ ပါဝင်သည့်အပြင် မင်းသုဝဏ်၏ ဗိုလ်ချုပ်အောင်ဆန်း အတိတ်နှင့် ပစ္စုပ္ပန်ကဗျာကိုလည်း စာအုပ်နောက်ကျောဖုံးမှာ ဖော်ပြထားကြောင်း သိရသည်။

လွတ်လပ်ရေး၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကိုးဦးအား ယနေ့ခေတ်လူငယ်များ အတုယူအားကျစေရန်နှင့် ကြိုးစားချင်စိတ်ဖြစ်စေရန်၊ တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော အာဇာနည်စိတ်ဓာတ် ကိန်းဝပ်စေရန် ရည်ရွယ်၍ အမှတ်တရစာအုပ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်၌ (၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များ ဖြန့်ဝေ

ဝမ်းတွင်း ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့ထုတ်ဝေဖြန့်ချီသော (၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများက ယမန်နေ့ မွန်းလွဲပိုင်းမှစတင်ကာ မြို့နယ်ဌာနဆိုင်ရာများ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ဖြန့်ဝေးပေးခဲ့ကြသည်။

အဆိုပါ ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေသော(၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရစာအုပ်တွင် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့အကြောင်း၊ အာဇာနည်ကိုးဦးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ သခင်မြ၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့၏ သမိုင်းအကျဉ်းများ၊ အာဇာနည်ခေါင်းဆောင်များကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နုမိန့်ခွန်း၊ ဇော်ဂျီ၏ ပြောလိုက်ပါဘိ ဟောပါဘိ၊ တင်မိုး၏ အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့၊ ဒဂုန်တာရာ၏ ဘဝပုံသဏ္ဌာန်၊ ပထမအရွယ် စသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

ဒွေးလှိုင်
(ဝမ်းတွင်း)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် ဂုဏ်ပြုလွှာများပေးအပ်

စစ်တွေ ဇူလိုင် ၁၈

ရခိုင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့၌ ဆောင်ရွက်သည်။

ပါဝင်ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ တိုင်းရင်းဆေးရုံ၌ ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ဖွင့်လှစ်ထားရှိသောနေရာသို့ရောက်ရှိပြီး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် ဂုဏ်ပြုလွှာများကို ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံပေးအပ်ကာ ရင်ထိုးတံဆိပ်များ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တစ်ဦးနှင့် ပရဟိတအဖွဲ့ ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။ ထို့ပြင် ကန့်သတ်စောင့်ကြည့်စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင် ၁၄ ဦး၊ အသက် ငါးနှစ်အောက်ကလေး ၆၇ ဦး၊ အသက် ၆၀ နှင့်အထက် ဘိုးဘွား ၆၀ တို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၂၃၀၀၀၀ ကိုပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်သည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ယနေ့ စစ်တွေမြို့၌ ပေးအပ်သော စေတနာ့ဝန်ထမ်း ၃၆၄ ဦး၊ ပရဟိတအဖွဲ့ ၃၇ ဖွဲ့တို့အတွက် ဂုဏ်ပြုလွှာများကို ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ယနေ့ ရခိုင်ပြည်နယ်အတွင်း ဂုဏ်ပြုလွှာများပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန်ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မိုးယွန်းကြီးအင်း(ဘေးမဲ့တော)အတွင်း ငါးဖယ်အောင်း ငါးမျိုးစိုက်ထည့်

ပဲခူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း (ဘေးမဲ့တော)အတွင်း တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးဖယ်အောင်းငါးကောင်ရေ ၁၀၀၀၀၀ မျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းနှင့်ဝန်ထမ်းများ၊ ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့် ဝန်ထမ်းများ၊ သနပ်ပင် ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေးလုပ်ငန်းများ ဆောင်ရွက်

ထီးချိုင့် ဇူလိုင် ၁၈

ထီးချိုင့်မြို့နယ် မြတောင်ရွာ၌ အင်းရေပြင်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေး၊ ငါးရစ် ငါးသန်ကာလ ငါးမဖမ်းဆီးရေး၊ တားမြစ်ငါးဖမ်းနည်းစနစ်၊ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်း မဆောင်ရွက်ကြရေး ပညာပေးဟောပြောစည်းရုံးရေးကို ငါးလုပ်ငန်းဦးစီးဌာန၊ WCS အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဦးစီးဌာနရုံးများမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

ပညာပေး

ထို့ပြင်ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုန်အတွင်းရှိ ကျေးရွာများ၌ တာဝန်ရှိသူများက ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

"ဖော"ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းနှင့် မိုးစပါးပေါင်စနစ်ဖြင့် ပျိုးထောင်နည်းလက်တွေ့ပြသပွဲများ ကျင်းပ

တောင်ကြီး ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့မကျေးရွာအုပ်စု ကွမ်းဘုံကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းကြီးများအတွက် သဘာဝမြေသြဇာ ထောက်ပံ့ပေးအပ်ခြင်း၊ "ဖော"ငမြှောင်တောင် (FAW)ကာကွယ်နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် မိုးစပါးပေါင်စနစ်(Raised Bed)ဖြင့် ပျိုးထောင်နည်း လက်တွေ့သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကွမ်းဘုံ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကားပြောကြားပြီး ကွမ်းဘုံဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ စံပြစိုက်ခင်းကြီးများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တောင်သူ ၁၄ ဦး၏ စံပြစိုက်ခင်း ဧက ၁၀၀ ရွှေတောင်တန်း သဘာဝအော်ဂဲနစ်ကြက်ချေးမြေသြဇာ တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် ဧက ၁၀၀ အတွက် အိတ် ၁၀၀၊ တောင်ကြီး မြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်တောင်သူများအတွက် "ဖော" ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန် ဧက ၅၀၀ စာအတွက် အလန်းပိုးသတ်ဆေး ၁၈၅ ထုပ်၊ ဆိုင်ကလုံးပိုးသတ်ဆေးဘူး ၁၅၀၊ တမာပိုးသတ်ဆေး ၁၂ ဘူး၊ ဖီရိုမုန်း ထောင်ချောက် အခု ၄၀၊ ဟော်မုန်းထုတ် ၈၀ တို့အား တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး ခေတ်မီသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် မိုးစပါးပျိုးထောင်ပွဲဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

ထို့အတူ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှု(CERP) အစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းကြီးများအတွက် သဘာဝမြေသြဇာထောက်ပံ့ပေးအပ်ခြင်း၊ "ဖော"ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် မိုးစပါးမျိုး စပါးမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ၌ ကျင်းပသည်။

ယင်းနောက် ကျော့မောင်ငယ်ကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာရှိ မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းကြီးများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တောင်သူ ၁၂ ဦး စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ် ဧက ၅၀ အတွက် အော်ဂါဝေါလ်သဘာဝမြေသြဇာ တစ်ဧကလျှင် နှစ်အိတ်နှုန်းဖြင့် ဧက ၅၀ အတွက် အိတ် ၁၀၀၊ ညောင်ရွှေမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်တောင်သူများအတွက် "ဖော" ငမြှောင်တောင်ကာကွယ်နှိမ်နင်းရန် ဧက ၁၀၀ စာအတွက် အလန်းပိုးသတ်ဆေး ၁၈၅ ထုပ်၊ ဆိုင်ကလုံးပိုးသတ်ဆေးဘူး ၁၅၀၊ တမာပိုးသတ်ဆေး ၁၂ ဘူး၊ ဖီရိုမုန်းထောင်ချောက် အခု ၄၀ တို့အား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးဇော်ဝမ်းနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အာဇာနည်နေ့မှစတင်၍ ရန်ကုန်-ပြည် အစုန်/အဆန်ရထား၌ အထက်တန်းတွဲများ ချိတ်ဆက်ပြေးဆွဲမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာ့မီးရထားက ကိုရီးယားနိုင်ငံမှရောက်ရှိလာသော အထက်တန်းတွဲများအား ခရီးဝေးရထားတွဲဆိုင်းများ၌ ထပ်မံဖြည့်တင်း၍ ချိတ်ဆက်ပြေးဆွဲပေးလျက်ရှိရာ ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)မှစတင်ပြီး ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲနေသည့် အမှတ်(၇၁)အဆန်၊အမှတ်(၇၂)အစုန် ရထားတွဲဆိုင်းတွင် အထက်တန်းတွဲများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရထားတွဲဆိုင်းအား ယခင်က ရိုးရိုးတန်း ရထားတွဲ ၁၂ တွဲဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး အာဇာနည်နေ့ ပြေးဆွဲမည့်ခရီးစဉ်မှစတင်၍ နေ့စဉ် အထက်တန်းတွဲ နှစ်တွဲကို ထပ်မံချိတ်ဆက်ပြေးဆွဲပေးမည်ဖြစ်ရာ ရိုးရိုးတန်း ၁၂ တွဲ၊ အထက်တန်း နှစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲတို့ဖြင့် စုစုပေါင်း ၁၅ တွဲ ပါဝင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၉ ရက်မှစတင်၍ ရန်ကုန်-မန္တလေး လမ်းပိုင်း၌ ပြေးဆွဲနေသည့် အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန် ရထားတွဲဆိုင်းတွင်လည်း အထက်တန်းတွဲ လေးတွဲ ထပ်တိုး၍ ချိတ်ဆက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ပွင့်သစ္စာ

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မြေလမ်း(၁၂/၅)မိုင်၊ ကျောက်လမ်း(၄၃/၁)မိုင်၊ ကတ္တရာလမ်း (၁/၀)မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း(၄/၂)မိုင်၊ တံတား ၂၁ စင်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၁၇ ရက်အထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘို-ကဒိုင်ဒွတ်-မိုးဘောလမ်း(၃/၅)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ ပေ ၂၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် လမ်းအရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိကို လည်းကောင်း၊ သထုံမြို့နယ် အင်တော-အထက်နောင်ကတုတ်လမ်း (၄/၀)မိုင် ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ကွန်ကရစ်တံတား ပေ ၁၀၀ တစ်စင်းနှင့် ပေ ၆၀ တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းအား လည်းကောင်း၊ မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ရေးမြို့နယ် ပလိုင်သိမ်-နီးနူး-သာဂရမ်-အံဒင် ကျေးရွာချင်းဆက်လမ်း (၃/၀)မိုင်အနက် (၁/၀)မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများကိုလည်း လမ်းရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ငွေကြယ်

မကွေးတိုင်းဒေသကြီး၌ မိုးသီးနှံ ဧက ၃၁ သိန်းကျော် လျာထားစိုက်ပျိုး

မကွေး ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်ငါးခု၊ မြို့နယ်(၂၅)မြို့နယ်ရှိ လယ်ယာမြေများ၌ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ပဲ၊ နှမ်း ၊ စပါး နှင့် အခြားသီးနှံ ဧကပေါင်း ၃၁ သိန်းကျော် ပြည့်မီရန် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၃၄၄၇၅ ဧက၊ အစေ့ထုတ်ပြောင်း ၂၀၉၆၂ ဧက၊ မြေပဲ ဧက ၄၈၉၃၉၀၊ နှမ်း ဧက ၁၁၁၃၁၃၀၊ နေကြာ ဧက ၁၃၀၇၀၊ ပဲတီစိမ်း ၄၇၅၄၈၈ ဧက၊ ပဲစဉ်းငုံ ၁၈၄၄၄၉ ဧက၊ ဝါ ၁၉၂၂၆၁ ဧက၊ ကြံ ၁၅၀၀၈ ဧက တို့ကို လျာထားစိုက်ပျိုးနေခြင်းဖြစ်သည်။

"မကွေးတိုင်းမှာက နှမ်းအစိုက်များတယ်။ မိုးနှမ်းဧက ၁၁ သိန်းကျော်ရှိပါတယ်။ သူ့နောက်မှာတော့ မိုးစပါးနဲ့ ပဲအမျိုးအစားတွေဖြစ်တဲ့ မြေပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံတွေ အစိုက်များပါတယ်။ ဌာနအနေနဲ့ကတော့ တောင်သူတွေနဲ့ တွေ့ဆုံပြီး မိုးရွာသွန်းတဲ့ ပုံစံပြောင်းလာတဲ့အပေါ် သီးနှံတွေကို သက်တမ်းရွေးပြီးစိုက်ကြဖို့ ဆွေးနွေးနေတာတွေ လုပ်နေပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ပြောသည်။

သီးနှံမစိုက်ပျိုးမီ စိုက်ပျိုးမြေများအား ဓာတ်ခွဲနမူနာပေးပို့စမ်းသပ်၍ မြေဩဇာ စနစ်တကျအသုံးပြုရန်၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်လျှင် ကာကွယ်နှိမ်နင်းရန်၊ ရိတ်သိမ်းချိန်လွန် ကာလတွင် သီးနှံများ စနစ်တကျထိန်းသိမ်းရန် စသည့် တောင်သူအသိပညာပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်ဟု မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်မင်းက ပြောပြသည်။

မကွေးတိုင်းဒေသကြီး၏ မိုးသီးနှံစိုက်ပျိုးပြီးစီးမှုရာခိုင်နှုန်းမှာ မိုးစပါး ၂ ဒသမ ၅ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ၇၆ ဒသမ ၅၇ ရာခိုင်နှုန်း၊ မြေပဲ ၄၇ ဒသမ ၂၉ ရာခိုင်နှုန်း၊ နှမ်း ၉၂ ဒသမ ၄၃ ရာခိုင်နှုန်း၊ နေကြာ ၁၈ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၃၃ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပဲစဉ်းငုံ ၈၅ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဝါ ၄ ဒသမ ၃၆ ရာခိုင်နှုန်းနှင့် လျာထားချက်ထက်ပိုစိုက်သည့် ကြံသီးနှံမှာ ၁၀၉ ဒသမ ၂၀ ရာခိုင်နှုန်းတို့ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

ဇေယျာတု(မကွေး)

✻ ရှေ့ဖုံးမှ

တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး တံတားသစ်တည်ဆောက်ရန်အတွက် ခန့်မှန်းတန်ဖိုး ငွေကျပ်သန်းပေါင်း ၇၅၀၀၀ အကုန်ကျခံ တည်ဆောက်မည်ဟု လျာထားကြောင်း သိရသည်။ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တည်ဆောက်ရေးအဖွဲ့(၃)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၂၀ ကျော်နှင့် ကာယဉာဏလုပ်သား ၂၀၀ ကျော်တို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေကြောင်း တံတားသစ်တည်ဆောက်ရေးစီမံကိန်း တာဝန်ခံဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးအောင်က ပြောသည်။

ရောဝတီတံတား(သရက်-အောင်လံ)၏အရှည်မှာ စုစုပေါင်း ၂၂၇၂ ဒသမ ၅ မီတာရှိမည်ဖြစ်ပြီး ပင်မတံတား၏အရှည်မှာ ၁၇၃၂ ဒသမ ၅ မီတာရှိမည်ဖြစ်ကာ အရှည် ၁၄၄ မီတာစီပါဝင်သော ခန်းဖွင့် ၁၂ ခန်းဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ သရက်မြို့ဘက်ကမ်း၌ အရှည်မီတာ ၃၀၀ ရှိသော ချဉ်းကပ်တံတားအား မီတာ ၃၀ စီပါဝင်သော ခန်းဖွင့် ၁၀ ခန်းဖြင့် တည်ဆောက်မည်ဖြစ်ပြီး အောင်လံမြို့ဘက်ကမ်း၌ အရှည်မီတာ ၂၄၀ ရှိသော ချဉ်းကပ်တံတားအား မီတာ ၃၀ စီပါဝင်သော ခန်းဖွင့် ရှစ်ခန်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပင်မတံတားမှာ သံပေါင်ခုံးတံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအား သံကူကွန်ကရစ်ဖြင့်တည်ဆောက်မည်ဖြစ်ကာ ရေလည်တိုင်အုတ်မြစ်များအား သံကူကွန်ကရစ် ဘိုးပိုင်ဖြင့်တည်ဆောက်မည်ဖြစ်သည်။ တံတားအကျယ် ၁၀ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၁ မီတာစီပါဝင်မည်ဖြစ်ပြီး ရေလမ်းကင်းလွတ် အကျယ် ၁၃၀ မီတာနှင့် အမြင့် ၁၆ မီတာ ရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းအား တာဝန်ယူဆောင်ရွက်နေသည့် တည်ဆောက်ရေးအဖွဲ့(၃)မှ သိရသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး၌ ရောဝတီတံတား(ပခုက္ကူ)၊ ရောဝတီတံတား(မကွေး)၊ ရောဝတီတံတား(မလွန်)နှင့် အနော်ရထာတံတားတို့ဖြင့် တံတား လေးစင်းအား တည်ဆောက်ပြီးဖြစ်ရာ ယခုတည်ဆောက်နေသည့် ရောဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ပြီးစီးပါက မကွေးတိုင်းဒေသကြီးအတွင်း ငါးစင်းမြောက်တံတားဖြစ်လာမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်

ဆားလင်းကြီးမြို့၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါး မျိုးစေ့ထုတ်နည်းပညာပေးသင်တန်း ဖွင့်လှစ်

ဆားလင်းကြီး ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးစပါး မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ထုတ်နည်းပညာပေးသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆားလင်းကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဇင်အောင်က မျိုးစေ့ထုတ်နည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်၌ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ထုတ်နည်းပညာကို တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပညာပေးဆွေးနွေးခြင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက ပညာပေးဆွေးနွေးခြင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်ဆန်းတို့က ပညာပေးဆွေးနွေးခဲ့ကြရာ စိုက်ဧက ၁၇၅ ဧကကို မျိုးစေ့ထုတ်ကွက်များ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးမည့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၉၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြကြွယ်ဝင်း(ပြန်/ဆက်)

မိုးနဲမြို့ နောင်ကျော့အင်းနှင့် နောင်အွန်အင်းအတွင်း ရွှေဝါငါးကြင်း သားပေါက် ကောင်ရေ ၇၅၀၀ ငါးမျိုးစိုက်ထည့်

မိုးနဲ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ပြည်သူများ နေ့စဉ်စားသုံးနေသည့် ငါးမျိုးသယံဇာတ ပြန့်ပွားရန်၊ ဒေသအတွင်း ငါးစားသုံးမှု မြင့်မားလာစေရန်နှင့် ငါးမျိုးမပြုန်းတီးစေရန်ရည်ရွယ်၍ အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို မိုးနဲမြို့ နောင်ကျော့အင်းနှင့် နောင်အွန်အင်းတို့၌ ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ရာသို့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်၊ လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးအရာရှိ ဒေါ်သက်စုရည်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနီဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး နောင်ကျော့အင်းနှင့် နောင်အွန်အင်းအတွင်းသို့ ရွှေဝါငါးကြင်း တစ်လက်မအရွယ်ရှိ သားပေါက်ကောင်ရေ ၇၅၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မျိုးညွန့်ရွှေ (ပြန်/ဆက်)

ငါးရစ်ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

ငါန်းဇွန်မြို့နယ်အတွင်း ငါးရစ်ငါးသန်ကာလ ပညာပေးဟောပြောပွဲများဆောင်ရွက်

ငါန်းဇွန် ဇူလိုင် ၁၈

ငါန်းဇွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝေဝေနှင့် ဝန်ထမ်းများသည် ငါန်းဇွန်မြို့နယ်အတွင်း ရောဝတီမြစ်ကြောင်းတစ်လျှောက် ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုများမရှိစေရေးနှင့် ငါးမျိုးပြုန်းတီးစေသည့် ငါးဖမ်းကိရိယာများ ပပျောက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆင်တပ်ကျေးရွာရှိ ရေလုပ်သားများအား ငါးလုပ်ငန်းဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇၃)နှစ်မြောက် အာဇာနည်နေ့ ဆောင်းပါး

ဗိုလ်ချုပ်အောင်ဆန်း မြင်ခဲ့၊ သိခဲ့သော အလုပ်လက်မဲ့ပြဿနာ

စောနိုင်(အသုံးချဘောဂဗေဒ)

စစ်ကြောင့် ပြာပုံအတိဖြစ်ခဲ့ရသော မြန်မာနိုင်ငံကို ပြန်လည်ထူထောင်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ဆွေးနွေး ကွန်ဖရင့်ကျင်းပခဲ့သည့် ဆိုရန်တိုဗီလာ အဆောက်အအုံ(ယခင် ပြည်လမ်း ဟံသာဝတီအဝိုင်း အနီးရှိ စာပေဗိမာန်)။

(၁)

ဘဝတစ်ခုလုံးကို နိုင်ငံ့လွတ်လပ်ရေးအတွက် မြှုပ်နှံထားသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေး၊ နိုင်ငံရေးတို့တွင်သာ အာရုံစူးစိုက်မှုများရှိခဲ့သည်မဟုတ် ၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံပြန်လည်ထူထောင်ရေးကာလအတွင်း ဆောင်ရွက်ရမည့် အရေးကိစ္စများကိုပါ လေ့လာမှုများပြုလုပ်ခဲ့သူဖြစ်သည်ကိုမြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတစ်လျှောက် ဗိုလ်ချုပ်၏ အားထုတ်လုပ်ဆောင်မှုများကသက်သေပြနေပေသည်။ ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် အင်္ဂလိပ်လက်အောက်တွင်ရှိနေသည့် အချိန်ကတည်းက လွတ်လပ်ရေးရပြီးနောက် လုပ်ဆောင်ရမည့် နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းနိုင်ရေးအတွက်ကိုပါ အလေးအနက်ထား၊ စဉ်းစားအဖြေရှာခဲ့လေသည်။

(၂)

အလုပ်လက်မဲ့ဖြစ်မှုသည် စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် အလေးထားဖြေရှင်းရမည့်ကိစ္စဖြစ်သည်ကို ဗိုလ်ချုပ်ကကောင်းစွာသဘောပေါက်ခဲ့၏။ အလုပ်လက်မဲ့ ဖြစ်ပေါ်မှုသည် စီးပွားရေးအဆောက်အအုံအတွင်း၌ တသီးတခြားဖြစ်ပေါ်လာသည့် အခြေအနေတစ်ရပ် မဟုတ်ဘဲ၊ အခြားသော အကြောင်းတရားများစွာနှင့် ဆက်စပ်မှုရှိနေသည်ကိုလည်း သိမြင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် ငွေကြေးဖောင်းပွမှုနှင့်များစွာ ဆက်စပ်ဖြစ်ပေါ်နေသည့် ပြဿနာဖြစ်သည်။

၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ ပြုလုပ်ခဲ့သည့် မြန်မာပြည်ပြန်လည်ထူထောင်ရေး လုပ်ငန်းကွန်ဖရင့်အစည်းအဝေးတွင် ဗိုလ်ချုပ်က နိုင်ငံ့စီးပွားရေးအခြေအနေများကို ဆွေးနွေးနေစဉ် အလုပ်လက်မဲ့ပြဿနာနှင့်ပတ်သက်သည့် မှတ်သားစရာ အမြင်များ၊ ရှုထောင့်များကိုပါ အောက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့လေသည်–

"အလုပ်လက်မဲ့ ပြဿနာနှင့် ပတ်သက်၍ဆိုရလျှင် ယခုလိုစီးပွားရေး၏ အလိုက်အထိုက် အခြေအနေများ အတိုင်းဆိုပါက အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားလိမ့်မည်ဟု ကျွန်တော်တို့မြင်နိုင်ရန် အကြောင်းမရှိ၊ တိုင်းပြည်နှင့် အစိုးရကကူညီရပေလိမ့်မည်။ အလုပ်လက်မဲ့ဖြစ်ခြင်းသည် တိုင်းပြည်အတွက် အကြီးဆုံးကံဆိုးမိုးမှောင်ဖြစ်လျက် စက်မှုလက်မှုလုပ်ငန်းနှင့်တကွ တိုင်းပြည်တွင်းမကောင်းကျိုး ဖြစ်ပေါ်စေတတ်သည်။ အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုကို ယုတ်လျော့စေပြီး ၎င်းတို့၏ နေထိုင်ရေး အဆင့်အတန်းကို ညှိုဖျင်းစေသည်။ အလုပ်လက်မဲ့ပြဿနာသည် အမျိုးသားရေးအတွက် ဂြိုဟ်ဆိုးဖြစ်သည့်အလျောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို စီမံပြုလုပ်ရာ၌ ကျွန်တော်တို့သည် သေချာကျနစွာပြုလုပ်မှသာလျှင် အခြေအနေတိုးတက်လာပြီး အလုပ်လက်မဲ့ ပြဿနာဖြေရှင်းသွားနိုင်လိမ့်မည်။ လူတစ်ဦး တစ်ယောက်အတွက်သော်လည်းကောင်း၊ အိမ်ထောင်စုတွင်ပါဝင်သော သူများအတွက်သော်လည်းကောင်း အလုပ်ရနိုင်စေရန် ကျွန်တော်တို့ နည်းလမ်းများကို ရှာဖွေရပေလိမ့်မည်။

ထိုသို့ပြုလုပ်ရာတွင် ကျွန်တော်တို့သည် အချို့သောသူများကိုအလုပ်မှရပ်စဲရန်လိုလျှင် ရပ်စဲရမည်။ ပြဿနာကိုဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာနိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သောလုပ်ငန်းများကိုသာလက်ထဲ၌အဆင်သင့်ရှိစေရမည်။ ထိုအလုပ်များမှာလည်းလုပ်သားပေါင်းအရေအတွက်ကိုလိုက်၍ မြန်လိုကမြန်နိုင်သော၊ နှေးလိုကနှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်"

(၃)

ဘောဂဗေဒအယူအဆ၊ သီအိုရီများအရ အလုပ်လက်မဲ့အမျိုးအစားများထဲတွင် ယေဘုယျအားဖြင့် ကုန်ကြမ်းရရှိမှု၊ စက်ကိရိယာ၊ နည်းပညာကျွမ်းကျင်မှု စသည့်ရောင်းလိုအားဘက်မှ အခြေအနေ အပြောင်းအလဲများကြောင့်လည်းကောင်း၊ စားသုံးသူတို့၏ အကျင့်၊ ဓလေ့၊ စရိုက်နှင့် စားသုံးမှုစိတ်နေစိတ်ထားစသည့် ဝယ်လိုအားဘက်မှ အပြောင်းအလဲများကြောင့်လည်းကောင်း စီးပွားရေးအဆောက်အအုံဖွဲ့စည်းမှုပြောင်းလဲလာကာ ဖြစ်ပေါ်လာတတ်သည့် အလုပ်လက်မဲ့ (Structural Unemployment)၊ စီးပွားရေးအခြေအနေကျဆင်းမှုကြောင့် ဖြစ်ပေါ်လာသော အလုပ်လက်မဲ့ဖြစ်ပေါ်လာမှုနှင့် လူတစ်ဦးချင်းစီ၏ စိတ်ဆန္ဒအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာတတ်သည့် အလုပ်လက်မဲ့ဟူ၍ရှိသည်။ ထိုအချိန်အခါက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အလုပ်လက်မဲ့အခြေအနေများသည် သီအိုရီက ဖော်ပြထားသော အခြေအနေများအားလုံး အကျုံးဝင်ပေလိမ့်မည်။

ထိုအလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းရာတွင် စီးပွားရေးနည်းလမ်း၊ စီးပွားရေးဗျူဟာများအရ အချက် (၃) ချက် လိုက်နာရန်လိုသည်ဟု ဗိုလ်ချုပ်ကဆိုထားသည်။ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များအရ လူမှန်နေရာမှန်ထားနိုင်ရမည်၊ လုပ်ငန်းခွင်တစ်ခုနှင့် မသင့်လျော်သည့် ဝန်ထမ်းများ(ပိုလျှံဝန်ထမ်းများ)ကို ထိုနေရာမှ ဖယ်ရှား၍ ၎င်းတို့နှင့် သင့်လျော်သည့် လုပ်ငန်းနယ်ပယ်များတွင် ပြောင်းရွှေ့ လုပ်ကိုင်စေနိုင်ရမည်၊ အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများဟုဆိုရမည့် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း တိုင်းပြည်အတွက် သေချာကျသည့်လုပ်ငန်းများမှာ အစိုးရလက်ထဲ၌ အဆင်သင့်ရှိနေရမည်ဟူသော အချက် (၃)ချက်ကိုပါ ထောက်ပြခဲ့ခြင်းဖြစ်ပေသည်။

(၄)

ထိုအချိန်အခါက အဘယ့်ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းနေခဲ့ရသနည်း။ ထိုခေတ်အခါက အုပ်စိုးခဲ့ကြသည့် အင်္ဂလိပ်နှင့် ဂျပန်တို့သည် ၎င်းတို့၏ အကျိုးစီးပွားကို သာကြည့်၍ မညီမျှသော စီးပွားရေးဝန်းကျင်ဖန်တီးလျက် လုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားခြင်း၊ နိုင်ငံသားတို့၏ စီးပွားရေး အခွင့်အလမ်းများကို ပိတ်ပင်၊ ကန့်သတ်ထားခြင်းတို့ကို ပြုလုပ်ထားခဲ့ကြ၏။ ထို့ကြောင့်လည်း ဗိုလ်ချုပ်သည် အလုပ်လက်မဲ့ပြဿနာကို အစိုးရကိုယ်တိုင် ထိထိရောက်ရောက်ကိုင်တွယ်၍ ကူညီရန် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ်ခြင်းကို တိုင်းပြည်အတွက်အကြီးဆုံး ကံဆိုးမိုးမှောင်၊ ဂြိုဟ်ဆိုးဟူ၍ ဆိုးရွားမှုများနှင့် ဥပမာပေးနှိုင်းယှဉ်ပြောဆိုလျက်၊ နိုင်ငံသူနိုင်ငံသားများ အလုပ်အကိုင်များရရှိရေးအတွက် အစိုးရက နည်းလမ်းရှာဖွေကူညီပေးရန်၊ အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုစေမည့် အရေးကြီးသော လုပ်ငန်းကြီးများကို အစိုးရက ဦးစီးလုပ်ကိုင်ရန် မိန့်မှာခဲ့လေသည်။

(၅)

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ အချိန်ကာလအားဖြင့်(၇၃)နှစ်ပင်ကြာမြင့်ခဲ့လေပြီ။ "သေသောသူ ကြာလျှင်မေ့" စကားရှိသော်လည်း မြန်မာပြည်သူ ပြည်သားတို့အနေဖြင့် ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ယနေ့တိုင် မမေ့နိုင်၊ ဗိုလ်ချုပ်၏ စွန့်လွှတ်အနစ်အနာခံတတ်သည့် စိတ်ဓာတ်နှင့် လုပ်ရပ်များကိုလည်း သတိရဆဲ၊ အမှတ်ရနေဆဲ၊ ပြောဆိုမိန့်မှာချက်များကိုလည်း ယနေ့တိုင်ပြန်လည်ဖတ်ရှုမှတ်သားနေကြရဆဲဖြစ်သည်။ သို့ဖြစ်၍ ဗိုလ်ချုပ်တို့ လုပ်ကြံခံခဲ့ရသည့် အာဇာနည်နေ့အချိန်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များစွာထဲမှ အလုပ်လက်မဲ့ပြဿနာနှင့်ပတ်သက်သည့် ပြောကြားခဲ့သည့် စကားများကို ဖတ်ရှုခံစားမျှဝေရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုလိုက်ရပေသတည်း။

ကိုးကား။ တင်စိုး(ဘောဂဂုဏ်)၏ ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်

ဗိုလ်ချုပ်ကို ချစ်တယ်ဆို

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ချစ်တယ်ဆို ဗိုလ်ချုပ်စကား
ဦးထိပ်ပန်ထား။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ဗိုလ်ချုပ်လို စိတ်ဓာတ်မျိုး
လေးစားမြတ်နိုး။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ချစ်တယ်ဆို ဗိုလ်ချုပ်လမ်း
တည့်တည့်လျှောက်လှမ်း။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ဗိုလ်ချုပ်လို သတ္တိဗွား
ဝံ့ဝံ့စားစား။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ချစ်တယ်ဆို ဗိုလ်ချုပ်သွေး
စွန့်ရဲစိတ်မွေး။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ဗိုလ်ချုပ်လို ဖြစ်အောင်ကြိုး
အားကျ အတုခိုး။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ချစ်တယ်ဆို ဗိုလ်ချုပ်ဇွဲ
ထင်ဟပ်တည်စွဲ။

☆ ဗိုလ်ချုပ်ကို ချစ်တယ်ဆို
ဗိုလ်ချုပ်လို ရိုးသားလို့
ကောင်းကျိုး ဆောင်စို့။ ။

ရေနံ့သာမောင်ကျော်ညွန့်

ကပ်ရောဂါမှ ရုန်းအထ ဒူပေနာသပေခံနိုင်မှ

■ ကိုရင်သြ

ကမ္ဘာတစ်လွှားတွင် ကိုရိုနာကပ်ရောဂါ ဆိုးကြီး ကျရောက်နေခြင်းကြောင့် နိုင်ငံအသီးသီးတွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတို့အရ "အကဲဆတ်ချိန်" ရောက်ရှိနေစဉ် ဥရောပခေါင်းဆောင်ကြီးများ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဇူလိုင် ၁၇ ရက်မှစ၍ နှစ်ရက်ကြာ တွေ့ဆုံကာ ဥရောပ စီးပွားရေး ပြန်လည်ထူထောင်ရေး အစီအစဉ် ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိသည် ဆိုသောသတင်း တစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ နိုင်ငံတကာသံတမန်ရေး စမ်းသပ်ချက်တစ်ရပ် မည်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည်နည်းဟု အကဲခတ် စောင့်မိလေ၏။

ကိုယ်တိုင်ကိုယ်ကျ

ကမ္ဘာ့ကပ်ဘေး ဆိုက်ရောက်နေစဉ် အတောအတွင်း အီးယူခေါင်းဆောင်များ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်သည့် ထိပ်သီးဆွေးနွေးပွဲကြီးကို ဥရောပကောင်စီ အကြီးအကဲ ချားလ်စ် မစ်ချယ်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ပြီးလျှင် တက်ရောက်လာကြသော ခေါင်းဆောင်ကြီးများက တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်မည့်အစား တတောင်ဆစ်ခြင်း တွေ့ထိကာ နှုတ်ဆက်ကြလေသည်။

မတ်လတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရိုက်ခတ်ခဲ့ချိန်နောက်ပိုင်း ဥရောပနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်သည့် ပထမဆုံးသော ထိပ်သီးဆွေးနွေးပွဲလည်း ဖြစ်သည်။ ယခင်ကမူ အချင်းချင်းတွေ့ဆုံဆွေးနွေးနိုင်ရန် ဗီဒီယိုကွန်ဖရင့်ကိုသာ အသုံးပြုခဲ့ကြရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဥရောပတစ်လွှားရှိ နိုင်ငံအသီးသီးတွင် စီးပွားရေးအရ ထိခိုက်မှုများ ကြီးမားစွာဖြစ်ပေါ်နေချိန်တွင် စီးပွားရေးပြန်လည် နာလန်ထူရေးမှာ အရေးအကြီးဆုံးကိစ္စရပ်အဖြစ် ဖြစ်တည်လာသည်။

လတ်တလောတွင် ဥရောပတိုက်၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် ယူရိုငွေ ကုဋေပေါင်းများစွာ အသုံးပြု၍ ဆောင်ရွက်သွားမည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်သည်။ စီးပွားရေးထိခိုက်ရမှု လျော့ပါး သက်သာစေရေး အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်နိုင်ရန် ဥရောပနိုင်ငံပေါင်း ၂၇ နိုင်ငံတို့မှ ခေါင်းဆောင်များ ကြိုးပမ်းနေကြချိန် ဖြစ်သည်။

ဥရောပစီးပွားရေးကို ပြန်လည်ကုစားနိုင်ရန် ယူရိုငွေ ကုဋေပေါင်းများစွာ ကျခံသုံးစွဲရမည့်အစီအစဉ်နှင့် ပတ်သက်၍ အဆိုပြုတင်ပြချက်များကို ဥရောပသမဂ္ဂ ခေါင်းဆောင်များက ဆွေးနွေးနေကြသည့်တိုင်အောင် ယင်းအစီအစဉ်ပါ အရေးကြီးဆုံး အစိတ်အပိုင်းများနှင့် ပတ်သက်၍ သဘောထားကွဲလွဲနေမှုများ ကြီးမားနေဆဲ ဖြစ်သည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရ၏။

ဥရောပသမဂ္ဂ(အီးယူ)၏ အဆိုပြုတင်ပြထားသော ယူရို ၁ ဒသမ ၈၅ ထရီလီယံ (ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံ) ပမာဏရှိ ဘတ်ဂျက်နှင့်အညီ စီးပွားရေး ပြန်လည်နာလန်ထူရေး ရန်ပုံငွေ ယူရိုဘီလီယံ ၇၅၀ (ဒေါ်လာ ၈၅၀ ဘီလီယံ) ထူထောင်ရေးမှာ ဥရောပခေါင်းဆောင်ကြီးများ အကြိတ်အနယ် ဆွေးနွေးနေရသော ပြဿနာတစ်ရပ် ဖြစ်သည်။

ဒွန်တွဲ လွန်ဆွဲ

ဥရောပနိုင်ငံများကို ကြည့်လျှင် စီးပွားရေးအရ ဆူကြုံနိမ့်မြင့် မတူကွဲပြားမှုများကို တွေ့မြင်နိုင်သည်။ ကြွယ်ဝချမ်းသာပြီး ငွေကြေးကို စိစိစစ်စစ် သုံးစွဲတတ်သည့် မြောက်ပိုင်းနိုင်ငံများက တစ်ဖက်၊ ကြွေးမြီဖိစီးခံထားရသော တောင်ပိုင်းနိုင်ငံများက တစ်ဖက် အကျိုးစီးပွားအရ ဒွန်တွဲ လွန်ဆွဲလျက်ရှိကြလေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဥရောပတစ်လွှားရှိ နိုင်ငံအသီးသီးတွင် စီးပွားရေးအရ ထိခိုက်မှုများ ကြီးမားစွာဖြစ်ပေါ်နေချိန်တွင် စီးပွားရေး ပြန်လည်နာလန်ထူရေးမှာ အရေးအကြီးဆုံးကိစ္စရပ်အဖြစ် ဖြစ်တည်လာသည် ...

ဥရောပရှိ နယ်သာလန်၊ သြစတြီးယား၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့ကဲ့သို့သော ငွေကြေးလက်ဖွာခြင်းမရှိသော နိုင်ငံများက ၂၀၂၁-၂၇ ခုနှစ် အီးယူဘတ်ဂျက်ကို အဆိုပြုချက်တွင် ဖော်ပြသော ငွေကြေးပမာဏအောက်သို့ လျှော့ချလိုကြသည်။

အီးယူ၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စိုက်ပျိုး မွေးမြူရေးဆိုင်ရာ အမတော်ကြေးများ ရရှိနေကြသော ပိုလန်နိုင်ငံနှင့် အီးယူ၏ အရှေ့ရပ်ဝန်းအရပ်ရှိ နိုင်ငံများသည်လည်းကောင်း၊ ပြင်သစ်၊ အီတလီနှင့် စပိန်နိုင်ငံတို့သည်လည်းကောင်း ပုံမှန်ရရှိမြဲ စီးပွားရေးအကူအညီများ ဆက်လက်ပေးရေးဘက်မှ ထောက်ခံကြသည်။

စီးပွားရေး နာလန်ထူရေးအတွက် အထောက်အကူပေးရန် ယူရို ဘီလီယံ ၇၅၀ ထုတ်ပေးနိုင်ရေး စီစဉ်နေသည်ဟု အီးယူက မေလအတွင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ဖော်ပြပါငွေကြေးပမာဏအနက် ယူရိုဘီလီယံ ၅၀၀ မှာ အစိုးရဘဏ္ဍာရေး အထောက်အပံ့များအဖြစ် ပေးအပ်ရန်ဖြစ်ပြီး ကျန်ရှိသော ယူရိုဘီလီယံ ၂၅၀ မှာမူ ချေးငွေများအဖြစ် ပေးအပ်မည်ဟု ဆိုသည်။

အီးယူ၏ ပူးတွဲဘဏ္ဍာတိုက်သို့ ထည့်ဝင်ငွေများ ပေးရမှုကို ဆက်လက်လျှော့ချရန် ဂျာမနီ၊ သြစတြီးယား၊ နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့က လိုလားကြသည်။ သို့ရာတွင် အခြားသောနိုင်ငံများကမူ ထည့်ဝင်ငွေများ လျှော့ချမှု အဆုံးသတ်စေလိုသည်။

ပေးဆပ်နိုင်စွမ်း

အီးယူတောင်ပိုင်းနိုင်ငံများက အစိုးရ အထောက်အပံ့များ ရရှိလိုကြသည်။ နယ်သာလန်နိုင်ငံကမူ ပြန်လည် ပေးဆပ်နိုင်စွမ်းရှိသော ချေးငွေများကိုသာ ကမ်းလှမ်းသင့်သည်ဟုဆိုသည်။

ယူရိုဘီလီယံ ၇၅၀ ရန်ပုံငွေမှ ငွေကြေးအများစုကို စပိန်၊ အီတလီနှင့် ပေါ်တူဂီနိုင်ငံတို့ကဲ့သို့သော တောင်ပိုင်းနိုင်ငံများသို့ ပေးအပ်ရန် အဆိုပြုချက်ကို လစ်သူယေးနီးယားနှင့် ဘူဂေးရီးယားနိုင်ငံတို့အပါအဝင် အရှေ့ပိုင်း အဖွဲ့ဝင်နိုင်ငံများက ကန့်ကွက်ကြသည်။ ကမ္ဘာ့ကပ်ရောဂါ မပေါ်ပေါက်မီ ကာလမှာပင် အလုပ်လက်မဲ့နှုန်း ကြီးမားနေသော နိုင်ငံများထံသို့ ပိုမိုကူညီသင့်သည်ဆိုသော အယူအဆအပေါ် အခြေခံကာ စဉ်းစားကြခြင်းဖြစ်သည်။

စီးပွားရေး ပြန်လည်နာလန်ထူရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ရန်ပုံငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ မှတ်ကျောက်ထားရှိသင့်သည်ဟု ဆိုသည်။ နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးအင်အား အခြေအနေ၊ လူဦးရေအတိုးအဆုတ် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ရမှု အခြေအနေစသည်တို့ကို မှတ်ကျောက်များအဖြစ် ထားရှိလိုကြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအလိုက် စီးပွားရေးကျဆင်းနိုင်မှု ဟောကိန်းထုတ်မှုများနှင့်အညီ စီးပွားရေးကုစားမှုအစီအစဉ်ဆိုင်ရာ ရန်ပုံငွေခွဲဝေချထားမှု မှတ်ကျောက်ကို ပြင်ဆင်ပြောင်းလဲမှုများရှိနိုင်သည်ဟု ဥရောပကောင်စီဥက္ကဋ္ဌအဖြစ် ၂၀၁၉ ခုနှစ်မှစ၍ တာဝန်ယူလာသူ ချားလ်စ်မစ်ချယ်က ပြောကြားခဲ့သည်။

စီးပွားရေး ပြန်လည်နာလန်ထူရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံများအလိုက် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဟု ချမ်းသာကြွယ်ဝသော မြောက်ပိုင်းနိုင်ငံများက ပြောကြားကြသည်။ ယင်းမှာ ဥရောပတိုက်ကြီး သွေးစည်းညီညွတ်မှု ပိုမိုရရှိရေးကို တောင်းဆိုနေကြသော တောင်ပိုင်းနိုင်ငံများအား ထိုးနှက်ချက်တစ်ရပ် ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အများစု၏ လိုလားချက်တစ်ရပ်မှာ ဒီမိုကရေစီ အခြေခံမှုများကို မထိမဲ့မြင်ပြုသော မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမဆို ပိတ်ဆို့နိုင်စွမ်းရှိရေးဖြစ်သည်။ ယင်းမှာ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့အား သတိပေးရာရောက်သည်။

စံတန်ဖိုးများ

အဆိုပါနိုင်ငံများတွင် ပြည်သူကြိုက် အမျိုးသားရေးဝါဒီ အစိုးရအဖွဲ့များ လွှမ်းမိုးနေပြီး တရားဥပဒေစိုးမိုးရေး အားနည်းနေသည်ဟု ဥရောပကော်မရှင်၏ စွပ်စွဲချက် ပေါ်ထွက်ခဲ့သည်။ အီးယူထူထောင်စဉ်ကပင် ချမှတ်ခဲ့သော စံတန်ဖိုးများနှင့်အညီ လိုက်နာကျင့်သုံးရန် ယင်းနိုင်ငံများ အားနည်းနေသည်ဟု ဆိုသည်။ အီးယူ၏ အခြေခံအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း ပုဒ်မ ၇ တွင် ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် မိသားစုဘဝ လွတ်လပ်ခွင့်တို့ကို အလေးထားရန် ဖော်ပြထားသော်လည်း အမျိုးသားရေးဝါဒ အတွေးအခေါ်များအရ လူ့အခွင့်အရေးမှတ်တမ်းများ တိုးတက်မှုမရှိဘဲ ဖြစ်နေရသည် ဆို၏။

ယူရိုဘီလီယံ ၇၅၀ ရန်ပုံငွေကို မည်သည့်နိုင်ငံများ ရထိုက်ပါသနည်းဟု စဉ်းစားဆုံးဖြတ်ရာတွင် "ဒစ်ဂျစ်တယ်နည်းပညာ သွတ်သွင်းခြင်း"အတွက် တိုးတက်အောင် လုပ်ဆောင်နိုင်မှု အခြေအနေ၊ ရာသီဥတု ပြောင်းလဲမှု ထိန်းညှိရေး ဆောင်ရွက်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု နိုင်ငံ အများအပြားက ပြောကြားကြသည်။

ဥရောပကော်မရှင်၏ ယူရိုဘီလီယံ ၇၅၀ ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကို မည်သို့မည်ပုံ ပြန်လည် ပေးဆပ်ရေးအချက်မှာ အရေးကြီးပေသည်။ သို့ရာတွင် ချေးငွေများ ပြန်လည်ပေးဆပ်ရေး ပြဿနာမှာ ဖြေရှင်းရခက်နေဆဲ ဖြစ်သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုအပေါ် အခွန်အတုပ်ကောက်ခံမှု တိုးမြှင့်ပြုလုပ်ရေး၊ တစ်ခါသုံး ပလတ်စတစ်အိတ်သုံးစွဲရေး အယူအဆများ လွှမ်းမိုးနေသော်လည်း ယင်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်တွင်းတွင် အတိုက်အခံပြုမှုများ ကြီးမားစွာဖြစ်ပေါ်နေသည်။ ဒစ်ဂျစ်တယ် အခွန်အတုပ်နှင့် ဘဏ္ဍာရေးဆိုင်ရာ အခွန်အတုပ်သစ်များ ပြဋ္ဌာန်းရေးအချက်နှင့် ပတ်သက်၍မူ အငြင်းပွားမှုများ ပိုမိုလျော့နည်းနေသည်။

သဘောကွဲလွဲ

စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက် ငွေကြေးထောက်ပံ့ရေး လုပ်ငန်းစဉ်ကို မည်သည့်အချိန်တွင် စတင်သင့်သည်၊ မည်သည့်အချိန်တွင် ရပ်ဆိုင်းသင့်သည် ဆိုသောအချက်မှာလည်း မြောက်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများအကြား သဘောကွဲလွဲစရာ ဖြစ်သည်။

စီးပွားရေး ပြန်လည်နာလန်ထူရေး အစီအစဉ်၏ အရွယ်အစား၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအရ ထိခိုက်မှုအဖြစ်ရဆုံး နိုင်ငံများကို ဘဏ္ဍာရေးအထောက်အပံ့နှင့် ချေးငွေများထုတ်ပေးရေး၊ အီးယူအကူအညီနှင့်ပတ်သက်နေသော စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ရေး စသည်တို့နှင့် ပတ်သက်၍ ခေါင်းဆောင်များ ဆွေးနွေးနေကြဆဲ ဖြစ်သည်။

အီးယူဘတ်ဂျက်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသော စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေထူထောင်ရေးမှာ ကြီးလေးလှသည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည်။ အီးယူအဖွဲ့ကြီးအနေဖြင့် မကြုံစဖူး ထူးထူးကဲကဲ လိုအပ်နေသော ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံအတွက် အဖွဲ့ဝင်နိုင်ငံများ မည်သို့မည်ပုံ ထည့်ဝင်ကြမည်ကို ဆွေးနွေးကြရာတွင် သဘောထားကွဲလွဲမှုများ ကြီးမားလှကြောင်း အီးယူ၏အလှည့်ကျဥက္ကဋ္ဌ ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကဲလ်က ပြောကြားခဲ့သည်။

ကပ်ဘေး ဆိုက်ရောက်နေမှုကြောင့် မိမိတို့အဖွဲ့ဝင် နိုင်ငံများအကြား တွေ့ထိဆက်ဆံမှု နည်းပါးသွားခြင်းအတွက် လက်ရှိအခြေအနေကို အတိအကျ မခန့်မှန်းနိုင်ကြောင်း၊ သဘောထားကွဲလွဲမှုများ ကြီးမားလျှင် ဆွေးနွေးပွဲတွင်လည်း သဘောတူညီချက်မရရှိနိုင်ကြောင်း ဝန်ကြီးချုပ် မာကဲလ်က ပြောကြားခဲ့သည်။

အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂသည် စီးပွားရေးကျဆင်းမှု အဆိုးဝါးဆုံး အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အီးယူတွင် မည်သည့်နိုင်ငံများက အလှူရှင်များအဖြစ် ငွေကြေးအများဆုံး ထည့်ဝင်ရမည်ဆိုသော အချက်၊ စီးပွားရေး ပြန်လည် ဦးမော့လာစေရန် မည်သည့်နိုင်ငံများ ရန်ပုံငွေအများဆုံး ရရှိသင့်သည်ဆိုသော အချက်တို့နှင့်ပတ်သက်၍ အငြင်းပွားနေကြဆဲ ဖြစ်သည်။

အရေးပေါ် ထိပ်သီးဆွေးနွေးပွဲဖြစ်ခြင်းကြောင့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြောဆို၍ အားမရနိုင်ဘဲ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံကြကာ အကြိတ်အနယ် ဆွေးနွေးနေကြခြင်းဖြစ်သည်။

ကျော်လွှားနိုင်

ယခုပြုလုပ်နေဆဲ ထိပ်သီးဆွေးနွေးပွဲကို အကောင်းဘက်မှ ရှုမြင်သူမှာ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာစူလာ ဗွန်ဒါလီယန်းဖြစ်သည်။ မိမိတို့အဖွဲ့ဝင် နိုင်ငံများသည် လက်ရှိကြုံတွေ့နေကြရသော ပြဿနာများကို မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်ကာ ကျော်လွှားနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေရှိသော အဆိုပြုချက်များကို ချပြ ထားပြီးဖြစ်သောကြောင့် ဖြေရှင်းချက်ရရှိနိုင်ကြောင်း သူက ဆိုသည်။

ဥရောပစီးပွားရေး ပြန်လည်နာလန်ထူရေးအတွက် လုပ်ဆောင်ရာတွင် လိုအပ်သည့် ရန်ပုံငွေနှင့်ပတ်သက်၍ ခေါင်းဆောင်ကြီးများ သဘောတူညီချက် မရရှိပါက မိမိတို့ ဥရောပသမဂ္ဂတစ်ဝန်းတွင် အလုပ်လက်မဲ့ဖြစ်သူ တိုးလာနိုင်သည်ဟု သူက အကြောင်းပြ ပြောကြားသည်။

ဒူပေနာသပေခံနိုင်မှ

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးဘဝ ထိခိုက်မှုနှင့်အတူ လူမှုရေးဘဝများ ထိခိုက်ရမှုမှာ ကြီးလေးလှပေသည်။ ကပ်ရောဂါဆိုးကြောင့် ကြီးစွာထိခိုက်ခဲ့ရသော စီးပွားရေးဘဝကို ပြန်လည်တည်ဆောက်ရေးမှာ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ကြီးမားသော မျှော်မှန်းချက်ဖြစ်သကဲ့သို့ နိုင်ငံသားများအားလုံး၏ မျှော်မှန်းချက်လည်း ဖြစ်ပေလိမ့်မည်။ ပြည်သူများအားလုံး မျှော်လင့်တောင့်တနေသော ရှိရင်းစွဲ စီးပွားရေး အခြေအနေသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းကြရမည်မှာ နိုင်ငံသားများ၏ တာဝန်တစ်ရပ်ဖြစ်လာပေပြီ။ လူ့အဖွဲ့အစည်း၏ သာယာစည်ပင်ရေးအတွက် မိမိ၏ အကျိုးစီးပွားကို နိုင်ငံ့အကျိုးစီးပွားနှင့် ယှဉ်တွဲလျက် ဦးထိပ်ပန် ဆောင်ရွက်ကြရပေမည်။ ကမ္ဘာ့ကပ်ရောဂါဆိုး၏ အဖျက်အမှောင့်ပြုမှုများကြောင့် နိုင်ငံတော်၏အကျိုးစီးပွား ယိမ်းယိုင်ရခြင်းမရှိရအောင် ကျွန်ုပ်တို့နိုင်ငံသားများ အနေဖြင့် စီးပွားရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်သင့်လှသည်ဟု ကျွန်ုပ်တွေးတောမိရင်း "ကပ်ရောဂါမှ ရုန်းအထ ဒူပေနာသပေခံနိုင်မှ" ဟူ၍ ကျူးရင့်မိပါသတည်း။ ။

SOURCES: Brussels calls for extraordinary EU summit on July 17–18 -- Neweurope.eu ; EU leaders deadlocked on recovery fund as summit falters -- FT

ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့ရှိ ဆင်ခြေဖုံးနေရာများ၌ လူသုံးဦးလျှင် တစ်ဦး ဗိုင်းရပ်စ်ပိုး ကူးစက်ခံရ

ဘရာဇီးလီးယား ဇူလိုင် ၁၈
ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့ရှိ ဆင်ခြေဖုံးနေရာများတွင် လူသုံးဦးလျှင် တစ်ဦးနှုန်း ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း ဒေသန္တရအစိုးရအဖွဲ့က ယနေ့ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံအတွင်းရှိ မြို့များအနက် အကြီးဆုံးမြို့ဖြစ်သည့် ဆော်ပိုလိုတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

ဒေသန္တရအစိုးရအဖွဲ့က ယခုရက်သတ္တပတ်အတွင်း၌ ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ ဆေးစစ်မှုလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ဆေးစစ်ဆေးမှု မလုံလောက်ခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကို ပိုမိုမြင့်တက်စေသည့်အတွက် လူဦးရေထူထပ်သည့် ဆင်ခြေဖုံးနေရာများ၌ ဆေးစစ်မှုများ အရှိန်မြှင့်တင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သတ်မှတ်ထားသော မည်သည့်နေရာတွင်မဆို နာမည်စာရင်းတင်သွင်းပြီး အာခေါင်တို့ဖတ်နမူနာပေးကာ ရောဂါပိုးရှိ၊ မရှိ ဆေးစစ်ကြည့်နိုင်သည်။

ယမန်နေ့က ပြည်သူ ၂၅၀၀ ခန့်ကို ရောဂါပိုးရှိ၊ မရှိ ဆေးစစ်ပေးခဲ့ကြောင်းနှင့် ယင်းတို့အနက် ၈၀၀ ခန့် (သို့မဟုတ်) ၃၀ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ကူးစက်ခြင်းခံထားရသည်ဟု ဒေသန္တရအစိုးရအဖွဲ့က ဆိုသည်။

ဗိုင်းရပ်စ်ပိုးတွေ့ရှိသူများအား ဆေးဝါးကုသမှုခံယူရန်နှင့် သီးခြားခွဲနေထိုင်ရန် အာဏာပိုင်များက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်သန်းကျော်ရှိပြီး သေဆုံးသူ ၇၇၉၆၄ ဦးရှိသည်။ အမေရိကန်ပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်– အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၀၀၀၀ ကျော်ရှိလာ

ဝါရှင်တန် ဇူလိုင် ၁၈
အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် တစ်ရက်တာအတွင်း ၇၀၀၀၀ ကျော်အထိ ပထမဆုံးအကြိမ် မြင့်တက်လာခဲ့ပြီး သေဆုံးမှုနှုန်းလည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ယမန်နေ့က တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၇၇၀၀၀ ဦးအထိ မြင့်တက်လာခဲ့ပြီး သေဆုံးသူ ၉၀၀ ကျော် ရှိခဲ့ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ စစ်တမ်းတစ်ရပ်အရ သိရသည်။ အဆိုပါ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်နှင့် သေဆုံးသူအရေအတွက်သည် ဇွန်လအစောပိုင်းမှစပြီး အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

ယမန်နေ့က တက္ကဆက်ပြည်နယ်အတွင်း သေဆုံးသူ ၁၀၀ ကျော်ရှိခဲ့သည်။ ဆန်အန်တိုနီယိုပြည်နယ်နှင့် အရီဇိုးနားပြည်နယ်များတွင်လည်း သေဆုံးမှုများ မြင့်တက်လျက်ရှိခဲ့သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် အများစုမှာ လူငယ်များဖြစ်ပြီး နေ့စဉ်သေဆုံးမှုနှုန်းများလည်း ကျဆင်းလာသည်ကို တွေ့ရသည်ဟု သမ္မတဒေါ်နယ်ထရမ့်က ဆိုသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ပိုမိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အစိုးရအဖွဲ့အား တိုက်တွန်းပြောကြားခဲ့သည်။ **ကိုးကား– အင်န်အိတ်ချ်ကေ**
ဘာသာပြန်– အောင်ကျော်ကျော်

ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော အယ်လ်ဂျီးရီးယားဝန်ကြီးဟောင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး

အယ်လ်ဂျီယာ ဇူလိုင် ၁၈
အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော အယ်လ်ဂျီးရီးယား အစိုးရအဖွဲ့ဝန်ကြီးဟောင်းတစ်ဦးသည် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးခဲ့ကြောင်း သတင်းဝက်ဘ်ဆိုက်တစ်ခုတွင် ယနေ့ဖော်ပြထားသည်။

အယ်လ်ဂျီးရီးယားသမ္မတဟောင်း အဗ္ဗဒယ်လာဇစ်ဇ်ဘိုတာဖလီကာနှင့် ယခင်က အနီးကပ်နေထိုင်သူ ယခင် အယ်လ်ဂျီးရီးယား ဆက်သွယ်ရေးဝန်ကြီးဟောင်း မိုဆာဘင်ဟာမာဒီသည် ယခုလအစောပိုင်းက ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် အဆိုပါရောဂါဖြင့် ယမန်နေ့က သေဆုံးခဲ့ကြောင်း ၎င်း၏အစ်ကိုဖြစ်သူ ဟိုဆင်းဘင်ဟာမာဒီက ပြောကြားခဲ့သည်။

အသက် ၆၇ နှစ်အရွယ် အယ်လ်ဂျီးရီးယား ဆက်သွယ်ရေးဝန်ကြီးဟောင်း မိုဆာဘင်ဟာမာဒီသည် ဇူလိုင် ၄ ရက်က ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဇူလိုင် ၁၃ ရက်တွင် မြို့တော်အယ်လ်ဂျီယာမြို့ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခြင်းခံခဲ့ရကြောင်း ဟိုဆင်းဘင်ဟာမာဒီက ပြင်သစ်ဘာသာစကားဖြင့် ရေးသားဖော်ပြသော လိုင်ဘာတီဝက်ဘ်ဆိုက်တစ်ခုသို့ ပြောကြားခဲ့သည်။

မိုဆာဘင်ဟာမာဒီသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလက အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထိုအချိန်ကတည်းက အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဟာရာ့ခ် အကျဉ်းထောင်တွင် ထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံးသမ္မတဖြစ်သော ဘိုတာဖလီကာသည် သမ္မတသက်တမ်း ငါးနှစ်အတွက် ၎င်း၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ နိုင်ငံအတွင်း လူထုဆန္ဒဖော်ထုတ်မှုများ ဖြစ်ပွားကာ ယမန်နှစ်ဧပြီလက ရာထူးမှ ဖြုတ်ချခြင်းခံခဲ့ရသည်။

သမ္မတဟောင်း ဘိုတာဖလီကာ ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် အာဏာပိုင်များက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ယခင် ထောက်လှမ်းရေးအကြီးအကဲ နှစ်ဦးအပါအဝင် ဘိုတာဖလီကာနှင့် နီးစပ်သော ပုဂ္ဂိုလ်တချို့ကိုလည်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

မွမ်ဘိုင်းမြို့တော်၌ အဆောက်အအုံပြိုကျ၍ ရှစ်ဦးသေ၊ အများအပြား ဒဏ်ရာရ

မွမ်ဘိုင်း ဇူလိုင် ၁၈
အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အထပ်မြင့်အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ပြင်ဆင်မှုများ ဆောင်ရွက်နေဆဲဖြစ်သောကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ဒေသခံများကို အကြံပြုထားသော်လည်း မွမ်ဘိုင်းမြို့တော်တောင်ဘက်ရှိ အဆိုပါခြောက်ထပ် အဆောက်အအုံ၌ မိသားစုငါးစု သို့မဟုတ် ခြောက်စု ဆက်လက်နေထိုင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ရုပ်သံဌာနများသို့ ပြောကြားခဲ့သည်။ ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် လူနှစ်ဦးသေဆုံးခဲ့ပြီး ဘေးအန္တရာယ်တုံ့ပြန်ရေး တာဝန်ရှိသူများက ညပိုင်းတွင် နောက်ထပ် အလောင်းလေးလောင်းကို အပျက်အစီးများအောက်မှ ဆွဲထုတ်နိုင်ခဲ့ကြောင်း မီးသတ်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျမှု ဖြစ်ပွားပြီးနောက် လူခုနစ်ဦး အပျက်အစီးများအောက်၌ ပိတ်မိနေခဲ့ကြောင်း မွမ်ဘိုင်းမြို့တော် မီးသတ်တပ်ဖွဲ့ အကြီးအကဲ ပီအက်စ်ရာဟာန်ဒါလီက ပြောကြားခဲ့သည်။ အစောပိုင်းက မွမ်ဘိုင်းမြို့တော်အနောက်ပိုင်း ဆင်ခြေဖုံးဒေသ၌ အခြားအဆောက်အအုံ ပြိုကျခဲ့ရာ ကလေးငယ်တစ်ဦး အပါအဝင် လူနှစ်ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ မွမ်ဘိုင်းမြို့တော်၌ နှစ်စဉ် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နေထိုင်ရန်အန္တရာယ်ရှိသည်ဟု ယူဆရသော အဆောက်အအုံများကို ပြိုကျမှုဖြစ်စေသည်။

မကြာသေးမီရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးလေဝသဌာနမှ တာဝန်ရှိသူများက မွမ်ဘိုင်းမြို့တော်နှင့် အနီးဝန်းကျင်ဧရိယာများ၌ သတိပေးချက်ကို အဝါရောင်အဆင့်မှ အနီရောင်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ **ကိုးကား–စီအင်န်အေ**
ဘာသာပြန်–ကျော်ထိုက်စိုး

အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း တစ်သန်းကျော် ရှိလာစဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စမ်းသပ်

နယူးဒေလီ ဇူလိုင် ၁၈
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် ၆၇၁ ဦး သေဆုံးခဲ့ခြင်းနှင့်အတူ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၂၇၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၈၈၄ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၃၈၇၁၆ ဦး ရှိလာကြောင်း သိရသည်။

သို့သော် အိန္ဒိယနိုင်ငံရှိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၅၃၇၅၁ ဦးသည် ရောဂါ ကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်၌ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာ ၃၅၈၆၉၂ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြပ်မှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ယခုအခါ အိန္ဒိယနိုင်ငံသည် အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအဆင့် ၂ ဒသမ ၀ ထဲ ဝင်နေပြီဖြစ်သော်လည်း ကိုဗစ်–၁၉ ထိန်းချုပ်မှုဇုန်များအတွင်း အသွားအလာကန့်သတ်မှုများကို တင်းကျပ်စွာ ဆက်လက်ချမှတ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဘာရတ်ဘိုင်အိုတက်ကုမ္ပဏီမှ ထုတ်လုပ်သော COVAXIN ဟု အမည်ပေးထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နေ့က ဟာရီယာနာပြည်နယ်ရှိ အစိုးရပိုင် ပီဂျီအိုင်ရိုတခ့်ဆေးရုံ၌ လူများတွင် စမ်းသပ်မှုစတင်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ အစမ်းသပ်ခံလူသုံးဦးကို စာရင်းသွင်းထားပြီး အားလုံးအနေနဲ့ အဆိုပါ ကာကွယ်ဆေးကို ကောင်းကောင်း ခံနိုင်ကြပါတယ်။ ကာကွယ်ဆေးမှာ ဆိုးကျိုးတွေမရှိပါဘူး" ဟု ပြည်နယ်ကျန်းမာရေးဝန်ကြီး အာနီးလ်ဗစ်ဂျ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

အမေရိကန်သမ္မတ ထရမ့်နှင့် ဩစတြေးလျဝန်ကြီးချုပ် မောရစ်ဆင်တို့ ကိုရိုနာဗိုင်းရပ်စ်အရေး ဆွေးနွေး

ဝါရှင်တန် ဇူလိုင် ၁၈

ဩစတြေးလျနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကို ထောက်ခံသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်အား ပြောဆိုခဲ့ကြောင်း အိမ်ဖြူတော်က ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အင်ဒို-ပစိဖိတ်ဒေသ၌ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ဆွေးနွေးရန် ဇူလိုင် ၁၆ ရက်က ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်နှင့် ဖုန်းဖြင့်ပြောဆိုခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်မှုအတွက် ထရမ့်က မောရစ်ဆင်အား ချီးကျူးခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုင်တွယ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား တာဝန်ခံယူရမည်ဟု တောင်းဆိုခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးစလုံးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ရှိသည်ဟုဆိုပြီး ဩစတြေးလျဝန်ကြီးချုပ် မောရစ်ဆင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား အပြောင်းအလဲပြုလုပ်ရန် တောင်းဆိုခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ပွဲဝင်နေရသည့် ဩစတြေးလျပြည်သူများကို သမ္မတဒေါ်နယ်ထရမ့်က အားပေးခဲ့ကြောင်း အိမ်ဖြူတော်က ဆိုသည်။

ဩစတြေးလျနိုင်ငံက တရုတ်နည်းပညာကုမ္ပဏီ ဟွာဝေးကို ပိတ်ပင်ခဲ့သလို တရုတ်နိုင်ငံက ပြီးခဲ့သည့်လအတွင်း ဩစတြေးလျနိုင်ငံမှ စားသောက်ကုန်အချို့အပေါ် စည်းကြပ်ခွန်များ တိုးမြှင့်ခဲ့သည်။

ကိုးကား- ပီတီအိုင်
ဘာသာပြန်- ကျော်ထိုက်စိုး

ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ဥရောပသမဂ္ဂမှ ခေါင်းဆောင်များ ကိုရိုနာဗိုင်းရပ်စ်အပြီးကာလ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ဆွေးနွေး

ဘရပ်ဆဲလ် ဇူလိုင် ၁၈

ဥရောပသမဂ္ဂမှ နိုင်ငံခေါင်းဆောင်များသည် ကိုဗစ်-၁၉ ရောဂါ ကာလအပြီး စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်ပြီး ယနေ့ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယခုဖြစ်ပွားနေသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုတ်ယုတ်မှုသည် အကြီးမားဆုံးဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ ခေါင်းဆောင်များအနေဖြင့် ယူရိုငွေ ၇၅၀ ဘီလီယံတန်ကြေးရှိ စီးပွားရေးပြန်လည်ထူထောင်ရေးအစီအစဉ်အတွက် ဘုံသဘောတူညီချက်ရရှိရန် လိုအပ်နေသည်။ ယခုဆောင်ရွက်မည့် စီးပွားရေးပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် ဖြစ်လာမည့် စီးပွားရေးဆိုင်ရာ ဆုတ်ယုတ်မှုများကို ပြန်လည်သက်သာစေမည် ဖြစ်သည်။

နယ်သာလန်နှင့် ဩစတြေးလျကဲ့သို့သော ငွေကြေးချမ်းသာသည့်နိုင်ငံများက အီတလီနှင့်စပိန်ကဲ့သို့သော နိုင်ငံသားများအတွက် ကျခံသုံးစွဲမှုနည်းပါးသော နိုင်ငံများအား ငွေကြေးအကူအညီပေးရန် သဘောကွဲလွဲမှုများ ရှိနေသည်။

သဘောထားကွဲလွဲမှုတွေ ကြီးမားနေတဲ့အတွက် ဘယ်အချိန်မှာ သဘောတူညီချက်ရရှိမလဲဆိုတာ သူ့အနေနဲ့ မခန့်မှန်းနိုင်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောကြားသည်။

မိမိတို့အနေဖြင့် သဘောတူညီချက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သော်လည်း ညှိနှိုင်းဆွေးနွေးရေးမှာ ခက်ခဲသည့် အခြေအနေတွင်ရှိနေကြောင်း ၎င်းကပြောကြားသည်။

မာကယ်နှင့် ပြင်သစ်သမ္မတမက်ခရွန်တို့ အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ချေးငွေနှင့် ထောက်ပံ့မှုများပေးအပ်မည့် ယခုအစီအစဉ်ကို ထောက်ခံကြသည်။

ဥရောပကော်မရှင်၏ဥက္ကဋ္ဌ ချားစ်မိုက်ကယ်ကလည်း စီးပွားရေးပြန်လည် ထူထောင်ရေးဆိုင်ရာအစီအစဉ်ကို တင်သွင်းခဲ့သည်။ ၎င်း၏အစီအစဉ်တွင် ကိုရိုနာဗိုင်းရပ်စ် ဒဏ်ခံရသော နိုင်ငံများအတွက် ချေးငွေ ယူရို ၂၅၀ ဘီလီယံနှင့် ယူရို ၅၀၀ ဘီလီယံ သီးခြားထောက်ပံ့သွားမည့် အစီအစဉ်ပါဝင်သည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်- စိုးသူရ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၄၂၃၄၃၃ ဦး

သေဆုံးသူ
၆၀၀၁၅၁ ဦး

ပြန်လည်ကျန်းမာလာသူ
၈၄၉၁၇၅၁ ဦး

တိုကျို၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၆ ဦးအထိ စံချိန်တင်မြင့်တက်

တိုကျို ဇူလိုင် ၁၈

ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၈၆ ဦးအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း မြို့တော်အုပ်ချုပ်ရေး အရာရှိများက ပြောကြားသည်။

အဆိုပါအရေအတွက်သည် ဇူလိုင် ၁၀ ရက်က မြို့တော်တိုကျို၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၂၄၃ ဦးအား စံချိန်တင်တွေ့ရှိမှုကို ကျော်လွန်သွားခဲ့ခြင်း ဖြစ်သည်။

လတ်တလောကာလတွင် မြို့တော်တိုကျို၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ စုစုပေါင်း ၈၆၄၀ ရှိသွားပြီ ဖြစ်သည်။

မြို့နေပြည်သူများအနေဖြင့်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ရောဂါလက္ခဏာမရှိသော်လည်း မလိုလားအပ်ဘဲ ခရီးသွားခြင်းများ မလုပ်ဆောင်ကြရန် တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က သတိပေးနှိုးဆော်ထားသည်။

စီးပွားရေးဆိုင်ရာလုပ်ငန်းများအနေဖြင့်လည်း ရောဂါပိုးကူးစက်ပြန့်ပွားမှုကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များအား လိုက်နာကြရန် တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က တိုက်တွန်းထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ဇော်ဝင်း

အင်ဒိုနီးရှား၌ ရေကြီးရေလျှံမှုကြောင့် ၆၇ ဦး ပျောက်ဆုံးပြီး ၁၄၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ဂျကာတာ ဇူလိုင် ၁၈

အင်ဒိုနီးရှားနိုင်ငံတောင်ဘက် ဆူလာဝေစီပြည်နယ်၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီးနောက် ၆၇ ဦး ပျောက်ဆုံးကာ ၁၄၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသွားသည့် အလောင်း ၃၆ လောင်းကို ဆယ်ယူခဲ့ပြီးနောက် ယခုအခါ လူဝူအူထရာခရိုင်အတွင်းရှိ ရေကြီးရေလျှံမှု အဆိုးရွားဆုံးထိခိုက်သွားသော ဒေသများဖြစ်သည့် ဆပ်ဘန်၊ ဘေးဘွန်တာ၊ ပွန်တာဒင်ကျေးရွာများနှင့် မာဆမ်ဘာမြို့များသို့ ဦးတည်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာ ကူညီကယ်ဆယ်ရေးရုံးမှ တာဝန်ခံ ဖေးနာလ်အာဆတ်က ပြောကြားသည်။

အဆိုပါခရိုင်ရှိ ကျေးရွာများတွင် အမြင့်နှစ်မီတာခန့် ရေကြီးရေလျှံမှုကြောင့် ရွှံ့ဗွက်များက ဖုံးလွှမ်းထားပြီး သေဆုံးသွားသည့် အလောင်းအများစုကို ရွှံ့ဗွက်များထဲမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကားလမ်းများနှင့် အခြားနေရာများတွင် သစ်တုံးကြီးများက ပိတ်ဆို့ထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို နှောင့်နှေးစေခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် အထောက်အကူပြုရန် ကြီးမားသောစက်ကိရိယာများကို အခင်းဖြစ်ပွားသည့်နေရာများ၌ ဖြန့်ကြက်ထားကြောင်း အာဆတ်က ဆက်လက်ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ၆၇ ဦး ပျောက်ဆုံးသွားပြီး ၅၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် ပြည်သူ ၁၄၃၈၈ ဦးတို့သည် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြောင်း အင်ဒိုနီးရှားအမျိုးသား သဘာဝဘေးဒဏ်စီမံခန့်ခွဲရေး အေဂျင်စီအကြီးအကဲ ဒိုနီမိုနာဒိုက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားအစိုးရသည် ရေကြီးရေလျှံမှုကြောင့် နေအိမ်ပျက်စီးသွားသည့် အိမ်ထောင်စုများကို နစ်နာကြေးပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီး၊ တံတားကိုးစင်း၊ ဘာသာရေးအဆောက်အအုံ ၁၃ လုံး၊ စာသင်ကျောင်းကိုးကျောင်း၊ ရုံးအဆောက်အအုံရှစ်လုံး၊ အများပြည်သူပိုင် အဆောက်အအုံနှစ်လုံးနှင့် ဈေးနေရာတစ်ခုတို့ ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဝါးတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး(ဟောင်း)ဦးဇော်မိုး အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

နေပြည်တော် ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စစ်တောင်းမြစ်ဝအတွင်း သောင်တင်နေသော စက်လှေကြီးပေါ်ရှိ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်မှုနှင့်ပတ်သက်၍ ငွေကြေးတောင်းခံ၍ လွှတ်ပေးပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ခွဲဝေယူခဲ့ကြခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်တောင်းမြစ်ဝအတွင်း သစ်တင်စက်လှေကြီး သောင်တင်နေသည့် သတင်းအရ နယ်မြေခံတပ်နှင့် ကဝမြို့နယ် ဝါးတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်မိုးသည် ရွာသားအချို့နှင့်အတူ စက်လှေပေါ်သို့ တက်ရောက်ခဲ့ကြပြီး တရားမဝင်သစ်များအား ဖမ်းဆီးခြင်းမပြုဘဲ သစ်ပိုင်ရှင်ထံမှ ငွေကြေးတောင်းခံရယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဦးဇော်မိုးသည် တာဝန်ရှိသူအဆင့်ဆင့်အား ဆက်လက်တင်ပြခြင်းမရှိဘဲ ငွေကျပ် ၂၄၅ သိန်းကို လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပဲခူးတိုင်းဒေသကြီး ကဝမြို့မရဲစခန်းတွင်ဇူလိုင်၁၇ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သော စစ်မှုထမ်းနှစ်ဦးအား ကော်မရှင်၏ ညှိနှိုင်းအကြောင်းကြားချက်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးခဲ့ပြီး တပ်မတော်အက်ဥပဒေအရ အပြစ်ဒဏ်အား မတ် ၃၁ ရက်တွင် ချမှတ်ခဲ့ကြောင်းနှင့် သစ်ပိုင်ရှင် ဦးမင်းမင်း ဆိုသူမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကွယ်လွန်ပြီးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား အမှုတွင်ထည့်သွင်း စွဲဆို၍မရနိုင်တော့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်

သံတောင်ကြီး၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၈

သံတောင်ကြီးမြို့နယ် ယာဒိုရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက သံတောင်ကြီးမြို့နယ် ယာဒိုရဲကင်းစခန်းရှေ့ တောင်ငူ-လွိုင်ကော်သွားကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် အောင်မျိုးထက်(ခ)ဖိုးငို(ခ)အလီ ထံမှ စိတ်ကြွဆေးပြား ၃၃၅၀ နှင့် ငွေကျပ် ၃၉၇၀၀ တို့ကိုလည်းကောင်း။

သက်အောင်သူ၊ ဖိုးလပြည့် တို့အား သိမ်းဆည်းရမိသည့် ဆိုဒီယမ်ဆိုင်ယာနိုက်များနှင့်အတူ တွေ့ရစဉ်။

ပုသိမ်ကြီးမြို့နယ်

အလားတူ ဇူလိုင် ၁၆ ရက် ည ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်း၌ ဖိုးလပြည့် မောင်းနှင်ပြီး သက်အောင်သူ လိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ ငွေကျပ် သိန်း ၁၄၁၀ တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ယာနိုက်ကီလို ၂၃၅၀၀ ကိုလည်းကောင်း။

တာချီလိတ်မြို့နယ်

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ငြိမ်းချမ်း(ခ)သားငယ် ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၆၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၇စီး၊ သွင်းကုန် ၄၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၄ သန်းခန့်တန်ဖိုးရှိ) တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါးသုံးမျိုးဖြစ်သော Na Na Kid (120 ml x12x8),C/O–TH,14 Pkgs၊ ZEMA Skin Lotion (15ml x12x45)C/O–TH,4 Pkgs နှင့် Generlong Oral,C/O–TH(1X50 Pcs),C/O–TH 240 Pkgs တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းစဉ်

ထီးချိုင့်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၊ နှစ်ဦးသေဆုံး

ကသာ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ယမန်နေ့ ည ၈ နာရီခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ထီးချိုင့်မြို့နယ် မြတောင်ရဲကင်းမှူး ဒုတိယရဲအုပ်အာကာဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ထီးချိုင့်ဘက်မှ မြတောင်ဘက်သို့ ခင်မောင်အေး မောင်းနှင်လာသောယာဉ်မှ ရောဝတီတံတား(ထီးချိုင့်) RP 8 နှင့် RP 9 အကြားအရောက် ထွန်းလွင်မောင်းနှင်ပြီး မြင့်ဖေ လိုက်ပါလာသည့် ဆိုင်ကယ်အား နောက်မှဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်လာသူ နှစ်ဦးစလုံးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်မောင်အေးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အေးမြသက်ထား

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်မှ ၁၅ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ	ဈေးနှုန်း
၁	ခရီးသွားလက်ဆောင်နှင့် အခြားကဗျာများ	အေးမျိုးကြည်	နိုင်ငံ့ဂုဏ်ရည်စာပေတိုက်	၂၀၀၀
၂	အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ချက်များအပေါ် အခြေခံသော လေ့ကျင့်သင်ကြားမှုနှင့် စစ်ဆေးအကဲဖြတ်မှုမိတ်ဆက်	ကျော်ဝင်း	ကျော်ဝင်းစာပေ	၂၀၀၀
၃	အကောင်းဆုံးပန်းချီကား	Happy Timeစာတည်းအဖွဲ့	ဆုပြည့်စုံထွန်းစာပေ	၁၅၀၀
၄	တောတွင်းပုံပြင်(၁)	Happy Timeစာတည်းအဖွဲ့	ဆုပြည့်စုံထွန်းစာပေ	၂၀၀၀
၅	Health Education(၁)	Happy Timeစာတည်းအဖွဲ့	ဆုပြည့်စုံထွန်းစာပေ	၂၀၀၀
၆	Health Education(၂)	Happy Timeစာတည်းအဖွဲ့	ဆုပြည့်စုံထွန်းစာပေ	၂၀၀၀
၇	Real Live Real Stories	the book house	ကလောင်စုံ	၅၀၀၀
၈	အချစ် ၁+၂	သုမောင်	စိတ်ကူးချိုချို	၅၀၀၀
၉	အချစ်ရယ် ပြယ်တလွင့်	အေထူးအောင်(အဏ္ဏဝါ)	မဟာစာပေ	၄၀၀၀
၁၀	အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာနှင့် မဂ္ဂဇင်းဝတ္ထုတိုများ	စံပယ်ဖြူနု	မဟာစာပေ	၃၅၀၀
၁၁	Kissing in the Rain	ကလောင်စုံ	easy collection	၃၀၀၀
၁၂	မြန်မာ့ရေးရာခေတ်သစ် တရုတ်-မြန်မာ ဆက်ဆံရေး	ကလောင်စုံ	ဓူဝံစာပေ	၃၀၀၀
၁၃	အကျဉ်းစခန်း ၁၄ မှလွတ်မြောက်ခြင်း	သူရိန်ဝင်း	ရတနာပုံ	၄၀၀၀
၁၄	မိုမိုနှင့် အချိန်သူခိုးဂိုဏ်း	တင်ဦးခက်	the key collection	၅၀၀၀
၁၅	ချေဂွေဗားရား စာစဉ်(၁၄၂)	the key collection	the key collection	၂၀၀၀
၁၆	စစ်ကြောင့်အချစ်၊ အချစ်ကြောင့်စစ်	တင်မောင်မြင့်	လင်းလွန်းခင်	၅၀၀၀
၁၇	မိုးသည်းညကဇွန်းမမှာနှင့် အခြားဝတ္ထုတိုများ	မောင်မောင်လှမြင့်	မျိုးဆက်သစ်	၂၅၀၀
၁၈	ချိုးဖြူငှက်တစ်ကောင်ရဲ့ မျှော်လင့်ခြင်းနိုင်ငံတော်ကဗျာများ	မောင်ရဲနွေ(ပလိပ်)	ဆိပ်ကမ်းသာ	၁၅၀၀
၁၉	မျှော်လင့်ချက်ဖြင့် အသက်ရှင်ပါ	ကောင်းသန့်	ကောင်းသန့်စာပေ	၃၀၀၀
၂၀	ကျွန်မချစ်တဲ့လင်	လရောင်ကျူးရင့်	ပတ္တမြားသိုက်	၄၀၀၀
၂၁	ကမ္ဘာ့ပညာရှင်တို့၏ အဆိုအမိန့်များ	မောင်ဖေဇော်	လမင်းသစ်စာပေ	၂၀၀၀
၂၂	ရင်သွေးပြုစုပျိုးထောင်နည်း	ယုဇနအောင်	မျက်ပွင့်	၂၅၀၀

(ဆက်လက်ဖော်ပြပါမည်)

မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီး

ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုပုံစံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားသည်ဟု ပြောဆိုကြပါကြောင်း၊ တစ်နေရာနှင့် တစ်နေရာအပေါ်အခြေခံ၍ ပြောင်းလဲသွားပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုသည် ရောဂါလက္ခဏာပြသခြင်းမရှိဟု ပြောကြပါကြောင်း၊ ထိုသို့ လက္ခဏာမပြခြင်းသည် အလွန်ကြောက်မက်ဖွယ်ဖြစ်ပါကြောင်း၊ လက္ခဏာပြသသဖြင့် မြင်တွေ့ရလျှင် ရှောင်တိမ်း၍ရပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ လက္ခဏာ လုံးဝမပြသဖြင့် ရှောင်တိမ်း၍ မရပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာ အရေးကြီးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀-၆-၂၀၂၀ ရက်တွင် COVID -19 ကူးစက်ဖြစ်ပွားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၂၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃၁) ခု၊

စုစုပေါင်း (၁,၀၇၇)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case- 312, 313) တွေ့ရှိရသဖြင့် စုစုပေါင်း(၂၇၃) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၀)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၈-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၉) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၂၁) ခု
(၁၈-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၃၇) ခု
(၁၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၈) ခု
(၁၈-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာများမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၃၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၃၄၀) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၂) ဦး	(၂၇၃) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၁၈-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု	နိုင်ငံခြားသို့ သွားရောက်ခဲ့မှု ရှိ/မရှိ	[illegible]	COVID-19 ဓာတ်ခွဲ အဖြေ	မှတ်ချက်
၃၄၀	၄၁ နှစ်	မ	[illegible]	မရှိ	ရှိ ([illegible])	[illegible]	တွေ့ရှိ	[illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉) ဦးရှိပါသည်။

၃။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၉၈၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊
- စုစုပေါင်း (၁,၇၂၄)ခု အားစစ်ဆေးခဲ့ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ
(၁၇-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဒုတိယအသုတ်)	(၅၅၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ်	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအား လက်ခံ

ရန်ကုန် ဇူလိုင် ၁၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီအတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနထံသို့ လှူဒါန်းမှုများအား လက်ခံသည်။

ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲနမူနာကောက်ယူ သည့် ယာဉ်(Mobile Swab Van)များ၏ အလှူရှင်များက လှူဒါန်းရသည့်အကြောင်းရင်းများကို ရှင်းလင်းပြောကြား ထားသည့် ရုပ်သံဗီဒီယိုကို ပြသသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဧဇောတရေ ဦးဇော်မိုးခိုင်က လှူဒါန်းမှု အကြောင်းရင်းများ ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် တို့က လှူဒါန်းမှုများအားလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများ အပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ရာတွင် ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခု အထိ ရောဂါ ထိန်းချုပ်ထားနိုင်သော်လည်း မိမိတို့အနေဖြင့် ပေါ့ဆ၍မရဘဲ လုပ်ဆောင်ရန်ရှိသည်များအား အရှိန်အဟုန် မပြတ် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခု ကဲ့သို့သော လှူဒါန်းမှုများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအတွက်များစွာ အထောက်အကူပြုပြီး ရေရှည်ကာလအတွက်လည်း အကျိုး ရှိမည်ဖြစ်သဖြင့် စေတနာရှင် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကို ဆက်လက်ကာကွယ် တားဆီးနိုင်ရန် အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ အလှူရှင်များ အနေဖြင့် မိမိတို့၏ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအတိုင်း နေထိုင်ကြပါရန် တိုက်တွန်းပြောကြားကြစေလိုပါ ကြောင်း ပြောကြားသည်။

လှူဒါန်း

ယနေ့အခမ်းအနားတွင် လှူဒါန်းမှုများအနေဖြင့် ဆရာတော် ဘဒ္ဒန္တဥတ္တမမဟာထေရ်(ဇောဓိကုန်း ကျောင်းတိုက်၊ သံလွင်လမ်း)က Mobile Swab Van တစ်စီး၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ် (Pacific AA Foundation, AA Medical Products Ltd., Success & Success Int'L Ltd.) က အမေရိကန်ဒေါ်လာ ၄၀၂၀၀၀ တန်ဖိုးရှိ SARs-COV-2 Reagent ဆက်စပ်ပစ္စည်း ၁၁ မျိုး နှင့် အမေရိကန်ဒေါ်လာ ၁၂၅၂၀၈ ဒသမ ၆၄ တန်ဖိုးရှိ Anti SARs-COV-2 test၊ လွယ်ဟိန်း ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၆၇၀၀၀၀၀၀ တန်ဖိုးရှိ Alpine and Life သောက်ရေသန့်ဘူး ၁ ဒသမ ၅ သန်း၊ Sea Rangers (Myanmar Seafarer Donation Group) က ငွေကျပ် ၂၃၅ သိန်း တန်ဖိုးရှိ Ventilator with humidifier (VG 70) တစ်လုံး၊ သုဇာတာဖောင်ဒေးရှင်းက Mobile Swab Van တစ်စီး၊ ဦးသမာဓိ International Services Co.,Ltd. က Sojen အမှတ်တံဆိပ် Logistic Truck တစ်စီး၊ ဆေးတက္ကသိုလ်(၁) (၁၉၈၆)ခုနှစ် ကျောင်းဆင်း ဆရာဝန်များက ငွေကျပ် ၁၁၃၄၀၀၀၀ တန်ဖိုး ရှိ AED Machine၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း များနှင့် ငွေကျပ် ၅၄၇၃၀၀၀၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (YUE) EMBA (14th) Batch ကျောင်းသား ကျောင်းသူများက အမေရိကန်ဒေါ်လာ ၇၂၀၀ တန်ဖိုးရှိ SARs-COV-2 Reagent များ၊ မြင့်မြတ်ဖြူစင် ကုသိုလ်ဖြစ် အထူးကု ဆေးခန်းက Mobile Swab Van တစ်စီးဝယ်ယူရန် မတည် ငွေကျပ် သိန်း ၁၀၀၊ ဦးမြင့်ဌွေးနှင့် ဒေါ်ယဉ်သီတာအေး က ငွေကျပ်သိန်း ၁၀၀၊ Progress Biochem Co.,Ltd. က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ Ethanol (75%) ပုံး ၂၂၀၊ ဦးကျော်နန္ဒ (Managing Director, Techmation MYANMAR Co.,Ltd.) က ငွေကျပ် ၁၇၅၀၀၀၀ တန်ဖိုးရှိ Automatic Temperature Scanner ငါးလုံးနှင့် ဦးတင့်လှိုင် နှင့် ဒေါက်တာလှမြသွေးဣန္ဒာ မိသားစုက Mobile Swab Van ဝယ်ယူရန် မတည်ငွေကျပ် ၁၀ သိန်းတို့အား အသီးသီး လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေး၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ပံ့ပိုးကူညီရေးနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

စစ်တွေ ဇူလိုင် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ် အတွင်း နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေး၊ ယာယီတိုက်ပွဲရှောင် စခန်းများတွင် ပံ့ပိုးကူညီရေးနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက် ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီအောက်ရှိ ဒေသတွင်း ပြန်လည် နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရခိုင်ပြည်နယ် အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ တို့က ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ၊ UEHRD ကော်မတီက မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသူများအား ပြန်လည် နေရာချထားရေး ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောက်ဖြူမြို့၊ ကျောက်တစ်လုံး IDP စခန်း ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင် ပြည်နယ်အတွင်း လတ်တလော ပဋိပက္ခ ဖြစ်စဉ်များကြောင့် တိုက်ပွဲရှောင်ပြည်သူ များအတွက် ယာယီခိုလှုံရာစခန်းများ တည်ဆောက်ခြင်း၊ ထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများ၊ ရခိုင် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ် များတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ ထားရှိဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များ၊ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများ တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးအတွက် ပံ့ပိုးကူညီပေးမှုများ၊ နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ စီးပွားရေး ပြန်လည်ကုစားရေးအစီအစဉ်တွင် ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ရောဂါပြန့်ပွားမှု မရှိစေရေး လိုက်နာရန်ထုတ်ပြန်ထားသော စည်းကမ်း ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပွင့်ဖြူမြို့နယ်၌ မသန်စွမ်းသူများအား စားသောက်ကုန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့

ပွင့်ဖြူ ဇူလိုင် ၁၈

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ရုံးချုပ်က ကိုဗစ်-၁၉ ကာလ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ယမန်နေ့က မကွေး တိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ် ကျေးရွာအုပ်စု စံပြကျေးရွာရှိ ကိုယ်လက်အင်္ဂါ ချို့တဲ့နေသည့် မသန်စွမ်းသူ ခြောက်ဦးအား ဆန်၊ ဆီ၊ ကုလားပဲ၊ ငါးသေတ္တာဘူးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့ ကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်း

အဆိုပါ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်သုံးပစ္စည်းများ ထောက်ပံ့ လှူဒါန်းပေးရာတွင် မြန်မာနိုင်ငံမသန်စွမ်းသူ များရှေ့ဆောင်အဖွဲ့ချုပ်၊ မကွေးတိုင်းဒေသကြီး ရုံးခွဲမှ အဖွဲ့ဝင်များက ပွင့်ဖြူမြို့နယ် စံပြ ကျေးရွာရှိ ကိုယ်လက်အင်္ဂါချို့တဲ့နေသူများနှင့် အကြားအာရုံချို့တဲ့နေသည့် မသန်စွမ်းသူ ခြောက်ဦးအား တစ်ဦးလျှင် ဆန် ၁၀ ပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲ တစ်ပြည်၊ ငါးသေတ္တာ သုံးဘူးစီနှင့် နှာခေါင်းစည်း၊ မျက်နှာဖုံးအကာ၊ လက်သန့်ဆေးရည်များပါဝင်သော ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများကို အိမ်တိုင် ရာရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အသင်းဝင် ၁၈၀ ရှိ

မကွေးတိုင်းဒေသကြီးအတွင်း၌ မြန်မာ နိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ချုပ်သို့ အသင်းဝင်အနေဖြင့် ဝင်ရောက်ထားသူ ဦးရေ မှာ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံ မသန်စွမ်းသူနှင့် အကြားအာရုံမသန်စွမ်းသူ စုစုပေါင်း အသင်းဝင် ဦးရေ ၁၈၀ ရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ စုစုပေါင်းဦးရေ ၃၄၀ ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်းဦးရေ ၃၄၀ ရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ ယူအေအီးမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၄၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၇၃ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၆၁ ဦး ရှိကြောင်းနှင့် ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၉၉၃၀၂	၃၄၀
ရောဂါပိုးကင်းစင်လာသူ	**သေဆုံးသူ**
၂၇၃	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၄၅၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၃	၅
၂	ရခိုင်	၁၅	
၃	ချင်း	၁၁	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၄	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
	စုစုပေါင်း	၃၄၀	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန   ၁၈-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၃၇၇၁၁၀၁	၁၇၄၁၆၂၆	၁၄၂၀၈၀
ဘရာဇီး	၂၀၄၉၁၄၀	၁၃၆၆၇၇၅	၇၇၉၆၄
အိန္ဒိယ	၁၀၄၄၉၆၃	၆၅၅၆၆၇	၂၆၃၄၇
ရုရှား	၇၆၅၄၃၇	၅၄၆၈၆၃	၁၂၂၄၇
ပီရူး	၃၄၅၅၃၇	၂၃၃၉၈၂	၁၂၇၉၉
တောင်အာဖရိက	၃၃၇၅၉၄	၁၇၈၁၈၃	၄၈၀၄
မက္ကဆီကို	၃၃၁၂၉၈	၂၀၈၄၃၆	၃၈၃၁၀
ချီလီ	၃၂၆၅၃၉	၂၉၆၈၁၄	၈၃၄၇
စပိန်	၃၀၇၃၃၅	စိစစ်ဆဲ	၂၈၄၂၀
ဗြိတိန်	၂၉၃၂၃၉	စိစစ်ဆဲ	၄၅၂၃၃

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၈၄၈၈၂	၄၃၂၆၈	၄၀၁၆
ဖိလစ်ပိုင်	၆၅၃၀၄	၂၂၀၆၇	၁၇၇၃
စင်ကာပူ	၄၇၆၅၅	၄၃၅၇၇	၂၇
မလေးရှား	၈၇၆၄	၈၅၄၆	၁၂၂
ထိုင်း	၃၂၄၆	၃၀၉၆	၅၈
ဗီယက်နမ်	၃၈၂	၃၅၆	၀
မြန်မာ	၃၄၀	၂၇၃	၆
ကမ္ဘောဒီးယား	၁၇၁	၁၃၃	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၁၉	၁၉	၀

ဦးစီးဌာန ခုနစ်ခုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ကလေးသူငယ် ရန်ပုံငွေအဖွဲ့က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့မှ Country Director ဒေါက်တာဝင်းမေထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းရွှေထံသို့ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်ပြီး ၎င်းမှပြန်လည်၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဦးစီးဌာန ခုနစ်ခုသို့ လှူဒါန်းမှုတွင် Surgical Mask များ၊ လက်သန့်ဆေးဘူး၊ တစ်ကိုယ်ရည်သုံး ကာကွယ်ရေးဝတ်စုံ၊ မျက်နှာကာ၊ Surgical Glove ဘူးများပါဝင်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၈ သိန်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ခုနစ်ခုသို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်းတန်ဖိုးအားဖြင့် ငွေကျပ် ၂၇၈ သိန်းဖြစ်ကြောင်း၊ ဆက်လက်လှူဒါန်းမည့်ဌာနများမှာ ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန၊ မွန်ပြည်နယ် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးမှုကို ကိုရီးယားကလေးသူငယ်ရန်ပုံငွေအဖွဲ့က ပံ့ပိုးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့သည် ဩစတြေးလျ ကလေးသူငယ်ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံအခြေစိုက်ရုံးဖြစ်သည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေးနှင့် လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေလျှော့ချရေးကိုလည်း ပူးတွဲဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်

■

ခင်ဦးမြို့နယ်ရှိ စာသင်ကျောင်းများ၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ခင်ဦး ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဘော်ဒါမပါသော ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းဖွင့်ချိန်အတွက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အဖွဲ့ လေးဖွဲ့ခွဲ၍ ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အဆင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့က အထက-ခင်ဦးနှင့် ဘော်ဒါမပါသော ကိုယ်ပိုင်ကျောင်း ငါးကျောင်းကိုလည်းကောင်း၊ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ သုံးဖွဲ့က ကျေးရွာများရှိ အထက ငါးကျောင်းနှင့် အထက(ခွဲ) ရှစ်ကျောင်းကိုလည်းကောင်း အဖွဲ့ လေးဖွဲ့ခွဲ၍ ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများတွင် သတ်မှတ်အကွာအဝေးဖြင့် စနစ်တကျ နေရာပြင်ဆင်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်းများ၊ မျက်နှာဖုံးအကာများ၊ ကိုယ်အပူချိန်တိုင်းကိရိယာများနှင့် လက်ဆေးစင်များထားရှိမှု၊ ကျောင်းတက်၊ ကျောင်းဆင်းချိန်အတွက် ပြင်ဆင်ထားရှိမှု စသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် အဆင့်များကို(A)၊ (B)၊ (C) အဆင့်များခွဲ၍ စစ်ဆေးပြီး (B) အဆင့်နှင့် (C) အဆင့် ရရှိသော ကျောင်းများကို ကျောင်းဖွင့်ချိန် ဇူလိုင် ၂၁ ရက်အမီ ဖွင့်လှစ်နိုင်ရန် ပြန်လည်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်၏ ပြောကြားချက်အရ သိရသည်။

စိုးဝေအောင်(ခင်ဦး)

ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားခဲ့သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ထုတ်ပေး

ပြည်ကြီးတံခွန် ဇူလိုင် ၁၈

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လူမှုဖူလုံရေးရုံး(ရုံးခွဲ-၃)မှ ကိုဗစ်-၁၉ ကြောင့် ယာယီရပ်နားခဲ့သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ယောမင်းကြီးလမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ CYT ချည်မျှင်စက်ရုံတွင် ကျင်းပသည်။

ခွင့်ပြုထုတ်ပေး

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်လွင်လွင်မြင့်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအကြောင်းအား အသိပညာပေး ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်လွင်လွင်မြင့်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားခဲ့သည့် CYT ချည်မျှင်စက်ရုံမှ အာမခံအလုပ်သမား ၄၁၅ ဦးအား ပိတ်ရက်ပေါင်း ၂၃ ရက်အတွက် ငွေကျပ် ၁၈၃၇၁၇၈၆ ဒသမ ၆၇ အားလည်းကောင်း၊ Sweety Home ကုမ္ပဏီမှ အာမခံအလုပ်သမား ၁၆၂ ဦးအား ပိတ်ရက်ပေါင်း ၁၁ ရက်အတွက် ငွေကျပ် ၄၀၄၅၅၈၆ ဒသမ ၆၇ အားလည်းကောင်း၊ M9 ကုမ္ပဏီမှ အာမခံအလုပ်သမား ၁၂၇ ဦးအား ပိတ်ရက်ပေါင်း ၂၅ ရက်အတွက် ငွေကျပ် ၁၀၇၇၄၆၆၆ ဒသမ ၆၆ အားလည်းကောင်း၊ Rainbow Bridge ကုမ္ပဏီမှ အာမခံအလုပ်သမား ၆၃ ဦးအား ပိတ်ရက်ပေါင်း ၂၃ ရက်အတွက် ငွေကျပ် ၄၅၁၄၁၃၃ ဒသမ ၃၃ အားလည်းကောင်း အသီးသီးခွင့်ပြုထုတ်ပေးရာ စက်ရုံတာဝန်ခံများက လက်ခံရယူသည်။ ယင်းနောက် CYT ချည်မျှင်စက်ရုံမှ မန်နေဂျာ ဒေါ်ခင်အုန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်လူမှုဖူလုံရေးရုံး(ရုံးခွဲ-၃)မှ တာဝန်ခံအရာရှိ ဒေါ်မြတ်မွန်မိုးနှင့် တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှ၊ အတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့်တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ခံများနှင့်အာမခံအလုပ်သမားများ တက်ရောက်ခဲ့ကြသည်။

သန်းဇော်မင်း(ပြန်/ဆက်)

မြောင်းမြ၌ အခြေခံပညာကျောင်း ၈၉ ကျောင်းသို့ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်

မြောင်းမြ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်အတွင်းရှိ ပြန်လည်ဖွင့်လှစ်တော့မည့် အထက်တန်း၊ အလယ်တန်းကျောင်းများသို့ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖများ၊ တာဝန်ရှိသူများက တက်ရောက်လာသော အထက ကျောင်းအုပ်ကြီးများသို့လည်းကောင်း၊ ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌက အလယ်တန်းကျောင်းများကိုယ်စား ဒုတိယမြို့နယ် ပညာရေးမှူးအားလည်းကောင်း ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်သည်။

၂၀၂၀ -၂၀၂၁ ပညာသင်နှစ်အတွက် မြောင်းမြမြို့နယ်အတွင်း အထကနှင့် အထက(ခွဲ) ၃၈ ကျောင်း၊ အလကနှင့် အလက(ခွဲ) ၅၁ ကျောင်း၊ စုစုပေါင်း ၈၉ ကျောင်းအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၉၀၊ လက်ဆေးဆပ်ပြာရည်ပုလင်း ၁၈၀၊ နှာခေါင်းစည်း ၁၅၄၀၀၊ မျက်နှာကာ ၈၀၀ တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

နယ်စပ်ရေးရာဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အသိပညာပေးရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

ဖယ်ခုံ ဇူလိုင် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်း (SWISSAID)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာ လူထုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ တွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု ဗိုလ်ချယ်ကျေးရွာတွင်လည်းကောင်း၊ မိုးဖြဲကျေးရွာအုပ်စု ခေါင်းမှိုင်းကျေးရွာတွင် လည်းကောင်း၊ ရီနွဲ့ကျေးရွာအုပ်စု စလောင်းကျေးရွာတွင်လည်းကောင်း အသီးသီး ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဖယ်ခုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် ကော်မတီဝင်များ၊ ဖယ်ခုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမောင်မောင်ကျော်၊ SWISSAID တောင်ကြီးရုံး တာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် SWISSAID တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာလူထုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာ၂၀ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများဖြစ်သည့် ခြေနင်းလက်ဆေးစင်နှစ်ခု၊ ရေပုံးနှစ်ပုံး၊ လက်ဆေးဆပ်ပြာ ၁၀ ဘူး၊ Hand Speaker တစ်ခု၊ ကိုယ်အပူချိန်တိုင်းစက်တစ်ခု၊ အိမ်ထောင်စုတစ်စုအတွက် ကာဘော်လစ်ဆပ်ပြာ နှစ်တောင့်၊ အသက် ၁၈ နှစ်အထက် တစ်ဦးလျှင် အဝတ်နှာခေါင်းစည်းနှစ်ခုနှင့် အသိပညာပေး ပိုစတာများအား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ယနေ့ကျင်းပသည့် အခမ်းအနားတွင် ကျေးရွာကိုးရွာအတွက် ပေးအပ်ခဲ့ပြီး ကျန်ကျေးရွာ ၁၁ ရွာအတွက် စီမံကိန်းတာဝန်ရှိသူများက ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

မြိတ်မြို့၌ ကိုဗစ်-၁၉ ကာလ ရပ်နားထားရသော အလုပ်ဌာနများမှ အလုပ်သမား ၁၂၉ ဦးအား လူမှုရေးထောက်ပံ့ငွေများ ပေးအပ်

မြိတ် ဇူလိုင် ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်-၁၉ကာလတွင် ရပ်နားခဲ့သော အလုပ်ဌာနများမှ အလုပ်သမား ၁၂၉ ဦးအား လူမှုရေးထောက်ပံ့ငွေများကို ဇူလိုင် ၁၇ ရက်က လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေလက်ငင်းအကျိုးခံစားခွင့် ထောက်ပံ့ပေးခဲ့သည်။

ထောက်ပံ့ငွေ ပေးအပ်ရာတွင် လူမှုဖူလုံရေးအဖွဲ့ ဦးစီးအရာရှိ ဦးဇော်မြင့်သောင်းက အလုပ်ဌာနကိုးခုမှ အလုပ်သမား ကိုယ်စားလှယ်များအား ထောက်ပံ့ငွေများကို ချက်လက်မှတ်ဖြင့် ထုတ်ပေးခဲ့သည်။

ခိုင်ထူး(ပြန်/ဆက်)

လှိုင်ကော်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

လှိုင်ကော် ဇူလိုင် ၁၈

ကယားပြည်နယ် လှိုင်ကော်မြို့နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိကို မြို့နယ်အဆင့် Coronavirus Disease 2019 (COVID-19)ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ယနေ့နံနက်ပိုင်းမှစ၍ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အထက ကုန်းသာ၊ အထက(ခွဲ)ဝါရီကောခူ၊ အထက (၂)၊ အထက လှိုင်လင်လေး၊ အထက(ခွဲ)ကွန်နား၊ အထက လောပိတ၊ အထက ရှမ်းရွာ၊ အထက(ခွဲ)လောဓမ္မ၊ အထက(၆)၊ အထက(ခွဲ)ဒေါနိုးကိုး၊ အထက(ခွဲ) ထေးဌားလျား၊ အထက ပန်ကန်း၊ အထက နာနတ်တော၊ အထက ချိကယ်၊ အထက(ခွဲ)နမ့်ကွတ်၊ အထက(၄)၊ အထက(၇)၊ အထက နွားလဝိုးနှင့် အထက အားကာသိပ္ပံကျောင်းများသို့ သွားရောက်ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်အညီ စာသင်ဆောင်များ စနစ်တကျဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ ကိုယ်အပူချိန် တိုင်းတာမည့်နေရာနှင့် စနစ်တကျလက်ဆေးစင်များထားရှိခြင်း ရှိ၊ မရှိ၊ မိဘနှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ လိုက်နာရမည့် စည်းကမ်းချက်များ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စသည့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်အထက နှင့် အထက(ခွဲ)ကျောင်းများသို့လည်း ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စိုးလှိုင်ငွေး(ပြန်/ဆက်)

COVID-19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

စဉ်	ကုန်စည်အမျိုးအမည်
အထွေထွေကုန်စည်များ	
၃၈	ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့်ပစ္စည်းများ။
၃၉	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်ကုန်စည်များ။
၄၀	ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း / ပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။
၄၁	ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။
၄၂	နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။
၄၃	အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

စဉ်	ဝန်ဆောင်မှုအမျိုးအမည်
နိုင်ငံခြားရေးကဏ္ဍ	
၁	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။
၂	ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
ကာကွယ်ရေးကဏ္ဍ	
၃	ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။
သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ	
၄	ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	
၅	ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၆	ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။
၇	နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၈	လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။
၉	ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ်ယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။
၁၀	အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၁	ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။
ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ	
၁၂	ပညာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၃	စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။
ကျန်းမာရေးကဏ္ဍ	
၁၄	ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၅	ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။
၁၆	တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၇	အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။
စီမံကိန်းနှင့် ဘဏ္ဍာရေးကဏ္ဍ	
၁၈	အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။
၁၉	အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၀	အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၁	ဘဏ်နှင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၂	အကောက်ခွန် ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၃	အောင်ဘာလေသိန်းထီလုပ်ငန်း။
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ	
၂၄	ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၂၅	နာရေး ဝန်ဆောင်မှုလုပ်ငန်း။
၂၆	ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
စက်မှုနှင့် လျှပ်စစ်ကဏ္ဍ	
၂၇	ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၂၈	စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။
၂၉	မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသောဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။
အထွေထွေကဏ္ဍ	
၃၀	နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ်ပပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။
၃၁	နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၃၂	ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
၃၃	နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အဦဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အဦဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

(ဇ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်း သုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းချရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့် အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ အပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့်အကောက်ခွန် ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (de minimis value threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

(၅၆) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(၅၇) **မြန်မာနိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၅၈) **မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် –

(ကက) မြန်မာနိုင်ငံတွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊

(ခခ) ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက်ကို ယင်းကုမ္ပဏီက ရယူပိုင်ဆိုင်ထားသော ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံရှိ ရရန်ပိုင်ခွင့်များမှ တိုက်ရိုက်ဖြစ်စေ၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှတစ်ဆင့် သွယ်ဝိုက်၍ဖြစ်စေ ရရှိခြင်းဖြစ်လျှင် ယင်းကုမ္ပဏီရှိ အဖွဲ့ဝင်အကျိုးစီးပွား၊

(ဂဂ) ပြည်တွင်းနေ ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွား သို့မဟုတ် ပြည်တွင်းနေ ပညာသည်အစုစပ်လုပ်ငန်းရှိ အကျိုးစီးပွား၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ကက) မှ (ဂဂ) အထိတွင် ဖော်ပြထားသည့် ရရန်ပိုင်ခွင့်တစ်ခုကို သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့် (option) သို့မဟုတ် ရယူရန်အခွင့်အရေး။

(၅၉) **မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၉ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကိုဆိုသည်။

(၆၀) **သဘာဝသယံဇာတဆိုင်ရာ ငွေကြေးပမာဏ** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –

(ကက) ပရီမီယံ သို့မဟုတ် အလားတူငွေကြေးပမာဏအပါအဝင် မြေမှဖြစ်စေ၊ ရေမှဖြစ်စေ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် သက်ရှိ သို့မဟုတ် သက်မဲ့သယံဇာတကို ထုတ်ယူခွင့်အတွက် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏ၊

(ခခ) မြေမှဖြစ်စေ၊ ရေမှဖြစ်စေ ထုတ်ယူသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် သက်ရှိ သို့မဟုတ် သက်မဲ့သယံဇာတ၏ အရေအတွက် သို့မဟုတ် ပမာဏ သို့မဟုတ် တန်ဖိုးအပေါ် အခြေပြုလျက် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ တွက်ချက်ထားသည့် ငွေကြေးပမာဏ။

(၆၁) **စာရင်းအရလက်ကျန်တန်ဖိုး (net book value)** ဆိုသည်မှာ ပုဒ်မ ၈၀ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၆၂) **အသိအမှတ်ပြုထားခြင်းမရှိသည့် ရန်ပုံငွေ** ဆိုသည်မှာ အသိအမှတ်ပြုထားသော ရန်ပုံငွေမဟုတ်သည့် အငြိမ်းစားရန်ပုံငွေကိုဆိုသည်။

(၆၃) **ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်** ဆိုသည်မှာ ပုဒ်မ ၅၂ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၆၄) **အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း** ဆိုသည်မှာ ပုဒ်မ ၅ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၆၅) **ပြည်ပနေ ဖျော်ဖြေသူ** ဆိုသည်မှာ ပြည်တွင်းနေပုဂ္ဂိုလ်မဟုတ်သည့် ဖျော်ဖြေသူကို ဆိုသည်။

(၆၆) **ပြည်ပနေပုဂ္ဂိုလ်** ဆိုသည်မှာပြည်တွင်းနေပုဂ္ဂိုလ်မဟုတ်သည့် ပုဂ္ဂိုလ်ကိုဆိုသည်။

(၆၇) **ပြင်ပဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ပုဒ်မ ၆ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကိုဆိုသည်။

(၆၈) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုနှင့် စပ်လျဉ်း၍ **ဖျော်ဖြေတင်ဆက်မှု** ဆိုရာတွင် အားကစားပွဲလည်း ပါဝင်သည်။

(၆၉) **အမြဲတမ်းလုပ်ငန်းတည်ရာဌာန** ဆိုသည်မှာ ပုဒ်မ ၇ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၇၀) **ပုဂ္ဂိုလ်** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ်၊ ပညာသည်အစုစပ်လုပ်ငန်း၊ အမွေပုံပစ္စည်း၊ ကုမ္ပဏီ၊ အစိုးရ၊ ဒေသန္တရအစိုးရ၊ အများပြည်သူဆိုင်ရာ အာဏာပိုင်အဖွဲ့၊ နိုင်ငံခြားအစိုးရ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ဒေသန္တရအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းကို ဆိုသည်။

(၇၁) **ကိုယ်ရေးကိုယ်တာရရန်ပိုင်ခွင့်** ဆိုသည်မှာ ကိုယ်တိုင် သို့မဟုတ် နေအိမ်တွင်းအသုံးပြုရန် တစ်ခုတည်းအတွက် ရယူပိုင်ဆိုင်ထားသည့် ရရန်ပိုင်ခွင့်ကိုဆိုသည်။

(၇၂) **ကနဦးအသုံးစရိတ်** ဆိုသည်မှာ လုပ်ငန်းတစ်ခုမှရရှိလာမည့် ဝင်ငွေကို ယင်းလုပ်ငန်းမှရရှိသည့် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ထည့်သွင်းမည်ဆိုပါက လုပ်ငန်းမစတင်မီ ပုဂ္ဂိုလ်တစ်ဦးကကျခံသည့် အသုံးစရိတ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ သို့မဟုတ် ဒြပ်မဲ့ရရန်ပိုင်ခွင့်တို့ကို ရယူရန်ကျခံသည့် အသုံးစရိတ် မပါဝင်။

(၇၃) **ပညာသည်အစုစပ်လုပ်ငန်း** ဆိုသည်မှာ ပူးတွဲအကျိုးအမြတ်အတွက် ပညာသည်လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နေသည့် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောပုဂ္ဂိုလ်များကို ဆိုသည်။

(၇၄) **အများပြည်သူဆိုင်ရာအာဏာပိုင်အဖွဲ့** ဆိုသည်မှာ အများပြည်သူဆိုင်ရာ သို့မဟုတ် တရားဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ သို့မဟုတ် ဒေသန္တရအဆင့်တွင် ဥပဒေအရသော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အက်ဥပဒေအရသော်လည်းကောင်း တည်ထောင်သည့်အဖွဲ့၊ အာဏာပိုင်အဖွဲ့ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသည်ဖြစ်စေ၊ ဖွဲ့စည်းမထားသည်ဖြစ်စေ ကိုယ်စားပြုဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနတစ်ခုအောက်ရှိ ဌာန သို့မဟုတ် အစိုးရ၏ အကျိုးစီးပွားရှိသည့် အဖွဲ့အစည်းတို့ ပါဝင်ခြင်းမရှိ။

(၇၅) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် –

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တစ်ခု၊

(ခခ) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင်ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ချက်တွင်ဖြစ်စေ သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့် သို့မဟုတ် အခြားအကျိုးစီးပွား၊

(ဂဂ) ပုဒ်မ ၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၀)နှင့် ပုဒ်မခွဲငယ်(၁၂)ပါ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ဂဂ) တွင် ဖော်ပြထားသည့် အခွင့်အရေးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်။

(၇၆) ပုဂ္ဂိုလ်တစ်ဦးနှင့်စပ်လျဉ်း၍ **ရရှိခြင်း** ဆိုရာတွင် အောက်ပါတို့ပါဝင်သည် –

(ကက) ယင်းပုဂ္ဂိုလ်၏ ညွှန်ကြားချက်အရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ယင်းပုဂ္ဂိုလ်ကိုယ်စား ရရှိခြင်း၊

(ခခ) ယင်းပုဂ္ဂိုလ်၏အကျိုးခံစားခွင့်အလို့ငှာ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း (reinvested)၊ စုဆောင်းရရှိလာခြင်း (accumulated)၊ သို့မဟုတ် အရင်းအဖြစ်ပြောင်းလဲခြင်း (capitalized)၊

(ဂဂ) ယင်းပုဂ္ဂိုလ်၏ အကျိုးခံစားခွင့်အလို့ငှာ စာရင်းတစ်ခုသို့ ပေးသွင်းခြင်း (credited) သို့မဟုတ် အရန်ငွေကြေး (reserve) တစ်ရပ်ရပ်သို့ သယ်ဆောင်ခြင်း၊

(ဃဃ) ယင်းပုဂ္ဂိုလ်က ရရှိစေရန် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း။

(၇၇) **အပန်းဖြေခြင်း** ဆိုရာတွင် ပျော်ရွှင်မှုဖြစ်စေသည့် လုပ်ဆောင်ချက်၊ အားကစား၊ သို့မဟုတ် အလားတူအားလပ်ချိန်လုပ်ဆောင်ချက်များပါဝင်ပြီး ယင်းတို့ကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းသွား ယာဉ်တစ်စီးစီးပေါ်၌ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(၇၈) တစ်ဦးချင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ **ဆွေမျိုး** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် –

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်၊

(ခခ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ အိမ်ထောင်ဖက်၏ မိဘ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ မောင်၊ နှမ၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ကြီးတော်၊ ထွေးလေး၊ တူ၊ တူမ၊ ဆင်းသက်ပေါက်ဖွားလာသူ၊ သို့မဟုတ် မွေးစားသား၊ သမီး၊

(ဂဂ) ပုဒ်မခွဲငယ်စိတ်(ခခ)တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အိမ်ထောင်ဖက်။

(၇၉) **ငှားရမ်းခ** ဆိုသည်မှာ စက်မှုသုံး၊ စီးပွားရေးသုံး(commercial) သို့မဟုတ် သိပ္ပံသုံးကိရိယာမဟုတ်သည့် ဒြပ်ရှိ ရရန်ပိုင်ခွင့်များကို အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေရာယူခြင်းအတွက်ဖြစ်စေ၊ အသုံးပြုရန် သို့မဟုတ် ဝင်ရောက်နေရာယူရန် အခွင့်အရေးအတွက်ဖြစ်စေ ပရီမီယံ သို့မဟုတ် အလားတူ ငွေကြေးပမာဏတို့အပါအဝင် မည်သည့်အဖိုးစားနားမဆိုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် –

(ကက) မြေကို ဝင်ရောက်အသုံးပြုနိုင်ရန် ထုံးတမ်းစဉ်လာမြေပိုင်ရှင်များသို့ ပေးချေသည့် ငွေကြေးပမာဏ၊

(ခခ) မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြုရန် သို့မဟုတ် ဝင်ရောက်နေရာယူရန်၊ သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဝင်ရောက်နေရာယူခွင့်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရပ်အရဖြစ်စေ၊ ယင်းအခွင့်အရေးကို ရပ်စဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရပ်အရဖြစ်စေ ယင်းမြေကိုသော်လည်းကောင်း၊ ယင်းအဆောက်အအုံကိုသော်လည်းကောင်း တိုးတက်ကောင်းမွန်စေရန် အငှားချထားခြင်းခံရသူကပြုလုပ်သည့် မည်သည့်ဆောင်ရွက်ချက်မဆို၏ ပြင်ပဈေးကွက်ပေါက်ဈေး၊

(ဂဂ) ပုဒ်မခွဲငယ်စိတ်(ခခ)တွင် ဖော်ပြထားသည့် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ချက်အစား အငှားချထားခြင်းခံရသူကပေးချေသည့် ငွေကြေးပမာဏ။

(၈၀) **ပြည်တွင်းနေကုမ္ပဏီ** ဆိုသည်မှာ အောက်ပါကုမ္ပဏီတစ်ခုခုကိုဆိုသည် –

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်သည့် (incorporated)၊ မှတ်ပုံတင်သည့် (registered)၊ ဖွဲ့စည်းသည့် (formed)၊ အခြေချသည့် (settled)၊ သို့မဟုတ် အခြားနည်းလမ်းဖြင့် ဖန်တီးတည်ရှိသည့် (created) ကုမ္ပဏီ၊

(ခခ) မြန်မာနိုင်ငံတွင် စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းပြုသည့် ကုမ္ပဏီ။

(၈၁) **ပြည်တွင်းနေအမွေပုံပစ္စည်း** ဆိုသည်မှာ သေဆုံးချိန်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ကျန်ရစ်ပစ္စည်းကိုဆိုသည်။

(၈၂) **ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်** ဆိုသည်မှာ ပုဒ်မ ၈ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၈၃) **ပြည်တွင်းနေပုဂ္ဂိုလ်** ဆိုသည်မှာ ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်၊ ပြည်တွင်းနေ ကုမ္ပဏီ၊ ပြည်တွင်းနေ အမွေပုံပစ္စည်း၊ အစိုးရ၊ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်ကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

စစ်တွေမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စီမံခန့်ခွဲမှုနှင့်ဘဏ္ဍာရေးသင်တန်း ဖွင့်လှစ်

စစ်တွေ ဇူလိုင် ၁၈

နိုင်ငံတော်မှချမှတ်ထားသော ကိုဗစ်ကာလစီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးရွာလည်ပတ်ရန်ပုံငွေစီမံချက်များ ပြုလုပ်လျက်ရှိရာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများမှ ကိုယ်စားလှယ်များအား ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် စစ်တွေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ချမ်းမြအေး၊ ဒေါ်ဆုစန္ဒီအောင်နှင့် အကြီးတန်းစာရေး ဒေါ်ငြိမ်းထက်ထက်မြင့်တို့က ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် တစ်ဦးချင်းချေးငွေမှတ်တမ်း၊ ငွေစာရင်းပုံစံများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ကြို့တဲပိုက်ဆိပ်ကြီး၊ ကြို့တဲပိုက်ဆိပ်ချေ၊ ရာတန်၊ ကံပြင်ရွာသစ်နှင့် ဒေါင်းပြောက်ကေကျေးရွာတို့မှ သင်တန်းသားသင်တန်းသူ ၃၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကြို့ပင်ကောက် ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော အောင်ပင်သာအုပ်စု ကြံတောစုကျေးရွာ ကျေးလက်မီးလင်းရေးလုပ်ငန်းသည် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လူထုဗဟိုပြု ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ အား ကျေးရွာလူထုကိုယ်တိုင် မိမိတို့နေထိုင်သော ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အောင်ပင်သာအုပ်စု ကြံတောစုကျေးရွာတွင် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၃၆ သိန်းကျော်နှင့် ပူးပေါင်း၍ ကျေးလက်မီးလင်းရေးလုပ်ငန်းကို ဧပြီလ မှစတင်ပြီး ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက်တွင် မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်၍ ကျေးရွာအတွင်းရှိ အိမ်ခြေ ၉၇ လုံးတွင် လျှပ်စစ်မီးအသုံးပြုနေပြီဖြစ်ကြောင်း ကြံတောစု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးထွန်းထံမှ သိရသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းကို ကြံတောစုကျေးရွာ၊ ကံကြီးကျေးရွာ၊ ချောင်းပေါက်ကျေးရွာ၊ ရန်ကြီးအောင်ကျေးရွာနှင့် ဥက္ကံကျေးရွာတို့တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဇူလိုင် ၁၈ ရက်က ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရန်နောင်ဝင်းဦးစီးသည့် ဒုခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ် အောင်သာယာရပ်ကွက် အောင်စည်သာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော် သန့်ရှင်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။ ဝေမင်းသူ(ကြေးမုံ)

ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ အုန်းကိုင်းရပ်ကွက်နေ ဦးစိုးညွန့် [၉/မကန(နိုင်)၀၂၆၈၄၁] နှင့် ပိတ်စွယ်ရပ်ကွက်နေ ဒေါ်ဆွေမီမီသက် [၉/မကန(နိုင်)၁၀၇၄၁၉]တို့သည် ၎င်းတို့ဝယ်ယူပိုင်ဆိုင်သော မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်ရှိ ကွင်းအမှတ် (ဦးကျော်ရင်လယ်)၊ မြေကွက်အမှတ် (၂၂)အတွင်း အဆောက်အအုံ ဆောက်လုပ်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြေညာပါရှိသည့် (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးစိုးညွန့်	**ဒေါ်ဆွေမီမီသက်**
[၉/မကန(နိုင်)၀၂၆၈၄၁]	**[၉/မကန(နိုင်)၁၀၇၄၁၉]**
အုန်းကိုင်းရပ်	**ပိတ်စွယ်ရပ်**
မိုးကုတ်မြို့။	**မိုးကုတ်မြို့။**

ဖုန်း-၀၉-၄၀၈၄၂၇၃၀၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ အမှတ်(၇၈)၊ ၁-ဘီ၊ မြေညီတိုက်ခန်း(ထပ်ခိုးပါ) အကျယ်အဝန်းပေ(၁၈x၅၅) ခတ်လေှကားပါ (Mini Condo)အား ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ရီ[၁၂/စခန(နိုင်)၀၅၄၄၇၉]မှ ကျွန်ုပ်၏မိတ်ဆွေ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးရေးဘဏ်(ကိုယ်စား)ဒေါ်နော်ဆေးလ်ဗားမြင့်[၁၂/အစန (နိုင်)၀၄၄၁၆၉]မှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းပပသောင်း(LL.B)(D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၆)
ဖုန်း-၀၉-၇၉၉၅၅၁၄၆

ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်ကွက်နေ ဒေါ်အဆာမီး [၉/မကန(နိုင်)၁၁၂၃၄၄]သည် ၎င်းဝယ်ယူပိုင်ဆိုင်သော မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်ရှိ မင်းတံတားကွင်း(ပြင်) ဦးပိုင်အမှတ် (N-၁၆၉) အတွင်း အဆောက်အအုံဆောက်လုပ်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြေညာပါရှိသည့် (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်အဆာမီး [၉/မကန(နိုင်)၁၁၂၃၄၄] ပိတ်စွယ်ရပ်၊ မိုးကုတ်မြို့။ ဖုန်း-၀၉-၄၀၈၄၂၇၃၀၀**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈(ပဲခူးကုန်း) မြေကွက်အမှတ်(၇၉/စ-၁)၊ ဧရိယာ(၁၁.၄၅၃)ဧက [illegible]

[illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

အမည်မှန်နှင့် ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အလက(၅၁) ဘော်လုံးကြီးကျောင်း၊ ကျောင်းဝင်အမှတ် အမက-၂၇၄၉၊ မနီမား မာယာ၏ အမည်မှန်မှာ မနီးမား မာယာဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးနိမ်ဗဟာဒူး ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒဂုံမြောက်မြို့နယ်၊ဦးသိန်းဟန်၏မြေကွက်ခွဲစိတ်ရန်နှင့်မြေတိုင်းလျှောက်ထားမှုတွင် "ဦးကျော်ဝင်း" အစား "ဦးကျော်စိုးဝင်း" ဟုအမှန်ဖတ်ရှုပါရန်။

အမည်မှန်နှင့် ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အလက(၅၁) ဘော်လုံးကြီးကျောင်း၊ ကျောင်းဝင်အမှတ် အမက-၂၇၅၀ မအောနု၏ အမည်မှန်မှာ မအောနူး ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကီဆိုကူးမား ဖြစ်ပါကြောင်း။

ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၄၆နှင့် ဆက်နွှယ်သည့်

၂၀၂၀ပြည့်နှစ်၊ တရားမဇာရီမှု အမှတ်-၁၇၄

ဦးတင်ဝင်းအောင်	**နှင့်**	**ဦးကျော်ညွန့်**
(ဒီကရီအနိုင်ရသူ)		**(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်-၆၆၅၊ ဖလွှာ(အေ) နေ တရားရှုံး ဦးကျော်ညွန့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၄၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ(၄)ရက်(၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းတင့်)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ မြေကွက်အမှတ်(၅၇၁)၊ ဧရိယာ ၀.၀၆၂ဧကရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၁)လမ်း၊ အမှတ်(၅၇၁) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှလှသန်း[၁၂/ရကန(နိုင်)၀၁၆၇၉၃]အမည်ဖြင့် မှတ်သားထားရှိပြီး အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အမည်ပေါက် ဒေါ်လှလှသန်းထံမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေပုလဲ[၁၂/လမတ(နိုင်)၀၁၁၆၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စီဆိုင်းတောင်(LL.B,DBL,DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၀)
အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၁၃၀၃၆၃၊ ၀၉-၇၈၄၉၀၉၀၆၈။

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ မြေကွက်အမှတ်(၆၆/၉၉)၊ ဦးပိုင်အမှတ်(၁၁-စ)၊ ဧရိယာ(၀.၃၀၅)ဧက (၁၃၂၈၆)စတုရန်းပေ၊ နှစ်(၃၀)မြေငှားဂရန်မြေကွက်သည် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်နန်းဟွမ်(ခ)ယုန်းဟုန်နှင့် ဒေါ်နန်းယုံ(ခ)ယုံချင်တို့(၂)ဦးအမည်ဖြင့် ချထားပေးပြီး တောင်ကြီးမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် အမည်ပေါက်လျက်ရှိသည့် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်ပတ်သက်၍ အပေါင်အနှံ၊ အရှုပ်အရှင်း၊ ဘဏ်ချေးငွေထုတ်၍ ဘဏ်ပေါင်ထားခြင်း အလျဉ်းကင်းရှင်းလျက် မြေကွက်ကို လက်ရှိထားအသုံးပြုလျက်ရှိသော ပိုင်ရှင်များဖြစ်ပါသည်။ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မျိုးညွန့်(LL.B)	**ဒေါ်စုမြတ်သဇင် (LL.B, LL.M)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၂၂၀၀၆ (၇-၁၀-၁၉၉၉)	**(စဉ်-၁၅၆၀၁/၁၁-၇-၂၀၁၉)**
အမှတ်-၃၅၊ ၃၅-လမ်း၊ (အောက်လမ်း) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	**အမှတ်-၃၅၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၂၅၀၅၁၃၇၇၃	**ဖုန်း-၀၉-၇၉၅၃၅၁၃၉၆၂**

ဒေါ်အေးအေးခိုင်အား ညီမအဖြစ်မှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်-၁၁၂၃ တွင်နေထိုင်သူ ဒေါ်ဝင်းအိခိုင်မှ အောက်ပါအတိုင်း ကြေညာသည်မှာ ညီမဖြစ်သူ ဒေါ်အေးအေးခိုင် (ဘ) ဦးသိန်းဝင်း [၇/ရတန(နိုင်)၁၀၄၆၃၀]သည် အစ်မဖြစ်သူ ဒေါ်ဝင်းအိခိုင်ထံမှ ငွေကြေးများအား အလွဲသုံးစားပြုလုပ်၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဒေါ်အေးအေးခိုင်အား ညီမအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်အေးအေးခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်လွင်ဦး (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၅)
အမှတ်-၅၀၊ ဒုတိယထပ်(ဝဲ)၊ အခန်း (၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၂၁၄၂၂

ဒေါ်အေးအေးခိုင်အား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်-၁၁၂၃ တွင်နေထိုင်သူ ဒေါ်နီနီမှ အောက်ပါအတိုင်း ကြေညာသည်မှာ သမီးဖြစ်သူ မအေးအေးခိုင် [၇/ရတန(နိုင်)၁၀၄၆၃၀]သည် မိခင်ဖြစ်သူ ဒေါ်နီနီ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို လုပ်ကိုင်ခဲ့သည့်အပြင် မိခင်ဖြစ်သူအား အိမ်ပေါ်မှ နှင်ချခဲ့သည့်အတွက်ကြောင့် မိခင်ဖြစ်သူမှ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်အေးအေးခိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်လွင်ဦး (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၅)
အမှတ်-၅၀၊ ဒုတိယထပ်(ဝဲ)၊ အခန်း (၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၀၂၁၄၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်မြို့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်ရှိ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိ ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	ဒဂုံတက္ကသိုလ်	၁။ ဗိုလ်မှူးဗထူးလမ်းကို နှစ်လမ်းသွားတိုးချဲ့ခြင်း။ (ပလက်ဖောင်း အပါအဝင်) ၂။ ပိတောက်ဆောင်၊ ၂ထပ်ကျောင်းသူအိပ်ဆောင်၊ စွယ်တော်ဆောင်၊ ဆရာ/ဆရာမ အဆောင်များအတွက် OVER HEAD TANK တည်ဆောက်ခြင်း။ ရေစင်အမြင့် ၅၀ပေ) ဂါလန် ၁၂၀၀၀ ဆံ့

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၈-၇-၂၀၂၀) ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို (၃၁-၇-၂၀၂၀) ရက်၊ (၁၂:၃၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ဒဂုံတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ကျသင့်ငွေပေးသွင်းပြီးငွေသွင်းပြေစာမိတ္တူကို သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက် ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစား အားလုံး တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များ ရှိပါက ဖုန်းနံပါတ် (၀၉၅၁၄၁၉၉၀) သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၈)၊ အလျားပေ၄၀xအနံပေ၆၀၊ဧရိယာ(၀.၀၅၅)ဧက၊ နှစ်(၆၀)ဂရန်မြေပေါ်ရှိ အိမ်အမှတ်-၈၊ တပင်ရွှေထီးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်မင်းသော် [၁၂/ကမရ(နိုင်)၀၀၀၈၀၆]မှ ၎င်းအမည်ပေါက်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မွြက်ဟဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝေထွန်း(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၇)
အမှတ်(၁၀၁)၊ ၃-လွှာ၊ MKT Condo၊ ၄၂-လမ်း၊ (၈)ရပ်ကွက်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၉-၅၀၄၆၇၅၄၊ ၀၉-၇၈၅၀၄၆၇၅၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

လွှဲအပ်ညွှန်ကြားချက်အရ-

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

လွှဲအပ်ညွှန်ကြားချက်အရ-

ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မအီမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မခင်မြင့်မြင့် မော်၏ ဖခင်အမည်မှန်မှာ ဦးဘအေး [၁၁/မအတ(နိုင်)၀၀၂၁၅၆] ဖြစ်ပါကြောင်း။

အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ ပိုင်းမြို့နယ်၊ လေးဒေါင့်ကန်စံပြ ကျေးရွာရပ်ကွက်သစ်နေ အဖ-ဦးချစ်ညွန့်၊ အမိ ဒေါ်နန်းလှိုင်၏ သမီးဖြစ်သူ မခိုင်သူဇင်၏အမည် မှန်မှာ မခိုင်သဇင်ဖြစ်ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၈၀၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၈၀၉)၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ဦးမြင့်သိန်း[၁၂/ ဥကတ(နိုင်)၀၆၈၄၇၆] အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့် သိန်း[၁၂/ဥကတ(နိုင်)၀၆၈၄၇၆]အား တရားပြိုင်ထား၍ ဦးအောင်မျိုးလွင်၊ ဒေါ်နွယ်နီလွင်၊ ဦးကျော်သူလွင်တို့မှ တရားလိုပြုစွဲဆိုသည့် တောင်ဥက္ကလာပ မြို့နယ်တရားရုံး၊ တရားမမူလမှုအမှတ် (၅၄/၂၀၁၉)၏ စီရင်ချက်၊ တရားမဒေါရီ မှုအမှတ်-(၃၆/၂၀၁၉)၏ အမိန့်၊ ဘီလစ် ခန့်စာနှင့် ဦးမြင့်သိန်း အမည်ပေါက် ဂရန် မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားခြင်းအား မြေစာရင်းမှတ်ချက်ရှိ (၂၀၁၄)ခုနှစ်တွင် လျှောက်ထားခဲ့သော အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်နှင့် ခြံကာရန် မြေပုံ၊ မြေရာဇဝင်အား ထုတ်ယူခဲ့ ခြင်းမရှိကြောင်း ရှင်းလင်းစာတင်ပြလာ သဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော် ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါ ကြောင်းအသိပေးကြေညာအပ်ပါ သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

မီး သတိပြု

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
Tender No. 103/EPGE/2019-2020

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာန လက်အောက်ရှိ သာကေတနှင့် သီလဝါဓာတ်အားပေးစက်ရုံများအတွက် ဒီဇယ်ဆီဂါလန် (၁,၀၀၀,၀၀၀) (တစ်ဆယ်သိန်းဂါလန်)ကို (မြန်မာကျပ်ငွေ)ဖြင့် သက်ဆိုင်ရာစက်ရုံဆီသိုလှောင်ကန် (Tank) များအတွင်းသို့ အရောက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်	- ၂၁-၇-၂၀၂၀ရက်
တင်ဒါပိတ်မည့်ရက်	- ၁၇-၈-၂၀၂၀ရက်
တင်ဒါပိတ်မည့်အချိန်	- (၁၀) နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
(ဖုန်း ၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)

ပျောက်ဆုံးကြောင်း

ကျွန်တော် Zin Ko Ko Zaw CDC-80925 ၏ PSC & RB လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-253546508

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ထူးနိုင် S.I.D No. 007996 ကတ်မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

Ph:09 799776975

အများသိစေရန် ကြေညာချက်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် (၄၆၉)၊ စကားဝါလမ်းနှင့် ခရေလမ်းထောင့်၊ အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေ၊ (၀.၀၅၅)ဧက၊ နှစ် (၆၀) ဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြင့်မြင့်သိန်း [၁၂/မဂတ(နိုင်)၀၂၉၉၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့် တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်မြင့်သန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)
အမှတ် (A-3A)၊ အရှေ့ပြည်သာရိပ်မွန်၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၅၄၁၅၃၄၇၄၊ ၀၉-၇၉၅၆၈၂၅၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၃၇၇)ဟုခေါ်တွင်သည့်အကျယ်အဝန်း(အလျားပေ ၃၆ ½ x အနံပေ ၁၃၇)ရှိ မြေကွက်နှင့်(၁)ထပ် ဂိုဒေါင် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချခွင့် ရရှိထားသူ ဦးထွန်းလှဝင်း[၁၄/ဟသတ(နိုင်)၀၄၃၉၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်မြေနှင့် အဆောက်အဦတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Fax & Ph-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ တိုက်အမှတ် (၆၁)၊ အခန်းအမှတ်(A/6)၊ ပဥ္စမထပ်(၆)လွှာ (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညီထွေး[၁၂/သဃက(နိုင်)၁၀၃၄၅၅] နှင့် ဒေါ်ကေသီခိုင်[၁၂/သဃက(နိုင်)၁၆၅၇၉၃] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆိုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့ဝေ	**ဒေါ်ဥမ္မာဝင်း**
(စဉ်-၇၈၉၂)	**(စဉ်-၁၃၈၇၁)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၄၀၆

ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန
ရုံးအမှတ်-၅၂၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေမည့် စာအုပ်များကို ပုံနှိပ်လိုပါသဖြင့် စိတ်ပါဝင်စားသော ပုံနှိပ်တိုက်များကို အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၇-၂၀၂၀ရက်မှစတင်၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ်-၅၂၊ နေပြည်တော်နှင့် မြန်မာစာအဖွဲ့ရုံး၊ အင်းလျားလမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ကမာရွတ်မြို့နယ်တို့တွင် ဝယ်ယူပြီး အိတ်ဖွင့်တင်ဒါများကို၁၀-၈-၂၀၂၀ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ်-၅၂၊ နေပြည်တော်သို့ပြန်လည် တင်သွင်းရပါမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို www.dmnl.gov.mmတွင် ကြည့်ရှုနိုင်ပါသည်။ ရုံးအမှတ်-၅၂၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၁၅၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဖခင်အမည်မှန်

အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အလက (၁) သဃ်န်းကျွန်း မြို့နယ်နေ သတ္တမတန်းမှ မောင်ဆန်းလင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးစန်းဖြစ်ပါကြောင်း။

ဦးစန်း
[၁၁/ရဗန(နိုင်)၀၅၂၇၉၃]

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်မြို့၊ အထကတွင် ဒသမတန်း၌ ပညာသင်ကြားလျက်ရှိသော မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း [၇/ရတရ(နိုင်)၀၇၆၅၉၃] ဖြစ်ပါကြောင်း။ **ဦးတင်မောင်ဝင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၇၀၂၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်စန်းဝင်း (ISN-၅၅၈၄၉၄) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၅-၅-၂၀၁၃) ရက်စွဲပါ မြေ၏အကျိုးခံစားခွင့်အရပ်ရပ်အရောင်းအဝယ်ကတိစာချုပ်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇော်ဇော် [၁၂/ဒဂတ(ပြု)၀၀၂၂၈၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသာမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကောင်းမြတ်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)
အမှတ်-၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၄၇၊ မြေကွက်အမှတ်-၇၀၁၊ အကျယ်(၄၀'x၆၀')မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အေးမမ (TGO-၁၂၂၁၄၆)[၁၂/မရက(နိုင်)၀၃၄၆၆၅]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၈-၉-၂၀၁၁)ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်"အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇော်ဇော်[၁၂/ဒဂတ(ပြု)၀၀၂၂၈၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)
အမှတ်-၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၇၀၈၊ အကျယ် (၄၀'x ၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ကြည်ကြည်ဝင်း (O/RGN-၀၀၂၆၅၁) [၁၂/ပဇတ(နိုင်)၀၁၄၄၉၉] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၁၀-၉-၂၀၁၁) ရက်စွဲပါ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇော်ဇော် [၁၂/ဒဂတ(ပြု)၀၀၂၂၈၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကောင်းမြတ်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)
အမှတ်-၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၁၉၃၃ ခုနှစ် – သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

ရွှေမှန်ရောင်

အမှတ်တံဆိပ်

အကြောပြေ မျက်စိကြည်ဆေး

TMR 007525(0620)

SUKUMVIT HOSPITAL

ဆုတွန့်ဖစ် ဆေးရုံကြီး

SPINE CENTER

နောက်ဆုံးပေါ်နည်းပညာဖြင့် ကျောရိုးပြဿနာကို ဖြေရှင်းလိုက်ပါ။

" ခေတ်မီ နည်းပညာဖြင့် ကျောရိုးခွဲစိတ်ကုသခြင်း "

KIA

Super Seven Stars

အစိုးရဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက်

KIA ၏ အထူးအခွင့်အရေး

၁၀ ရာခိုင်နှုန်း ကနဦးပေးချေငွေ ၇ နှစ် အရစ်ကျ

0% ကုန်သွယ်ခွန်

0% ဝင်ငွေခွန်

0% ကား မှတ်ပုံတင်ခကြေး

AHLONE, YANGON BY ALLIANCE AUTO

HLAING, YANGON BY ZARMANI

LASHIO, SHAN STATE BY B38

MAGWAY BY HNIN WAI WAI

MANDALAY BY SSS

MYAUNG MYA, AYARWADDY BY 9999 MOTOR

NAYPYIDAW BY ESSENTIAL

NAYPYIDAW BY METRO

PYIN OO LWIN, MANDALAY BY MYANMAR PIVOT

SAGAING, MONYWA BY GOLDEN LAYBRINTH

TANINTHARYI, MYEIK

YANKIN, YANGON BY SSS

ကန့်ကွက်နိုင်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ

E condo အခန်းကျယ် အမြန်ရောင်းမည်

အလုံးစုံပြင်ဆင်ပြီး၊ ကျွန်းပါကေးအပြည့်၊ အဲကွန်းပါ၊ MB(2), B(1), ဘိုထိုင်၊ Jacuzzi ဝရန်တာကျယ်(၂)ခု၊ ရှေ့အထပ်မြင့်မရှိ ရှုံးခန်းဖွင့်နိုင်၊ ရန်ကုန်အချက်အချာနေရာ၊ ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းကြား၊ ဈေးလမ်းပေါ် (MIU တက္ကသိုလ်ဘေးကပ်လျက်) 2400 sqft (သိန်း ၃၆၀၀ ညှိနှိုင်း)၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **ဖုန်း–၀၉–၅၁၆၅၆၅၈**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ Yankin Housing Project (2010–2011) အိမ်ရာ၊ တိုက်အမှတ်(၇/၁)၊ အခန်းအမှတ်(၂၁)၏ မူလအမည်ပေါက်ပိုင်ရှင် ဦးသန်းဝင်း [၁၄/ပသန(နိုင်)၀၂၀၈၀၁]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ချိုချိုသင်းလှိုင် [၁၂/ရပသ(နိုင်)၀၆၀၇၂၇]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဦးနေဝင်းအောင် (B.Sc,H.G.P,C.B.L)

Higher Grade Pleader

(Lawyer Lc No 19147/ 1991)

Al-Mezan (Law Firm)

09 786 786 053

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မင်းရပ်ရွာနေ EduPark ကိုယ်ပိုင်အထက်တန်းကျောင်း၊ ထားဝယ်၊ အဋ္ဌမတန်းမှ မောင်ကျော်ကိုကို၏ ဖခင်ဦးကျော်စန်း၏ အမည်မှန်မှာ ဦးကျော်ဆန်း[၆/လလန(နိုင်)၀၈၅၁၃၃] ဖြစ်ပါသည်။ **ဦးကျော်ဆန်း**

အမည်ပြောင်း

ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ လမ်းသစ်လမ်းနေ အထက ပြည်ကြီးမဏ္ဍိုင် Grade–1 မှ မဆွိရတီနိုင်အား မအိမ့်မှူးကိုကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ့်မှူးကိုကို

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၀တိုးချဲ့(VIP) ရပ်ကွက်၊ ပတ္တမြား(၃)လမ်းထောင့်၊ အမှတ်–၈၄ ဟုခေါ်တွင်သော မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀တိုးချဲ့၊ မြေကွက်အမှတ်–၈၄၊ ဧရိယာ(၀.၁၅၈)ဧက အကျယ်ရှိ ဒေါ်မာလာမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်စုစုလတ်[၁၂/ကမရ(နိုင်)၀၁၉၁၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) (စဉ်–၆၇၀၂)

ယုနိုက်တက်ကွန်ဒို၊ အခန်း–၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၁၉၆/က)၊ ဧရိယာ(၀.၀၂၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို "နှစ်ဦးသဘောတူ မြေနှင့်နေအိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နုရီ [၆/မအရ(နိုင်)၀၅၇၃၂၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးသန်း [၁၂/သကတ(နိုင်)၁၄၉၇၈၀]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းဇော်ထွန်း	**ဒေါ်စန်းစန်းအောင်**
(စဉ်–၁၄၁၃၈/၂၀၁၈)	**(စဉ်–၁၀၈၁၂/၂၀၁၆)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

ရုံး– အမှတ်(၁၂၈/၁၈၀)၊ အခန်း (၄၀၈)၊ ၁၇လမ်း၊ (၂)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်လမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သော သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ (၀.၀၃၆)ဧက၊ ဂရန်အမှတ်အမှတ် RPNO–၅၉/V/၂၀၁၄–၂၀၁၅၊ ၂၁–၁၁–၂၀၁၄–၂၀–၁၁–၂၀၄၄အရ ဦးနေထွန်းအမည်ဖြင့် နှစ်(၃၀)အငှား ဂရန်ရရှိထားသော မြေအား ဦးဇော်ဝင်းက ဦးနေထွန်းထံမှ (၁၇–၈–၂၀၁၅) ရက်နေ့က သန်လျင် မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၂၂၆/၂၀၁၅)ဖြင့် ဝယ်ယူပိုင်ဆိုင်သော မြေဖြစ်ပါသည်။ အဆိုပါမြေကို ဦးဇော်ဝင်း၏ အထွေထွေ ကိုယ်စားလှယ်စာရပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုသူ ဒေါ်ဝတ်မှုံနိုင်[၁၂/သလန(နိုင်)၀၀၀၇၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း[၁၄/ဓနဖ(နိုင်)၁၀၂၁၂၅]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၆၇)

အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။

ဖုန်း–၀၉–၅၁၈၅၁၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၉၃၀)၊ မြေကွက်တည်နေရာအမှတ်(၉၃၀) မာလာမြိုင်လမ်း၊ (၁၉)ရပ်ကွက်ဒဂုံတောင်မြို့နယ်၊ ဦးမောင်မောင်မြင့်(၁၂/အစန(နိုင်)

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီဝင်း(၁၂/ပဇတ(နိုင်)၁၁၀၆၉၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ တိုက်အမှတ်(၂၂)၊ ခေါင်းရင်းဘက် မြေညီထပ်နှင့် ပထမလွှာတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီဝင်းမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးဝင်းထွန်း (၁၀/မလမ(နိုင်)၀၆၉၅၇၈)သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမြအောင် (အောင်ကြီး)

တရားလွှတ်တော်ရှေ့နေ(စဉ်–၃၉၁၃)

Aim Law Firm

အမှတ်(၁၇၁)၊ မြေညီ၊ ၂၈–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉၅၁၅၁၂၄၆

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၀၆၀)ဧကရှိ မြေကိုအမှုတွဲအမှတ်(ငါး) ၃၇၃/၁၉၉၃–၁၉၉၄အရ ဦးလှဦးနှင့် ဒေါ်အေးသန်းတို့ (၂)ဦး အမည်ဖြင့် (၂၉–၈–၁၉၉၄)မှ (၂၈–၈–၂၀၂၄) ထိ နှစ်(၃၀)အငှားဂရန်ရရှိထားသော မြေငှားစာချုပ်မှာ နယ်လှည့်တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်အား ပြန်လည်ထုတ်ယူခွင့်ပြုပေးနိုင်ပါရန် မြေခွန်ပြေစာနှင့် မှတ်ပုံတင်မိတ္တူတို့နှင့်အတူ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကျွမ်းကျင်မှု
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့်

မိန်ဘယက် ငန်းနီကျော်

နေပြည်တော်မြေကွက်ကျယ်အမြန်ရောင်းမည်။

စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် အကောင်းဆုံးနေရာ၊ နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ယောက်သွားအင်းရပ်၊ မြေအကျယ် ပေ ၉၀ - ပေ ၂၅၀၊ ၄၄၀ ပါဝါမီတာပါ၊ ဂရန်မြေ ချိုသာ သောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူ့ရမည်။ (ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးအနီး)

စုံစမ်းရန် – ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆

မိဘအမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ပန်းတင်အင်းရွာနေ အထက(ခွဲ)ပိတက်ကြီး Grade–11 ဒသမတန်းမှ မောင်ဖြိုးပိုင်စိုးနှင့် Grade–10 (သင်ရိုးသစ်)မှ မောင်ထွေးပိုင်မိုးတို့၏ မိဘ ဦးသိန်းလွင်–ဒေါ်စီပိုတို့၏ အမည်မှန်မှာ ဦးသန်းစိုး[၆/လလန(နိုင်)၀၇၁၅၈၀]၊ ဒေါ်မူမူချို[၆/လလန(နိုင်) ၁၄၄၃၁၄] ဖြစ်ပါသည်။

ဦးသန်းစိုး–ဒေါ်မူမူလွင်

မြေကွက်အမြန်ရောင်းမည်။



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၊ မြေကွက်အမှတ်–၅၀၇၊ အကျယ် (၂၄၀၀) စ/ပေ၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေပေါ်ရှိ အမှတ်(၅၀၇)၊ မာဃ (၁၃)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါက်တာဒေါ်သိန်းနွဲ့[၈/ခမန(နိုင်)၀၈၈၂၄၉] မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၉၂) **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/က၊ လူနေရပ်ကွက်အမှတ်–ခရေပင်ရိပ်မွန်အပိုင်း–၁၊ မြေကွက်အမှတ်–၂၄၊ ဧရိယာ(၀.၀၆၁)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမင်းသူ(ဘ)ဦးသိန်းဝင်း[၁၂/သခန(နိုင်)၀၃၈၂၃၃]အမည်ပေါက်လျက်ရှိပြီး [၎င်း၏ကိုယ်စား ဦးတင်ထွန်း[၁၂/သခန (နိုင်)၀၁၁၇၄၅]မှ တာဝန်ယူလက်မှတ်ရေးထိုး၍] လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၉၂) **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၁)**

အမှတ်–၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်။

[illegible] မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်သီနှစ် (LL.B, D.B.L, D.I.L)

တရားလွှတ်တော်ရှေ့နေ [illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ် (၁၅၉၅/ခ)၊ မြေအကျယ်အဝန်း ပေ(၂၁x၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကေသီမြ [၇/ရတရ(နိုင်)၀၇၇၄၃၉]ထံမှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ချိုမာလွင် [၇/ပခန(နိုင်)၁၃၁၆၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ် ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမောင်မောင်ထွန်း B.A (LAW), LL.B.

တရားလွှတ်တော်ရှေ့နေ(စဉ်–၂၆၅၃)

အမှတ်(၂၄–အေ)၊ (၃)လွှာ၊ သမိန်ဗရမ်းလမ်းနှင့်(၇)လမ်းထောင့်၊

ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉–၄၂၀၂၃၈၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၇)လမ်း၊ အမှတ်(၅၇၂/က)၊ ဒေါ်ခင်စောဦး၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ရီရီမြင့်တို့ အမည်ပေါက်သည့် နှစ် (၆၀) မြေငှားဂရန်ပါ မြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ရီရီမြင့်နှင့် ကွယ်လွန်သူ–ဒေါ်ခင်စောဦး၏ သားသမီးများဖြစ်ကြသော ဦးမျိုးလွင်ဦး [၁၂/မရက(နိုင်)၀၅၂၈၄၇]၊ ဒေါ်ချိုမာဦး[၁၂/မရက(နိုင်)၀၅၀၂၈၀]နှင့် ဒေါ်ချိုနွယ်ဦး [၁၂/ဥကမ(နိုင်)၀၂၅၂၇၈] တို့မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်တန်ဖိုး သတ်မှတ်ငွေများကို အပြီးအကျေပေးချေထားပြီး၊ မြေကွက်အားလက်ရောက် လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ**

ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြငွေး (H.G.P,LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)

ရုံး–(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၄၀၇၂၂၉

သီဟလင်း
အိမ်ကြောင်/အိမ်ရှေ့ရုပ်ငန်း
(10',14',16',18',22")တား
[illegible]
01-7570307
09-5112729
09-73009734
09-73242979

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/ မာန်ပြေ၊ မြေကွက်အမှတ် –၁၂၃၃/က၊ မြေဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်–၂၀/က၊ မာန်ပြေ(၁၉)လမ်း၊(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးညွန့်မောင် [၁၂/ပဇတ(နိုင်)၀၂၄၄၃၅]၊ ဒေါ်မြရီ (CI–၀၄၁၅၆၉) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား ဦးညွန့်မောင်(ဖခင်)နှင့်ဒေါ်မြရီ(မိခင်)တို့ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်သော ဒေါ်ခင်ရွှေရွှေ [၁၂/ပဇတ(နိုင်)၀၁၈၈၇၇]၊ ဦးနေဝင်း [၁၂/ပဇတ(နိုင်)၀၂၀၁၄၉]၊ ဦးသန်းဇော် [၁၂/ပဇတ(နိုင်)၀၁၉၇၇၃]၊ ဦးအောင်ကျော်သူ[၁၂/ပဇတ(နိုင်)၀၀၀၂၈၈] တို့မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

[illegible]

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် (၈၇၅)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်အဆောက်အအုံ၏ (ဒုတိယထပ်)၊ (၃)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲခြမ်း)၊ ဧရိယာ (၉၁၈) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးပိုင်မိုးသူ [၁၂/လမတ(နိုင်)၀၀၂၄၆၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဝေယံအောင် [၁၂/စခန(နိုင်)၀၇၀၁၈၈]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝေယံအောင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)
Level(၅၊၆၊၇၊၈)၊ တာဝါ (၂)၊ HAGL M yanmar Center Tower အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၈၊ မြေကွက်အမှတ်-၁၁၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးငွေဝင်း အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးငွေဝင်း(L/RGN-၀၃၃၆၀၅)ထံမှ အရပ်ကတိစာချုပ်ဖြင့် (၃၀-၃-၉၇) ရက်တွင် ဒေါ်တင်စိန်(CE-၀၁၈၆၄၃)မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်တင်စိန်ထံမှ အရပ်ကတိစာချုပ်ဖြင့် (၂၈-၆-၂၀၁၂) ရက်တွင် ဦးမြင့်သန်း[၁၂/တမန(နိုင်)၀၆၅၄၁၃]မှ ဝယ်ယူ၍လည်းကောင်း၊ ဦးမြင့်သန်း(ခင်ပွန်း)သည် (၂-၃-၂၀၁၆)ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ရီ[၁၂/တမန(နိုင်)၀၄၀၂၀၂]မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းနှင့် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၀/၇၅၅/၂၀၁၉ (၈-၁၀-၁၉)၊ (၁)စောင်၊ ထပ်ဆင့်ထောက်ခံသည့် ကျမ်းကျိန်လွှာအမှတ်-၁၀/၇၄၆/၂၀၁၉(၈-၁၀-၁၉)၊ ၁၀/၇၄၇/၁၉(၈-၁၀-၁၉)(၂)စောင်၊ ပါမစ်ပျောက်ဆုံးကြောင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၆၁၉/၂၀၁၉(၄-၁၀-၂၀၁၉) (၁)စောင်၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ စာချုပ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာခြင်းဖြစ်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုးပျဉ်ကာ(၂)ထပ် (၁)လုံးနှင့် သွပ်မိုးသွပ်ကာ(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ ထောင့်ကွက်ဖြစ်သောကြောင့် မျက်နှာစာ(၂)ဖက်လှည့်ထားပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပေါက် ဦးငွေဝင်းထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ရီမှ ပါမစ်ပျောက်ဆုံးကြောင်း တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးချစ်ဦး (လော)

အသက် (၈၀)

ပါမောက္ခ ဒေါက်တာစပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်နှင့် အတွင်းရေးမှူး၊ မြန်မာ HIV ဆေးပညာအဖွဲ့)၏ဖခင် ဦးချစ်ဦးသည် ၁၅-၇-၂၀၂၀ ရက် နံနက် ၂း၀၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးပညာဌာန၊
ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာရဲလွင်၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက်(၆၅)နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါက်တာလှမျိုးခင်

အသက် (၆၅) နှစ်

မန္တလေးမြို့၊ လမ်း(၈၀)၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြား၊ အိမ်အမှတ် (၁၄၆)နေ (ဦးတင်လှ-ဒေါ်ခင်မမ)တို့၏သမီး၊ (ဦးမောင်မောင်မြင့်-ဒေါ်ခင်ဆွေတင်)၊ (ဦးအောင်ကျော်တင်)-ဒေါ်ခင်ခင်မြတို့၏ ညီမ၊ ဒေါက်တာနိုင်လွင်၏ ချစ်လှစွာသောမွေးသမိခင်၊ မဖူးမြတ်သံသာလွင်၊ မောင်ထူးမြတ်လွင်တို့၏ ချစ်လှစွာသောအဘွား၊ တူ/တူမ လေးယောက်တို့၏အဒေါ် ဒေါက်တာရဲလွင် (မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး)၏ချစ်လှစွာသောဇနီး ဒေါက်တာလှမျိုးခင် အသက် (၆၅) နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃း၄၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲမိပါသည်။

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးတီတီ (ခ) ဦးပန်းသီး

အသက် (၆၂) နှစ်

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင် ဒေါ်စိန်စိန်ဝင်း၏ ခင်ပွန်း၊ အလုပ်အမှုဆောင် ဒေါ်ပိုးအိချစ်၏ဖခင်ဖြစ်သူ ဦးတီတီ(ခ) ဦးပန်းသီး အသက် (၆၂) နှစ်သည် ၁၆-၇-၂၀၂၀ ရက် ည ၁၁း၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်လှ

အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် ၊ (၁၄) ရပ်ကွက်၊ (၇)ဈေးလမ်း၊ အမှတ်(၁၄၇၉/ခ)နေ (ဦးဘလင်း-ဒေါ်ဖြူနု)တို့၏သား၊ (ဒေါ်ညွှန့်ရီ)၏ခင်ပွန်း၊ ဦးမျိုးမြင့်-(ဒေါ်မြင့်မြင့်ကြည်)၊ (ဦးစန်းဦး)-ဒေါ်သန်းသန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုကျော်လင်းနိုင်-မနှင်းလဲ့လဲ့အေး၊ မမော်နွယ်နွယ်ထွန်း၊ ဗိုလ်ကြီးလွင်ဘုန်းမြင့်-မနှင်းယုဝေ၊ မသင်းသီရိသော်တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၇-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်သန်း

အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၁၃)၊ အခန်း (၃)၊ ရန်နိုင်လမ်းသွယ် (၇)၊ အမှတ် (၄)ရပ်ကွက်နေ (ဦးဘအေး-ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးမောင်လှ)-ဒေါ်ခင်ဆွေရီ၊ (ဦးစိုးသန်း)-ဒေါ်စန်းကြည်တို့၏ အစ်ကို၊ (ဒေါ်မြညွှန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်ဦး-ဒေါ်နှင်းသိင်္ဂီ၊ (ဦးတေဇမြင့်)-ဒေါ်မေဦးခိုင် (Cosco Shipping Myanmar Ltd.)တို့၏ ဖခင်၊ မောင်ဝေယံဖြိုးဦး၊ မောင်ကောင်းခန့်၊ မောင်ကောင်းဆက်ဟိန်း၊ မောင်နေဒီဦးယံတို့၏အဘိုးသည် ၁၈-၇-၂၀၂၀ (စနေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၀-၇-၂၀၂၀(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်ဥမ္မာအေး (အထူးကုဆရာဝန်ကြီး / တွဲဖက်ပါမောက္ခ၊ ခုတင်-၅၅၀ ကလေးဆေးရုံကြီး၊ မန္တလေး)၏ ချစ်လှစွာသောဖခင်ကြီး ဦးအေး(ဖျာပုံ) အသက်(၈၆)နှစ်သည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဓာတ်မှန်ပညာအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်ဝင်း (ဇီးကုန်း)

အငြိမ်းစားဆရာမ၊ ရာသက်ပန်အသင်းဝင်

အသက် (၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ ဦးရိုန်-ဒေါ်အေးသိန်းတို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဌေးအောင်(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ၎င်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)

သွေးသည် အသက်

အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သက်သက်(ခ)မပိုးတီ (အိုးဘို)

အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် (၆၅)နေ (ဦးဘကြည် -ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးစိန်ထွန်း)၊ ဒေါ်စမ်းစမ်းထွန်း၊ ဒေါ်ခင်သန်းနွယ်၊ (ဦးခင်မောင်ဇေ -မခင်မိုးဆွေ)၊ ဒေါ်ခင်ချစ်ဆွေ တို့၏ညီမ၊ ဦးသိန်းဇေ -(ဒေါ်ခင်မာလာ)၊ ဦးမြင့်သိန်း တို့၏ အစ်မ သည် (၁၈.၇.၂၀၂၀) စနေနေ့ နံနက်(၁၁း၀၀)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သက်သက်(ခ)မပိုးတီ (အိုးဘို)

အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် (၆၅)နေ (ဦးဘကြည် -ဒေါ်အေးကြည်)တို့၏သမီး၊ ဦးမောင်မောင် ၏ ချစ်လှစွာသောဇနီး၊ ဦးတင်မောင်ဆွေ(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း/ဟံတား၊ Y.C.D.C) -ဒေါ်ခင်နန်းငြိမ်း၊ (ဦးမင်းမင်းဇော်)၊ ဦးညီညီဇော်တို့၏ ချစ်လှစွာသော မိခင်၊ မဝင့်ဝါထည် (မဟာဝိဇ္ဇာနှစ်၊ ရှေ့/ဂျ(YU))၊ မသီတာညိုဇော(ဒုတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်) တို့၏အဘွားသည် (၁၈.၇.၂၀၂၀)စနေ နေ့ နံနက်(၁၁း၀၀)နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ မွန်းလွဲပိုင်းတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသက်ထွန်း

လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တော

အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး (ငြိမ်း)

အသက် (၆၂) နှစ်

[ဦးသာမြ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ (ဦးဘုန်းကျော်-ဒေါ်နှင်းခင်)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းရီ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်(တတိယနှစ်၊ ဥပဒေ)၊ မယမင်းသက်တို့၏ဖခင်သည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ (၃)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၂၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူက ဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

facebook

အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြေးမုံ ယနေ့ဖတ်စရာ

ကပ်ရောဂါမှ ရုန်းအထ ဒူပေနာပေခံနိုင်မှု
စာမျက်နှာ » ၁၁

အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း တစ်သန်းကျော် ရှိလာစဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စမ်းသပ်
စာမျက်နှာ » ၁၂

ဥရောပသမဂ္ဂမှခေါင်းဆောင်များ ကိုရိုနာဗိုင်းရပ်စ်အပြီးကာလ စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် ဆွေးနွေး
စာမျက်နှာ » ၁၃

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၄၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံ လွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဇူလိုင် ၁၈
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် ၂၂ ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ၂၇ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၄၉ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

လွှဲပြောင်းပို့ဆောင်

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၉ ဦးမှာ အမျိုးသား ၃၀၊ အမျိုးသမီး ၁၉ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ နေပြည်တော်မှ ငါးဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၂၂ ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၈၈ ဦးနှင့် အမျိုးသမီး ၅၉၆၇ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၃၅၅ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

ချင်းတွင်းမြစ်ရေ စိုးရိမ်အမှတ်ထက် ကျော်လွန်

နေပြည်တော် ဇူလိုင် ၁၈
ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ ၃၁ ဦးအား ညောင်ရွှေမြို့၌ ကန့်သတ်စောင့်ကြည့်ထားရှိ

ညောင်ရွှေ ဇူလိုင် ၁၈
ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၁ ဦးသည် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ရာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကန့်သတ်စောင့်ကြည့်ထားကြောင်း သိရသည်။

နေရပ်ပြန်ပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက သတ်မှတ်အဆောင်အသီးသီး၌ နေရာချထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ နေရပ်ပြန်ပြည်သူများတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၂၈ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သုံးဦးဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်(ပြန်/ဆက်)

ကြေးမုံ

၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက်

အာဇာနည်နေ့

ဇူလိုင် ၁၉ ရက် ၂၀၂၀ ပြည့်နှစ် (တနင်္ဂနွေနေ့)

အထူးထုတ်

အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုပါ၏။

လေ့လာတည်ဆောက်အပ်သော အာဇာနည်များ၏ ခေါင်းဆောင်မှုအင်္ဂါရပ်များ

ဒေါက်တာမြတ်မိုး

မြန်မာနိုင်ငံတော်ကြီးအား စည်းလုံးညီညွတ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းထမ်းရွက်နေကြရဆဲ ဖြစ်ပါသည်။ မတူကွဲပြား ခြားနားမှုများနှင့် ပြည့်နေသော လူ့အဖွဲ့အစည်းများအတွင်း စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာ ရှိနှင့်နေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပေမည်။ သေးငယ်သော အဖွဲ့အစည်းတစ်ရပ်သည်ပင် မတူညီသောအယူအဆ၊ ခံယူချက်များအကြား သဘောထားချင်းတိုက်ဆိုင်မှုတရန် ခက်ခက်ခဲခဲ ညှိနှိုင်းပြီးမှ ရည်မှန်းချက်ကို ရောက်ကြရသည်။ အဖွဲ့အစည်းတစ်ခုအတွင်းမှာ ခေါင်းဆောင်မှုကင်းမဲ့လျှင် တူညီသောသဘောထားရရှိရန် ခက်ခဲနေတတ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် ဆိုလျှင် တိုင်းရင်းသားအချင်းချင်း၊ လူမျိုးစုအချင်းချင်းကြား သဟဇာတဖြစ်မှုနှင့် တည်ငြိမ်မှုရရှိရန်အတွက် ပညာဉာဏ်အမြော်အမြင်ဖြင့် ပြည့်စုံသောခေါင်းဆောင်မှုသည် အဓိက လိုအပ်ချက်ဖြစ်ပါကြောင်း သမိုင်းက ပြဆိုလျက်ရှိပါသည်။

လိုအပ်နေသော ခေါင်းဆောင်မှုစိတ်ဓာတ်

ဗြိတိသျှလက်အောက်မှလွတ်လပ်ရေးကို ရရှိရန်အရေးကြီးနေသည့် အချိန်တွင် လွတ်လပ်ရေးကို အာမခံချက်ပေးမည့် သမိုင်းဝင် ပင်လုံစာချုပ်ကို ချုပ်ဆိုဖြစ်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရယူပေးနိုင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှု၊ ကိုယ်ကျိုးစွန့်နိုင်မှုနှင့် လွတ်လပ်ရေးဆိုသည့် တစ်ခုတည်းသော ရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံသည့် အမြော်အမြင်ရှိမှုစသည့် ခေါင်းဆောင်မှုစွမ်းရည်များသည် ထင်ရှားပေါ်လွင်ခဲ့ပါသည်။ အသက် ၂၀ အရွယ်ခန့်တွင်ပင် ကျောင်းသားခေါင်းဆောင်၊ အသက် ၂၄ နှစ်အရွယ်ခန့်တွင် နိုင်ငံရေးခေါင်းဆောင်၊ အသက် ၂၈ နှစ်အရွယ်ခန့်တွင် စစ်သေနာပတိ ဗိုလ်ချုပ်ရာထူးရယူနိုင်စွမ်းသည့် လွတ်လပ်ရေးခေါင်းဆောင်တစ်ဦး၏ မယိမ်းမယိုင်သော စိတ်ဓာတ်သည် အဘယ်ကိုအခြေခံသနည်း။ ထိုထိုသော ခေါင်းဆောင်မှုစွမ်းရည်နှင့် စိတ်ဓာတ်များသည် ယနေ့ကာလတွင် အထူးလိုအပ်နေရာ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်ထံမှ လေးစားအားကျအတုယူထိုက်သည့် ခေါင်းဆောင်မှုစွမ်းရည်များကို အမြဲလေ့လာ ထုတ်နုတ်သုံးသပ် အသုံးချနေရမည်သာဖြစ်ပါသည်။

တူညီသောပန်းတိုင်အတွက် စိတ်ဓာတ်နှင့် စွမ်းရည်များ

မြန်မာပြည်သူတစ်ရပ်လုံး လှမ်းကိုင်ရမည့်ပန်းတိုင်ကား လွတ်လပ်ရေးဖြစ်သည်ဆိုသည့်အချက်သည် အာဇာနည်ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများ၏ တစ်ထပ်တည်းကျသော၊ တူညီသောပန်းတိုင်ဖြစ်သည်။ ဤနေရာတွင် တူညီသော ရည်မှန်းချက်၊ တူညီသောပန်းတိုင်ရရှိရေးသည် ဗိုလ်ချုပ်တို့နှင့် တိုင်းရင်းသားများ၏ အပြန်အလှန် သဘောထားကြီးမှုများနှင့် ဆက်စပ်နေသည်ကိုလည်း တွေ့ရသည်။ ဗိုလ်ချုပ်တို့သည် ကိုယ့်အမြင် ကိုယ့်သဘောထားသာမက သူတို့ဘာတွေလိုချင်နေသလဲ၊ ဘာဖြစ်ချင်တာလဲဆိုသည့် တစ်ပါးသူအမြင်ကိုပါ သိရှိရန်ကြိုးစားခဲ့ကြသည်။ သူ့ဘက်ကိုယ့်ဘက် လိုလားချက်များ အပြန်အလှန်သဟဇာတဖြစ်အောင် လုပ်နိုင်စွမ်းလည်းရှိကြသည်။ ဘုံရည်မှန်းချက်တူသည့်အတွက် သူ့ဘက်ကိုယ့်ဘက် အခက်အခဲများကို အပြန်အလှန်နားထောင်ပေးတတ်သည့် အလေ့အထက အပြန်အလှန်နားလည်မှုကို ပိုမိုတိုးပွားစေပြီး အပေါင်းလက္ခဏာဆောင်သည့် ခေါင်းဆောင်တစ်ယောက်၏ ဩဇာညောင်းမှုကို ရရှိနိုင်ကြောင်း လေ့လာမိပါသည်။

> ☆ မြန်မာပြည်သူတစ်ရပ်လုံး လှမ်းကိုင်ရမည့်ပန်းတိုင်ကား လွတ်လပ်ရေးဖြစ်သည်ဆိုသည့်အချက်သည် အာဇာနည်ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများ၏ တစ်ထပ်တည်းကျသော၊ တူညီသောပန်းတိုင်ဖြစ်
>
> ☆ ဘုံရည်မှန်းချက်တူသည့်အတွက် သူ့ဘက် ကိုယ့်ဘက် အခက်အခဲများကို အပြန်အလှန်နားထောင်ပေးတတ်သည့် အလေ့အထက အပြန်အလှန်နားလည်မှုကို ပိုမိုတိုးပွားစေပြီး အပေါင်းလက္ခဏာဆောင်သည့် ခေါင်းဆောင်တစ်ယောက်၏ ဩဇာညောင်းမှုကို ရရှိနိုင်ကြောင်း လေ့လာမိ

အာဇာနည် ခေါင်းဆောင်များထံတွင် တွေ့ရှိရသော သဘောထားကြီးမှုဟူသော လက္ခဏာတစ်ရပ်ကို ခံစားနားလည်ပေးတတ်သည့် ကိုယ်ချင်းစာတရားဟူသော ဂုဏ်ပုဒ်ဖြင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် ယနေ့ကာလတွင် အထူးလိုအပ်နေသည့် ဘက်ညီမျှတသော ညီညွတ်မှုတစ်ရပ်ကို ရရှိရန်မခဲယဉ်းနိုင်ပါ။ ထိုသို့သော တူညီသောဆန္ဒများ တစ်ထပ်တည်းကျမှုက အလိုအပ်ဆုံးသော နိုင်ငံချစ်စိတ်ကို တိုင်းရင်းသားအားလုံးထံ ရောက်ရှိပျံ့နှံ့စေခဲ့သည်ကို တွေ့ရှိရသည်။ လွတ်လပ်ရေးပန်းတိုင်သို့အရောက် ချီတက်နိုင်ရန် တိုင်းရင်းသားအားလုံး သဘောထားချင်းညီမျှရမည်ဟူသော နိုင်ငံရေးရည်မှန်းချက်၊ အခြေအနေ အချိန်အခါနှင့်အညီ နိုင်ငံခြားစစ်တပ်ထံမှ လက်နက်၊ စစ်ပညာကို ကျားကုပ်ကျားခဲရယူ၍ တိုက်ယူရမည်ဟူသော စစ်ရေးရည်မှန်းချက်များကို ဗိုလ်ချုပ်တို့သည် တိတိကျကျချမှတ်နိုင်စွမ်းရှိခဲ့သည်။ ထိုသို့ ချမှတ်နိုင်စွမ်းရှိမှုက ခေါင်းဆောင်တစ်ဦးထံတွင် ရှိအပ်သော ယုံကြည်ချက်ပြင်းပြမှုနှင့် ခံယူချက်ကောင်းမွန်မှု၊ ခံနိုင်ရည်ရှိမှုနှင့် စွန့်လွှတ်စွန့်စားလိုသော စိတ်ဓာတ်တို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

ခေါင်းဆောင်မှုအတွက် လိုအပ်သောလေ့လာသင်ယူနိုင်စွမ်း

အာဇာနည်တို့၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက စာရေးစာဖတ်ဝါသနာပါသူတစ်ဦး၊ စာပေမြတ်နိုးသူတစ်ဦးဖြစ်သည့်အလျောက် ကျင်လည်ရာ ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ စစ်သားဘဝပေါင်းစုံတွင် မိမိ၏ကိုယ်စွမ်းကိုယ်စကို မိမိကိုယ်တိုင်ပြုစုပျိုးထောင်တတ်သည့် အကျိုးကျေးဇူးကိုရရှိစေသည်။ စာပေအတွေ့အကြုံက တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်ကို မွေးမြူလေ့ကျင့်ပေးသလိုလည်း ဖြစ်စေသည်။ လေ့လာအားကောင်းသူတစ်ယောက်အတွက် အသက်အရွယ်နှင့်မလိုက်ရင့်ကျက်မှုပြည့်ဝစေသည်ကို တွေ့ရပြီး စွမ်းဆောင်မှုမျိုးစုံကို ပြသခွင့်ရသည့်အလျောက် ခြားနားသောအခြေအနေ အမျိုးမျိုးတွင် ဦးဆောင်နိုင်စွမ်းရှိပုံကိုလည်း လေ့လာနိုင်ပါသည်။ စဉ်ဆက်မပြတ်လေ့လာနိုင်စွမ်းသည် အနာဂတ်အမြင် စူးရှထက်မြက်မှုကိုလည်း ဖြစ်ပေါ်စေသည်။ များများတွေးတတ်ပြီး အရာရာကို နက်နက်နဲနဲ ဖြန့်ကြက်တွေးတောနိုင်စွမ်းက ပဋိပက္ခအတွင်းမှာ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်စွမ်းကို ပေးဆောင်သည်။ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း ရှေ့ကို ကြိုမြင်နိုင်စွမ်းသော၊ ရှေ့အလားအလာကို တွက်ချက်နိုင်စွမ်းသော ဗိုလ်ချုပ်၏ မြော်တွေးနိုင်စွမ်းများစွာကို အကဲခတ်မိပြီး ကျောင်းသားခေါင်းဆောင်၊ သခင်နိုင်ငံရေးခေါင်းဆောင်၊ BIA/BDA စစ်ရေးခေါင်းဆောင်စသည်ဖြင့် ခေါင်းဆောင်မှုပုံစံအမျိုးမျိုးဖြင့် ရပ်တည်၍ လူထုကို ဦးဆောင်နိုင်ခဲ့ပုံများသည် အနာဂတ်အမြင်ရှိမှု၊ ကြိုတင်မြော်တွေးနိုင်မှုများနှင့် ဆက်စပ်နေကြောင်း လေ့လာမိပါသည်။

လှုံ့ဆော်နိုင်စွမ်းရှိသည့် စည်းရုံးရေးမှူးကောင်း

လူထုခေါင်းဆောင်ဟူသည် လူထုကိုအားပေးလှုံ့ဆော်နှိုးဆွနိုင်စွမ်းရှိရမည်။ လူထု၏ ပူးပေါင်းပါဝင်မှုမပါဘဲ တစ်နှစ်အတွင်း

အထူးထုတ် [၈] သို့ »»

ဆယ့်ကိုးဇူလိုင်

* သည်ရက်ချိန်ခါ ရောက်ကာလာလျှင်
မြန်ပြည်အလုံး ကြိမ်မီးအုံးသို့သွင်
လွမ်းရိပ်ဝေဆင် ပူပင်လောင်ကျွမ်း
ဆယ့်ကိုးဇူလိုင် မမေ့နိုင်
ဖြိုင်ဖြိုင်မျက်ရည် သွန်းသည်နှင့်လေး။

* ရာကျော်နှစ်ပေါင်း ကြာညောင်းခဲ့သည်
သူ့ကျွန်ဘဝ ရောက်ခဲ့ကြရပြီ
မျိုးချစ်စိတ်ညီ နောင်ညီမခွဲ
ရဲရဲတော်လှန် ဖွဲ့အားမာန်
စားလုံ့လက်နက် ဆွဲသည်နှင့်လေး။

* မြန်ပြည်လွတ်လမ်း ကြိုးပမ်းခဲ့တာ
ကြီးစည်အားထုတ် ဗိုလ်ချုပ်အောင်ဆန်းပါ
တိုင်းကားပြည်ရွာ နေရာအနှံ့
စည်းရုံးရေးဆင် ပြည်အားအင်
ခရီးနှင် ခြေဆန့်သည်နှင့်လေး။

* ရပ်ရွာခွင်တိုင်း အုံ့ဆိုင်းမှိုင်းရီ
ကံကြမ္မာရိုင်း မုန်တိုင်းတိုက်ခတ်ပြီ
ကိုးဦးဇာနည် မြန်ပြည်ချစ်ပန်း
သက်ဇီဝိန်ခြွေ ယမ်းငွေ့ဝေ
သွေးမြေခကာ လွှမ်းသည်နှင့်လေး။

* ရာတက်ဆိုးပူလှိုင် ယနေ့တိုင် ကမ္ဘာတည်ဘယ်မဆုံးပြီ
ဆယ့်ကိုးဇူလိုင် မမေ့နိုင် စာပန်းချီခြယ်မှုန်းသီ။

မောင်လွမ်းရည်(ရွှေတောင်)

»» အထူးထုတ် [ခ] မှ

လွတ်လပ်ရေးရရှိမည်ဟူသော ရည်မှန်းချက် မရောက်နိုင်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံး မျိုးချစ်စိတ်အရင်းခံသည့် လွတ်လပ်ရေးရလိုစိတ်များ ပေါ်ပေါက်လာပြီး မြန်မြန်ရွေ့အောင် တွန်းအားပေးနိုင်ခဲ့သည့် စွမ်းရည်ကို အာဇာနည်ခေါင်းဆောင်များထံတွင် တွေ့ရှိရသည်။ တက်ကြွအောင်အားပေးနိုင်စွမ်းရှိသည့် ခေါင်းဆောင်ကောင်းတစ်ယောက်၏လက်နက်သည် စည်းရုံးရေးလက်နက်ပင်ဖြစ်သည်။ တောရောမြို့ပါမကျန်၊ တစ်ပြည်လုံး ကလေးလူကြီးမကျန် တိုင်းရင်းသားအားလုံးပါဝင်လာစေသည်အထိ စည်းရုံးနိုင်စွမ်းက ခေါင်းဆောင်နှင့် ပြည်သူအကြား ရည်မှန်းချက်ကို ထပ်တူညီမျှစေသည်။ ခံစားချက်ချင်း တစ်ထပ်တည်းကျမှုသည် ခေါင်းဆောင်နှင့် ပြည်သူအကြားအပြန်အလှန်ယုံကြည်မှုကို ဖြစ်ပေါ်စေကြောင်း သင်ခန်းစာယူနိုင်ပါသည်။ အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သော မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းကိုယ်တိုင်ပင် စော်ဘွားတစ်ဦးအဖြစ်ခံယူသော်လည်း တောင်တန်းနှင့်မြေပြန့် သွေးခွဲအုပ်ချုပ်သည်ကို မလိုလားသူ၊ မြေပြန့်နှင့်တောင်တန်း စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်ခဲ့ပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ရှမ်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်ကိုတွေ့ရသည်။ စည်းရုံးရေးမှူးခေါင်းဆောင်ကောင်းတစ်ဦးအဖို့ အများ၏ မေတ္တာ၊ စေတနာ၊ ကရုဏာနှင့် ယုံကြည်ကိုးစားမှုကိုရရှိနိုင်ပြီး ခေါင်းဆောင်က ဖြစ်စေချင်သည့် မှန်ကန်သောလိုလားတောင်းဆိုမှုမှန်သမျှ လူထုထံ အလျင်အမြန်ရောက်ရှိကူးစက်ရန် မခဲယဉ်းနိုင်ကြောင်းလည်း တွေ့ရှိရပေမည်။ တွန်းအားပေးနိုင်စွမ်းရှိသည့် မည်သူကိုမဆို အများက ယုံကြည် အားကိုး အားထားပြုနေကြမည်မှာ မလွဲပါ။

အရေးပါသည့် ကြီးကြပ်ပေါင်းစပ်ညှိနှိုင်းနိုင်စွမ်း

လက်ရုံးရည်နှင့် နှလုံးရည်ကို သူ့နေရာနှင့်သူ မှန်ကန်မျှတစွာအသုံးချနိုင်မှုသည် အုပ်ချုပ်ရေးအတွေ့အကြုံကို ပေးစွမ်းနိုင်ပါသည်။ အရင်းခံစိတ်စေတနာကောင်းကို ကြီးကြပ်လမ်းညွှန်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အမြင်ကျယ်မှုစသည့်သဘောတရားများနှင့် ပေါင်းစပ်လိုက်ပါက အောင်မြင်သော စီမံအုပ်ချုပ်နိုင်စွမ်းရှိပုံကို ဗိုလ်ချုပ်ဦးဆောင်ကျင်းပသည့် ၁၉၄၇ ခုနှစ် ဆိုရန်တိုဗီလာ ပြန်လည်ထူထောင်ရေးညီလာခံကျင်းပစဉ်ကာလတွင် တွေ့မြင်ခဲ့ရသည်။ ထိုကာလကား နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုကျဆင်းကာ မငြိမ်မသက်ဖြစ်ပြီး ကုန်ဈေးနှုန်းများလည်း ကြီးမြင့်နေသည့်ကာလတစ်ခုဖြစ်သည်။ အရေးကြီးကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည့် လုပ်ဖော်ကိုင်ဖက်များအား သူ့လူကိုယ့်လူမခွဲခြားဘဲ နေရာပေး တာဝန်ပေးအပ်နိုင်ခြင်း၊ ပြဿနာကိုဖော်ထုတ်ပြီး အများ၏အမြင်ကို နားထောင်ခြင်း၊ အတွေ့အကြုံရှိသူများ၏ အကြံဉာဏ်ကို ရယူပြီးမှ ဆုံးဖြတ်ချက်ချခြင်း၊ ရှုထောင့်အမျိုးမျိုးမှ ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြမှုများကို စိတ်ဝင်တစားနားထောင်ပေးခြင်း စသည့်အချက်များကြောင့် ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် နောက်ဆုံးတွင် အားလုံးသဘောတူညီချက်ဖြင့် မှန်ကန်မျှတသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပုံကို ပြသနေပါသည်။

အထူးထုတ် [ဃ] သို့ »»

**တက်ကြွအောင်
အားပေးနိုင်စွမ်းရှိသည့်
ခေါင်းဆောင်ကောင်း
တစ်ယောက်၏
လက်နက်သည် စည်းရုံးရေး
လက်နက်ပင်ဖြစ်သည်။
တောရော မြို့ပါမကျန်၊
တစ်ပြည်လုံး
ကလေး လူကြီးမကျန်
တိုင်းရင်းသားအားလုံး
ပါဝင်လာစေသည်အထိ
စည်းရုံးနိုင်စွမ်းက
ခေါင်းဆောင်နှင့်
ပြည်သူအကြား
ရည်မှန်းချက်ကို
ထပ်တူညီမျှစေ . . .**

»» အထူးထုတ် [၈] မှ

ခေါင်းဆောင်အင်္ဂါရပ်များအခြေခံ ရိုးသားဖြောင့်မတ်မှု

ခေါင်းဆောင်ကောင်း တစ်ယောက်၏ အင်္ဂါရပ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် သိက္ခာ သမာဓိ ရှိခြင်း၊ တာဝန်ယူတာဝန်ခံမှုရှိခြင်း၊ အမြော်အမြင်ရှိခြင်း၊ ဆန္ဒပြင်းပြမှုနှင့် ရဲစွမ်းသတ္တိ ပြည့်ဝခြင်း၊ ကိုယ်ချင်းစာတရားနှင့် သဘောထားကြီးခြင်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိခြင်း၊ တက်ကြွပြီး ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိခြင်းစသည့် အရည်အချင်းများ အားလုံး၏အခြေခံသည် ရိုးသားဖြောင့်မတ်တည်ကြည်မှုပင်ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်မှုအရင်းခံလျှင် ဖော်ပြပါအင်္ဂါရပ်များကို လေ့ကျင့်တည်ဆောက်ရန်မခဲယဉ်းတော့သလို မှန်ကန်မျှတသော အရည်အချင်းများကိုသာ အစဉ်ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ခေတ်အခြေအနေအလိုက် ခေါင်းဆောင်အင်္ဂါရပ်များ ပြောင်းလဲနေကာမူ ရိုးသားဖြောင့်မတ်မှုရှိသူတစ်ဦးအဖို့ မည်သည့်အခြေအနေကို ကြုံတွေ့ရသည်ဖြစ်စေ အရာရာကို လိုက်လျောညီထွေစွာ ဦးဆောင်နိုင်စွမ်းရှိတတ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အမှန်အတိုင်းပြော၍ မမှန်တာဆိုမလုပ်ဘဲ အမှန်အတိုင်း လုပ်တတ်သူဟုသာ ပြည်သူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြိုင်ဘက် ခေါင်းဆောင်များ၊ ကိုလိုနီအုပ်စိုးသူများကိုယ်တိုင်က ရှုမြင်ကြသည်။ ဗိုလ်ချုပ်၏ မိမိကိုယ် မိမိမာန်မာနနှိမ့်ချတတ်သည့်အလေ့က ခေါင်းဆောင်တစ်ယောက်၏ ရိုးသားမှုကို အရောင်တင်ပေးသည်။ ရိုးသားမှုကြောင့် မိမိကိုယ်မိမိနှိမ့်ချတတ်ပြီး ပိုမိုရောင့်ရဲတတ်လာသည်။ ဂျပန်ခေတ်ချမ်းသာ ကြွယ်ဝလာသူများအကြားတွင် မိမိစိတ်ကို မိမိထိန်းချုပ်နိုင်မှုကြောင့် တန်ခိုးဩဇာကြီးမားသော ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း အာဏာကို အလွဲသုံးစားမလုပ်ဘဲ တိုင်းပြည်ကို သစ္စာမဖောက်ခဲ့ပုံကိုလည်း လေ့လာမှတ်သားမိသည်။ ရိုးသားမှုရှိသည့် ခေါင်းဆောင်တစ်ဦးဖြစ်၍ အများ၏ တန်ဖိုးများကိုလည်း နားလည်နိုင်စွမ်းရှိသည်။ မာန်မာနမတက်အောင် နေတတ်သူသည် မိမိကိုယ်မိမိလည်း အမြဲဝေဖန်သုံးသပ်နေတတ်သည်။ လွတ်လပ်ရေးရလိုဇောနှင့် ဂျပန်ကို အထင်ကြီးလေးစား ပူးပေါင်းမိခဲ့ကြောင်း ဗိုလ်ချုပ်ကိုယ်တိုင် ဝန်ခံခဲ့ခြင်းက ခေါင်းဆောင်ကောင်းတစ်ယောက်၏ ရိုးသားမှုကိုလည်း ထင်ဟပ်ရာရောက်ပါသည်။ မိမိစိတ်မိမိ သန့်ရှင်းစင်ကြယ်အောင်နေပြီး တိုးတက်အောင် အစဉ်ကြိုးစားနေသူတစ်ဦးအဖို့ ဗိုလ်ချုပ်၏ရိုးသားဂုဏ်သည် စံပြုဖွယ်ရာဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အရှိန်ယူတည်ဆောက်နေရသော အသိပညာရင့်ကျက်စ လူငယ်လူရွယ်များအတွက် အာဇာနည်ခေါင်းဆောင်အင်္ဂါများကို လေ့လာလေ့ကျင့်ထားမှသာ အနာဂတ်ငြိမ်းချမ်းသော လူ့ဘောင်တစ်ရပ်ကို ပုံဖော်နိုင်မည်ဟု ယုံကြည်ပါသည်။

ယနေ့ နိုင်ငံသားကောင်း သမီးကောင်းများသည် အနာဂတ်တွင် ကျရာကဏ္ဍမှ ခေါင်းဆောင်များအဖြစ် တာဝန်ယူရနိုင်ပါသည်။ ခေါင်းဆောင်မှုအားလုံး၏ အခြေခံသည် ရိုးသားဖြောင့်မတ်မှုပင်ဖြစ်သည်ကို အလေးပေးခံယူထားရပါမည်။ အနာဂတ်မျိုးဆက်များအတွက် ဝန်းကျင်ကောင်းတစ်ခုဖန်တီးရာတွင် အာဇာနည်ခေါင်းဆောင်များ၏ ခေါင်းဆောင်မှု အရည်အသွေးများကိုအစဉ်လေ့လာကြိုးစားတည်ဆောက်သင့်ကြပါသည်။ ဗိုလ်ချုပ်၏အမွေသည် ရိုးသားမှုနှင့် ကိုယ်ကျင့်တရားပင်ဖြစ်၍ ခေါင်းဆောင်မှုများအားလုံးအတွက် တကယ့်ခွန်အားဖြစ်သလို သဟဇာတဖြစ်ရန်ကြိုးစားတည်ဆောက်နေရသည့် နိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ထို့အတွက်လည်း (၇၃) နှစ်မြောက် အာဇာနည်နေ့ နေ့ထူးနေ့မြတ် ကို ဂုဏ်ပြုကြိုဆိုလျက် "ခေါင်းဆောင်မှုအခြေခံဖြစ်သော ရိုးသားဖြောင့်မတ်မှုဖြင့်" ငြိမ်းချမ်းသာယာမှုကို တည်ဆောက်နိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

ခေါင်းဆောင်ကောင်းတစ်ယောက်၏ အင်္ဂါရပ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် သိက္ခာ သမာဓိရှိခြင်း၊ တာဝန်ယူ တာဝန်ခံမှုရှိခြင်း၊ အမြော်အမြင်ရှိခြင်း၊ ဆန္ဒပြင်းပြမှုနှင့် ရဲစွမ်းသတ္တိပြည့်ဝခြင်း၊ ကိုယ်ချင်းစာတရားနှင့် သဘောထားကြီးခြင်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိခြင်း၊ တက်ကြွပြီး ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည့်အရည်အချင်းများအားလုံး၏ အခြေခံသည် ရိုးသားဖြောင့်မတ်တည်ကြည်မှုပင်ဖြစ် . . .

ဗိုလ်ချုပ်ကိုချစ်လျှင်

အောင်ဆန်းမှသည်၊ အာဇာနည်တို့
မြန်ပြည်လွတ်ရေး၊ အသက်ပေး၍
စတေးခဲ့သည်၊ တကယ့်တိုင်းပြည်ကျေးဇူးရှင်။
ပြည်သူ့ချစ်ပန်း၊ ဗိုလ်အောင်ဆန်းကို
ကြည်ညိုချစ်ခင်၊ မြတ်နိုးကြင်မှု
လုပ်ခွင်ကြိုးပမ်း၊ စည်းကမ်းလိုက်နာ
မရှာကိုယ်ကျိုး၊ ရိုးသားဖြောင့်မှန်
ထက်သန်စိတ်ဓာတ်၊ ရှောင်အပ်အဂတိ
ချစ်ဘိတိုင်းပြည်၊ ကိုယ်ရည်မသွေး
နောက်ဖေးဈေးဆိုင်၊ ကိုယ်တိုင်မြေပေါက်
လက်အောက်ကိုညှာ၊ ချွေတာခြိုးခြံ
ရှာကြံဗဟု၊ လေ့လာမှုဖြင့်၊ အတုယူမှ
ချစ်ရာကျမည်၊ အဖဗိုလ်ချုပ်အာဇာနည်
အမျိုးသားခေါင်းဆောင် သခင်အောင်ဆန်း ဂုဏ်ရည်။
အလေးပြုကြပါမည်။

မောင်ကျေးဇူး

မကြာမီရောက်ရှိလာတော့မယ့် မွန်ပြည်နယ်က ဝါဆိုပန်းခူးထွက်လည်တဲ့ဓလေ့နဲ့ ကိုဗစ်ကာလ

ကိုဟိန်း(ပေါင်)

ယမန်နှစ်က ဇင်းကျိုက်ရေတံခွန်သို့ ဝါဆိုပန်းခူးထွက်လာကြစဉ်။

ယခုလိုမိုးတွင်းကာလ ရောက်ရှိလာပြီဆိုရင် မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တောတောင်စိမ့်စမ်းရေတွေကလည်း သဘာဝအလျှောက် လှပစွာ ကျဆင်းနေပါပြီ။ ဒီလိုလှပတဲ့တောတောင်တွေထဲက စိမ့်စမ်းရေတံခွန်တွေရှိတဲ့ နေရာတွေကို လာရောက်အပန်းဖြေကြတဲ့သူတွေလည်း ပုံမှန်အစိုးရရုံးပိတ်ရက်တွေမှာဆိုရင် လူဦးရေထောင်ဂဏန်း၊ သောင်းဂဏန်းအထိ ရှိနေပါတယ်။ ဒီထဲကမှ ထူးခြားတဲ့အချက်တစ်ခုက မွန်ပြည်နယ်အတွင်းမှာ ဝါဆိုပန်းခူးထွက်တဲ့ ဓလေ့တစ်ခုကလည်း ရှိနေပါတယ်။ ဒီဝါဆိုပန်းခူးထွက်တဲ့ကာလမှာဆိုရင် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ ဇင်းကျိုက်ရေတံခွန်နဲ့ ဆင်ရွာရေတံခွန်တွေကို ဝါဆိုပန်းခူးထွက်တဲ့ ဝါဆိုလပြည့်နေ့နဲ့ လပြည့်ကျော်တစ်ရက်နေ့တွေမှာဆိုရင် လူဦးရေသိန်းဂဏန်းအထိ လာရောက်လည်ပတ်မှုများ ရှိခဲ့ပါတယ်။

ယခုလို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာ ရေတံခွန်တွေကို လာရောက်လည်ပတ်ရေကစားခြင်းမပြုလုပ်ကြဖို့ကို သက်ဆိုင်ရာက ဗီနိုင်းပိုစတာတွေနဲ့ အသိပေးကြေညာထားသော်လည်း လက်ရှိမှာတော့ လာရောက်လည်ပတ်သူတွေနဲ့ စည်ကားလို့နေပါတယ်။

ဒါကြောင့် မကြာမီရောက်ရှိလာမယ့် ဝါဆိုပန်းခူးတဲ့ကာလမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ဖို့ဆိုရင် ပြည်သူတွေအနေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာဖို့လိုအပ်တယ်လို့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက ပြောပါတယ်။

ညွှန်ကြားချက်တွေကို လိုက်နာ

"ဒီရောဂါကလည်း သိတဲ့အတိုင်းပါပဲ။ အကုန်လုံးက နေပြီးတော့မှ ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရန် ရှောင်ရန် ညွှန်ကြားချက်တွေကို လိုက်နာမှသာ ရောဂါဖြစ်ပွားမှုက လျော့ကျလာမယ်၊ ကင်းစင်လာမယ်၊ တတ်နိုင်သမျှ ရေတံခွန်ပိတ်သိမ်းထားတဲ့ကာလမှာ လူစုလူဝေးနဲ့ ရေတံခွန်လာတာပဲဖြစ်ဖြစ်၊ ဈေးသည်တွေဆီကနေ ဝယ်ယူစားသုံးတာပဲဖြစ်ဖြစ် အစုအဝေးတော့ ကျွန်တော်တို့ မဖြစ်စေချင်ပါဘူး။ တတ်နိုင်သမျှ ဒီကာလမှာ ခဏလေးသည်းခံပြီးတော့ နေစေချင်ပါတယ်"ဟု ၎င်းက ဆိုပါတယ်။

မွန်ပြည်နယ်ထဲမှာဆိုရင် ဇင်းကျိုက်ရေတံခွန်တစ်ခုတည်းသာ စည်ပင်သာယာရေးအဖွဲ့ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိနေတာပါ။ ဒါကြောင့် ရောဂါထိန်းချုပ်နိုင်တဲ့အခြေအနေရောက်လို့ အစိုးရက တရားဝင်ပြန်လည်ခွင့်ပြုလိုက်တဲ့အခါမှသာ လာရောက်လည်ပတ်ကြဖို့ မီဒီယာတွေကနေတစ်ဆင့် အကြောင်းကြားပေးပါမယ်လို့ ၎င်းက ဆက်လက်ပြောပါတယ်။

အဲဒီလိုပဲ အခြားတစ်ဖက်ကနေ ပြန်ကြည့်ရရင် ဒီဝါဆိုပန်းခူးတဲ့ကာလမှာ ရေတံခွန်ကိုသာ လာရောက်လည်ပတ်ခွင့် ပိတ်လိုက်မယ်ဆိုရင်လည်း ဒီအပေါ်မှာမှီခိုပြီး လုပ်ကိုင်စားသောက်နေကြတဲ့ ဈေးသည်တွေနဲ့ ရေတံခွန်ကိုလေလံစွဲထားတဲ့သူတွေကလည်း အခက်အခဲများစွာ ကြုံတွေ့သွားနိုင်ပါတယ်။

"အခုလို ပိတ်ထားတဲ့အခါကျတော့ ရပ်ဝေးကနေ အပန်းဖြေလာမယ့်သူတွေက မလာကြတော့ဘူး။ အနီးအနားကပဲ လာကြတော့တယ်။ လာတယ်ဆိုတာကလည်း ရေတံခွန်ရယ်လို့တော့ မဟုတ်ဘူး။ သူတို့ဘုရားလာချင်လာမယ်။ ဒီမှာရှိတဲ့ ရှူခင်းလေးတွေနဲ့ နောက်ခံထားပြီး ဓာတ်ပုံရိုက်ကြမယ်။ စားပြီးသောက်ပြီးပြန်မယ်။ ခါတိုင်းလို အခြေအနေမျိုးဆိုရင် ရေတံခွန်က စည်တာပေါ့။ ဒီနှစ်ကတော့ ဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူး။ သတ်မှတ်ထားတဲ့ လေလံကြေးကိုတောင် မမီတော့ဘူး။ အမြတ်ရဖို့တော်တော်ဝေးသွားပါပြီ"ဟု ဇင်းကျိုက်ရေတံခွန်တွင် ယာဉ်အပ်နှံခလေလံရထားသူ ဦးဇော်ဝင်းနိုင်က ဆိုပါတယ်။

လက်ရှိ ကိုဗစ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရက အသွားအလာကန့်သတ်မှုကို ဇူလိုင် ၃၁ ရက်နေ့အထိ ရက်ထပ်တိုးထားပြီး နောက်ပိုင်းမှာ ဘယ်လောက်ဖြေလျှော့ပေးမလဲဆိုတဲ့အပေါ်မှာ မူတည်နေကာ လာရောက်လည်ပတ်ခွင့်ကန့်သတ်ဖို့ သင့်၊ မသင့်ကို စီစဉ်ဆောင်ရွက်သွားမယ်လို့ ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောပါတယ်။

အသိပညာပေးတာတွေ ဆောင်ရွက်ဖို့ စီစဉ်

"တကယ်တမ်း ဇင်းကျိုက်ရေတံခွန် လူစည်ကားတဲ့ရက်က ဩဂုတ် ၃ ရက်နေ့ ဝါဆိုလပြည့်နေ့ပါ။ ဒီအချိန်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ဘယ်လောက်ဖြေလျှော့ပေးမလဲ၊ သက်တမ်းတိုးမလား၊ မတိုးဘူးလားဆိုတဲ့ အချက်ပေါ်မှာ မူတည်နေပါတယ်။ လတ်တလောမှာ ရေတံခွန်ကို လာရောက် လည်ပတ်ခွင့်ကို ကျွန်တော်တို့ စာတွေ၊ ပိုစတာတွေနဲ့ ဒီလ ၁၅ ရက်နေ့အထိ ပိတ်သိမ်းထားတာ ဖြစ်ပါတယ်။ ရေတံခွန်စိမ့်စမ်းရေတွေကို လာရောက်လည်ပတ်ကြမယ့် အဖွဲ့တွေကို ကျွန်တော်တို့က နှာခေါင်းစည်း မတပ်မနေရ၊ ပညာပေးမယ်၊ နှာခေါင်းစည်းမပါဘူးဆိုရင် နှာခေါင်းစည်းတွေ ဖြန့်ဝေပြီးတော့မှ ဒဏ်ရိုက်တာတွေ ဆောင်ရွက်မယ်။ တတ်နိုင်သမျှ လာတဲ့အဖွဲ့အစည်းတွေက ကိုယ့်တစ်ဖွဲ့တည်းပဲ စမ်းချောင်းတွေ၊ ရေတံခွန်တွေမှာ သီးသန့်နေထိုင်ဖို့နဲ့ အခြားအဖွဲ့တွေနဲ့ ထိစပ်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိမှာ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ပတ်သက်ပြီး အစိုးရက ဖြေလျှော့မှုတွေ ပြုလုပ်ပေးနေပေမယ့် ပြည်တွင်းကူးစက်မှုမဟုတ်တဲ့ ပြည်ပကနေ ပြန်လာတဲ့သူတွေမှာတော့ ပိုးတွေ့နေရသေးပါတယ်။

လမ်းညွှန်ချက်နဲ့အညီ ဖွင့်လှစ်ခွင့်ပေးထား

ဒါကြောင့် နိုင်ငံအချို့မှာတော့ ဖြေလျှော့မှုတွေ လုပ်ပေးလိုက်တဲ့အခါမှာ အစုလိုက်အပြုံလိုက် ခရီးထွက်လာကြတာများတဲ့အတွက် ရောဂါကူးစက်မှုပြန့်ပွားမှုကို ပြန်လည်ပေးဆပ်လိုက်ရတဲ့ သာဓကတွေကလည်း ရှိနေပါတယ်။

မြန်မာနိုင်ငံမှာတော့ ဒီလိုအခြေအနေမျိုးမဖြစ်ရလေအောင် တချို့သော အပန်းဖြေစရာနေရာတွေ၊ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ၊ စားသောက်ဆိုင်တွေ ပြန်ဖွင့်မယ်ဆိုရင်တော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်နဲ့အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပေးထားတာလည်း ရှိပါတယ်။

လက်ရှိပေါင်မြို့နယ်ထဲမှာတော့ သဘာဝစိမ့်စမ်းရေတံခွန်များစွာရှိနေပြီး ၎င်းအထဲက ဇင်းကျိုက်ရေတံခွန်၊ ဆင်ရွာရေတံခွန်၊ တမောင်းပန်ရေတံခွန်၊ ဘန့်ဘွေးကုန်းရေတံခွန်တွေကို ယခုလို မိုးတွင်းကာလတွေမှာဆိုရင် နေ့စဉ်အဆက်မပြက် လူစည်ကားလို့နေပါတယ်။

ဒါကြောင့် မကြာမီရောက်ရှိလာမယ့် ဝါဆိုပန်းခူးထွက်တဲ့ ကာလတွေမှာ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မိမိအသိစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင်မှသာလျှင် ဒီကပ်ဆိုးကြီးဘေးကနေ လွတ်မြောက်နိုင်မှာပါ။

မကြာမီရောက်ရှိလာမယ့် ဝါဆိုပန်းခူးထွက်တဲ့ ကာလတွေမှာ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မိမိအသိစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင်မှသာလျှင် ဒီကပ်ဆိုးကြီးဘေးကနေ လွတ်မြောက်နိုင်မှာပါ

မြတ်နိုးတန်ဖိုးထားစရာ မြန်မာတို့၏ ပန်းတော့ အတတ်ပညာ

မြန်မာတို့၏ လက်မှုအတတ်ပညာဖြစ်သော "ဘုရားမတင်နတ်မဝင် လူတွင်ပန်းဆယ်မျိုး"ဟု ခေါ်ဆိုသော လက်မှုအတတ်ပညာ ဆယ်မျိုးထဲတွင် ပန်းတော့အတတ်ပညာလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ပန်းတော့ဆိုသည်မှာ အင်္ဂတေသရွတ်ဖြင့် ရုပ်လုံး၊ ရုပ်ကြွ ပေါ်အောင် ဖန်တီး၊ ခြယ်သ၊ မွမ်းမံတန်ဆာ ပြုလုပ်ထားသော ပညာဖြစ်သည်။ ဤအတတ်ပညာသည် အနုစိတ်သည့် လက်မှုအတတ်ပညာဖြစ်သည့်အလျောက် တတ်မြောက်သူလည်း ရှားပါးသည်။

ပညာသားပါသော ပညာရပ်တစ်ခုဖြစ်

ပန်းတော့အတတ်ပညာဖြင့် ပြုလုပ်ထားသော လက်ရာများကို ဘုရား၊ တန်ဆောင်း၊ ကျောင်းများ၏ မုခ်ဦးများ၊ နံရံများ၊ မင်းခမ်းမင်းနား အသုံးအဆောင်နှင့် ပလ္လင်များ၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများ၏ ဘုရားပလ္လင်တော်နှင့် ဂန္ဓကုဋီတိုက်များ၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်များ၊ သာသနိကအဆောက်အအုံများ၌ တွေ့မြင်ကြရမည်ဖြစ်သည်။ ၎င်းပညာရပ်သည် အနုစိတ်ပြီး ပညာသားပါသော ပညာရပ်တစ်ခုဖြစ်သည်။ ကနုတ်များ၊ ပန်းများ မွမ်းမံခြယ်သရာတွင် လက်ရာမြောက်ပါက ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသေသပ်ပြီး ရှုချင်စဖွယ်ကောင်းသော ပညာရပ်ဖြစ်သည်။

ပန်းတော့ လက်မှုအတတ်ပညာဖြင့် ပြုလုပ်ထားသော ခြူးပန်းခြူးနွယ်များ၊ ဂဠုန်၊ နဂါး၊ ခြင်္သေ့၊ ဆင်အစရှိသော အရုပ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားကြသည်။ ထို့ကြောင့် ယဉ်ကျေးမှု လက်မှုအနုပညာဖြစ်သော ပန်းတော့ပညာသည်ကား အလွန်အသက်ဝင်လှသည်။ ၎င်းလုပ်ငန်းသည် လုပ်ငန်းကျယ်ပြန့်ပြီး အချိန်ကုန်သည့်အတွက် ယင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူမှာ စိတ်ပါဝင်စားပြီး ကျွမ်းကျင်မှုရှိဖို့ အထူးလိုအပ်သည်။ ပန်းတော့လုပ်ငန်းသည် မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပြီး ပန်းတော့လက်မှုပညာနည်းတူ အခြားသော မြန်မာတို့၏ အနုလက်ရာများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည်ဖြစ်သည်။

ဇေယျာထက်(မင်းဘူး)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌
တိုင်းရင်းသား ၁၀၀ ကျော်တို့၏ ဝတ်စားဆင်ယင်မှုကိုပြသရန် ရုပ်တုလေးစုံအထိ တိုးချဲ့ပြုလုပ်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဖော်ပြသသွားရန် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ရုပ်တုများ တိုးချဲ့ပြုလုပ်နေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လုံလောက်အောင်မပြသနိုင်

"ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာ တိုင်းရင်းသားလူမျိုးတွေကိုပြသနိုင်ဖို့ ရုပ်တုက တစ်စုံစီပဲ ရှိတယ်။ တိုင်းရင်းသားလူမျိုးတစ်မျိုးမှာ မျိုးနွယ်စုတွေကများတော့ လုံလောက်အောင်မပြသနိုင်ဘူး။ ဒီအတွက် တိုင်းရင်းသားပြကွက်တစ်ခုကို အရင်က တစ်စုံစီသာရှိရာက အခုဆိုရင် စုံတွဲလေးတွဲအထိ တိုးချဲ့ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒီနှစ်ဘတ်ဂျက်ထဲမှာတော့ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) နန်းမြင့်မျှော်စင်အတွင်း မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားပြကွက်ရှစ်မျိုးကို ပြသထားသည်။

အဆိုပါ တိုင်းရင်းသားပြကွက်ရှစ်မျိုးတွင် ယခင်က ပြကွက်တစ်ခုလျှင် စုံတွဲတစ်တွဲသာ ပြသထားကြောင်း၊ ယခုအခါ စုံတွဲလေးတွဲအထိ တိုးချဲ့ပြုလုပ်နေကြောင်း၊ အရုပ်များမှာ ပလာစတာရုပ်တုများ ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးတစ်စုချင်းစီ၏ မျက်နှာကျနှင့် အနီးစပ်ဆုံး တူညီအောင် ကျွမ်းကျင်ပညာရှင်များက ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဝတ်စုံများကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြောင်းလဲပြသ

"ကျွန်တော်တို့နိုင်ငံမှာက တိုင်းရင်းသားလူမျိုးက ၁၀၀ ကျော်ရှိတယ်။ ကချင်ဆို ၁၀ မျိုး၊ အများဆုံးက ချင်းက ၅၀ ကျော်၊ ရှမ်းက ၃၀ ကျော်၊ မွန်တစ်မျိုးသာတစ်ခုပဲရှိတော့ တိုင်းရင်းသားတွေရဲ့ဝတ်စုံတွေကို အကုန်မပြနိုင်ဘူး။ ဒါကြောင့် တိုင်းရင်းသားပြကွက်တစ်ကွက်မှာ ဒီလလေးမျိုးပြသမယ်ဆိုရင် နောက်လကျရင် နောက်ထပ်မျိုးမတူတဲ့ဝတ်စုံလေးမျိုးကို ပြောင်းလဲပြသပေးသွားမှာဖြစ်ပါတယ်"ဟု ဦးပြေဟိန်းနိုင်က ထပ်လောင်းရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းရင်းသားပေါင်းစုံရောက်ရှိနေထိုင်လျက်ရှိသော မြို့ကြီးဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ နှစ်စဉ် တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲများ ကျင်းပနိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ပိုမိုရရှိစေပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကိုလည်း ဆွဲဆောင်လည်ပတ်စရာနေရာတစ်ခုဖြစ်လာသည်။

မြင့်မောင်စိုး

သထုံငါးပေါင်းထုပ်နှင့် ထမင်းဝါ

မိမိတို့ငယ်စဉ်အခါက မီးရထားနှင့်ခရီးသွားပြီဆိုလျှင် ဘူတာစဉ်တစ်လျှောက်၌ အရပ်ဒေသအလိုက် နာမည်ကြီးလူကြိုက်များသော ဟင်းလျာနှင့် သရေစာများရှိသည်။ လက်ပံတန်းဘူတာဆိုလျှင် စာကလေး၊ ဂျိုး(ချိုး)ကြော်၊ ဆီထမင်း၊ ဒိုက်ဦးဖရဲသီး၊ အောင်ပန်းလိမ္မော်၊ ညောင်လေးပင်ငါးချဉ် စသည်တို့ ဖြစ်သည်။ ထို့နည်းတူ နှင်းပုလဲဘူတာ၌ ရောင်းချသည့် ထမင်းပေါင်း(ခေါ်) ဖက်ထမင်းထုပ်သည် ယခုတိုင် နာမည်ရှိသေးသည်။

သထုံဘူတာဆိုလျှင်ကား ငါးပေါင်းထုပ် ဖြစ်သည်။ ထိုစဉ်အခါက ငါးရံ့ကြီးကြီးကို အကွင်းကွင်းကာ ဆန်လှော်မှုန့်၊ မှုစ်တို့နှင့်ရောပြီး ရဲယိုရွက်နှင့် ထုပ်ထားသော ငါးပေါင်းထုပ်ဖြစ်သည်။ ဟင်းထုပ်၊ ငါးပေါင်းထုပ် စသည်တို့သည် သူ့ဒေသအလျောက် ရိုးရာအစားအစာအဖြစ်ရှိကြသော်လည်း တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သူ့နည်းသူ့ဟန်နှင့် ကောင်းကြသည်ချည်း ဖြစ်သည်။

သထုံငါးပေါင်းထုပ်ကို ယခုအခါ၌ ငါးရံ့သာမက ငါးကြင်းနှင့် ထုပ်ကြသလို ပုစွန်နှင့်လည်း ထုပ်ကြသည်။ သထုံငါးပေါင်းထုပ် ထုပ်မည်ဆိုပါက ငါးရံ့(သို့မဟုတ်) သင့်လျော်သည့်ငါးကို ခပ်ရွယ်ရွယ်တုံးကာ ရေဆေးသန့်စင်ပြီး ဆား၊ နနွင်းနယ်ထားပါ။ ဆန်လှော်မှုန့်ကို ရေပျစ်ပျစ်ဖျော်ကာ ငရုတ်သီး၊ ကြက်သွန်ဖြူနီကို ထောင်းထားပါ။ ရဲယိုရွက်မနုမရင့်ကို ရေဆေးပြီးစစ်ထားပါ။

အားလုံးအသင့်ဖြစ်က ရဲယိုရွက်ကိုဆီသုတ်ကာ ငါးတစ်ကွင်းနှင့် ဆန်မှုန့်၊ မှုစ် သင့်ရုံနှင့် ငရုတ်၊ ကြက်သွန်ထောင်းပြီးသားအရောထည့်ကာ အထုပ်ထုပ်ပါ။ ယင်းရဲယိုရွက်ထုပ်အပေါ်မှ ငှက်ပျောဖက် တစ်ထပ်ခံကာ မုန့်ဖက်ထုပ်ထုပ်သကဲ့သို့ ထုပ်ရပါမည်။ ပြီးက ပေါင်းအိုးတွင် ထည့်ကာ မိနစ် ၂၀ မှ ၃၀ အကြာ ပေါင်းလျှင် ပူပူနွေးနွေး ရဲယိုရွက်နံ့မွှေးမွှေး သထုံငါးပေါင်းထုပ်ရပါပြီ။

သထုံဘက်၌ ငါးပေါင်းထုပ်ကို သူ့ချည်းသက်သက် သရေစာကဲ့သို့စားကြသလို ထမင်းဝါနှင့်လည်း တွဲဖက်စားသုံးသည်။ ထမင်းဝါဆိုသည်မှာ ထမင်းကို ပျော့ပျော့ချက်ကာ နနွင်းကဲထားသည့် ကြက်သွန်ဖြူဆီချက်နှင့် ရောနယ်ပြီး လုံးထားသည့် အဝါရောင်ထမင်းလုံးလေးများဖြစ်သည်။ သထုံဈေးအတွင်းရှိ မုန့်ဟင်းခါးဆိုင်များ၌ ထမင်းဝါလုံးလေးများတွေ့ရပြီး ဓလေ့အရ မုန့်ဟင်းခါးနှင့် ရောစားကြခြင်း ဖြစ်ပါသည်။

ယခု ဖော်ပြသည့် သထုံငါးပေါင်းထုပ်နှင့် ထမင်းဝါကို သထုံမြို့ သုဝဏ္ဏဘုံမိဟိုတယ်မှ စီစဉ်ပေးထားခြင်းဖြစ်ကြောင်းပါဗျာ။

စံလွင်(ငါးဦးစီး)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

မွန်လူမျိုးများ ဆင်းသက်လာပုံနှင့် မွန်ဘာသာစကား၊ မွန်စာပေအရေးအသား

ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားတို့သည် အရေအတွက်အားဖြင့် ရှစ်မျိုးရှိပါသည်။ ထိုတိုင်းရင်းသားရှစ်မျိုးထဲမှာမှ မွန်လူမျိုးများသည် အမျိုးအနွယ်အားဖြင့် မြန်မာနိုင်ငံအတွင်းရှိ အခြားသော ပြည်ထောင်စုတိုင်းရင်းသားများနည်းတူ မွန်ဂိုလွိုက်အနွယ်ပင် ဖြစ်ပါသည်။ မွန်လူမျိုးတို့၏မျိုးရိုးဇာစ်မြစ်မှာ မွန်ဂိုအနွယ်ပင် ဖြစ်ပါသည်။ မွန်-ခမာဘာသာအုပ်စုဝင် မွန်လူမျိုးများနှင့် တိဗက်-မြန်မာဘာသာစကားအနွယ်ဝင် ဗမာလူမျိုးများသည် ဘာသာစကား ကွဲပြားသော်လည်း မျိုးနွယ်ဘက်တွင် တူညီသဖြင့် ရုပ်ရည်လက္ခဏာအားဖြင့် မည်သူက မွန်၊ မည်သူက ဗမာဟူ၍ ခွဲခြားရန်ခက်ခဲလှပါသည်။

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်း

မြန်မာနိုင်ငံအတွင်းသို့ ရှေးဦးစွာ ဝင်ရောက်လာကြသည့် မွန်လူမျိုးများနှင့် ဘာသာစကားအနွယ်တူများ ဖြစ်ကြသော မွန်-ခမာဘာသာစကားပါဝင်သည့် "ဩစတြိုအေရှတစ်" စကားပြောသူတို့ဖြစ်ပြီး မူရင်းဒေသမှာ ယန်စီကျန်မြစ်ဝှမ်းဒေသဖြစ်သည်။ ယင်းဒေသမှ အကြောင်းအမျိုးမျိုးကြောင့် ဒေသအနှံ့အပြားသို့ ရောက်ရှိခဲ့ဟန်တူပါသည်။ မွန်-ခမာဘာသာစကားနွယ်ဝင်တို့ ရောက်ရှိပျံ့နှံ့လာရာ အရှေ့တောင်အာရှဒေသမှာ ရေသွင်းပြီး ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ ပင်ရင်းဒေသဖြစ်၍ မွန်တို့သည် ဆန်စပါးစိုက်ပျိုးခြင်းကို မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာခဲ့ကြပုံရသည်။

မွန်-ခမာ ဘာသာစကားနွယ်ဝင်တို့ ဆင်းသက်ရွေ့လျားလာပုံမှာ မဲခေါင်မြစ်ဝှမ်းဒေသမှတစ်ဆင့် မဲနမ်မြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် စိုက်ပျိုးရေးကောင်းသောနေရာဒေသများသို့ တဖြည်းဖြည်း ပျံ့နှံ့ရောက်ရှိလာကြသည်။ တစ်ဖန် ဧရာဝတီမြစ်ဝှမ်းဒေသတွင် နေထိုင်လျက်ရှိသော မွန်လူမျိုးတို့သည် တိဗက်-မြန်မာအနွယ်ဝင် လူမျိုးများ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာသောကြောင့်မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ တရွေ့ရွေ့ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်ဟု ပညာရှင်များက ယူဆကြပါသည်။ မွန်လူမျိုးများသည် မဲနမ်မြစ်ဝှမ်းနှင့် မြန်မာပြည်အောက်ပိုင်းဒေသများ၌ ဝင်ရောက်နေထိုင်ကြပြီး မြန်မာနိုင်ငံအတွင်းသို့ တိဗက်-မြန်မာ အုပ်စုဝင်ပျူတို့အင်အားနှင့် ဧရာဝတီမြစ်တစ်လျှောက် ဆင်းသက်လာသည့်အခါ မွန်လူမျိုးတို့သည် ဧရာဝတီမြစ်ဝှမ်းဒေသများနှင့် စစ်တောင်းမြစ်ဝှမ်းဒေသများသို့ သွားရောက်နေထိုင်ကြသည်။ မြန်မာပြည်ရှိ မွန်လူမျိုးတို့မှာ နိုင်ငံရေးအားဖြင့် အဆင့်မြင့်ပြီး လွင်ပြင် ဒေသတွင် နေထိုင်ခဲ့ကြရသောကြောင့် အရှေ့ဘက်တောင်ပေါ်တွင် နေထိုင်ကြသော ဘာသာစကားမျိုးနွယ်တူများနှင့် စကားအပြောအဆိုကွဲလွဲလာခဲ့ကြသည်။ ထို့ကြောင့် မြန်မာပြည်ရှိ မွန်-ခမာဘာသာစကားနွယ်တူများ အနေကွာဝေးမှုကြောင့် စကားပြောဆိုပုံများ ကွာခြားသွားခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ ယခုအခါ မွန်လူမျိုးများသည် သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်၊ မုတ္တမ၊ မော်လမြိုင်၊ သံဖြူဇရပ်၊ မုဒုံ၊ ရေး၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပဲခူး၊ ဂျိုင်းမြစ်ဝှမ်းတစ်လျှောက် ရွာကြီးများနှင့် သံလွင်မြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အနှံ့အပြား နေထိုင်လျက်ရှိကြသည်။ ယနေ့မွန်လူမျိုးများသည် ဗမာလူမျိုးများနှင့် အတူတကွ နေထိုင်ကြပြီး ရုပ်ရည်လက္ခဏာသည် ဗမာလူမျိုးများနှင့်တူသောကြောင့် ပြောစကားအရသာ မည်သူကမွန်၊ မည်သူက ဗမာဟူ၍ ခွဲခြားသိရပါသည်။

မွန်ဟူသောဝေါဟာရနှင့် မွန်ဘာသာစကား

မွန်လူမျိုးများသည် မွန်ပြည်နယ်ခေါ် ရာမညတိုင်းဒေသတွင် နေထိုင်ကြသည်။ မွန်ဟူသောဝေါဟာရသည် ပုဂံခေတ် ကျန်စစ်သားမင်း၏ မွန်ဘာသာဖြင့် ရေးထိုးထားသော မွန်ကျောက်စာတွင် "ရမေည်"ဟုတွေ့ရသည်။ အသံထွက်မှာ "ရမင်း"ဖြစ်သည်။ ဟံသာဝတီခေတ်ထိုးကျောက်စာများနှင့် ကြေးပြားများတွင် မွန်ကို"ရမန်"ဟူ၍ အနည်းငယ်ပြောင်းလဲခေါ်ဝေါ်လာကြောင်း တွေ့ရသည်။ ယခုခေတ်မှာတော့ "မွန်"ဟူ၍သာခေါ်ဝေါ်ကြပါသည်။ မွန်လူမျိုးများပြောဆိုသော မွန်ဘာသာစကားမှာ မွန်-ခမာစကားနွယ်ဝင် ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် လူမျိုးနွယ်အားဖြင့် မွန်ဂိုလွိုက်များဖြစ်ကြသော်လည်း ဘာသာစကားကတော့ မတူကွဲပြားလျက်ရှိသည်။ ဘာသာစကားဝေါဟာရများကို သိပ္ပံနည်းကျလေ့လာ၍ တိဗက်၊ တရုတ်နှင့် ဩစတြစ် ဘာသာစကားအနွယ်ကြီး နှစ်မျိုးဟူ၍ ခေါ်ဆိုကြကြောင်း သိရပါသည်။ တိဗက်-တရုတ်အနွယ်ကြီးတွင် တိဗက်-မြန်မာအနွယ်နှင့် ထိုင်း-တရုတ်အနွယ်တို့ဖြစ်သည်။ ဩစတြစ် ဘာသာအနွယ်တွင် ဩစတြိုအေရှတစ်အနွယ်နှင့် ဩစတြိုနေးရှင်းအနွယ်ဟူ၍ နှစ်မျိုးရှိသည်။ မွန်ဘာသာစကားသည် ဩစတြိုအေရှအနွယ်တွင် ပါဝင်သည်။

ရှေးကျသော ဘာသာဗေဒပညာရှင် ဒေါက်တာလိုဂန်သည် မွန်နှင့်အနွယ်တူသော ဘာသာစကားများကို စုပေါင်းပြီး မွန်-အာနမ်ဟူ၍ ပထမအကြိမ် အမည်ပေးခဲ့သည်။ သို့သော် ဘာသာဗေဒ ဆရာများကမူ မွန်-ခမာဟူသောအမည်သစ်ဖြင့် ခေါ်ကြပြန်သည်။ ၁၉၀၁ ခုနှစ်မှစ၍ မွန်နှင့် အနွယ်တူဘာသာစကားများကို ပါမောက္ခရှာမစ်က လေ့လာခဲ့ပြီး ၁၉၀၆ခုနှစ်တွင် အာရှတောင်ပိုင်းနှင့် ကျွန်းပိုင်းဒေသရှိဘာသာစကားစုကို ဩစတြစ်အနွယ်ကြီးဟုအမည်သစ်ပေးခဲ့သည်။ ကုန်းပိုင်းတောင်ဘက်ရှိ ဘာသာစကားစုကိုမူ ဩစတြိုအေရှတစ်ဟုခေါ်ပြီး ကျွန်ကျွန်းဆွယ်နှင့် ကျွန်းစုပေါ်ရှိ ဘာသာစကားစုကို ဩစတြိုနေးရှင်းဟူ၍ ခေါ်ဝေါ်သတ်မှတ်ခဲ့သည်။ ဩစတြိုအေရှတစ်အနွယ်တွင် မွန်စကားပါဝင်သည်။ ထို့ကြောင့် မွန်ဘာသာစကားသည် ဩစတြိုအေရှတစ်ဘာသာစကားအနွယ်ဝင်ဖြစ်ကြောင်း ထင်ရှားပေသည်။ မွန်ပြည်နယ်ခေါ် ရာမညတိုင်းတွင် မွန်သုံးရပ်ရှိသည်ဟု သိရပါသည်။ ထို့ကြောင့် ပြောဆိုသော မွန်ဘာသာစကားမှာ ဒေသအလိုက် ပြောဟန်ဆိုဟန် ကွဲပြားကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားတို့သည်မျိုးနွယ်စုအလိုက် သီးခြားနေကြသည်မဟုတ်ပေ။ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ရောနှောပျံ့နှံ့ နေထိုင်ကြသောကြောင့်လည်းကောင်း၊ ပုဂံခေတ်ကပင် တစ်ပြည်တည်းနေ တစ်ရေတည်းသောက် အတူအကွနေထိုင်ခဲ့ကြသောကြောင့်လည်း မွန်စကားကို ပုဂံခေတ်ကဗမာတို့ ယူသုံးခဲ့ကြသလို ဗမာစကားကိုလည်း မွန်တို့က ယူငင်စွဲခဲ့ကြသည်။ ဥပမာ-ဗမာစကားဖြစ်သော အပြစ်၊ အဖို့၊ အကို၊ အကဲ၊ အကောက်၊ အောင်သွယ်၊ အပ်စပ်စသည့်စကားလုံးများကို မွန်တို့ယူငင်အသုံးပြုခဲ့ကြသလို မွန်စကားဖြစ်သော ပြအိုး၊ ကတော်၊ ကန်တော့၊ တမော့၊ ဝေါ၊ အင်စသည့်မွန်စကားလုံးများကိုလည်း ဗမာတို့က ယူငင်သုံးစွဲခဲ့ကြပါသည်။

မွန်စာပေအရေးအသား

ရှေးခေတ် မွန်စာပေအရေးအသားတွင် ယသတ်၊ သသတ်၊ ညသတ်၊ ငသတ်၊ ကသတ်၊ မသတ်၊ တသတ်၊ ရသတ်၊ နသတ်၊ လသတ်၊ ပသတ်၊ စသတ် စသည်ဖြင့် စုံစုံလင်လင် ပြောဆိုရေးသားကြောင်း တွေ့ရသည်။ အထူးသဖြင့် ညသတ်နှင့် နသတ်ကို ကွဲကွဲပြားပြား ပြောဆိုရေးသား ကြောင်းလည်း တွေ့ရသည်။ ယခုခေတ်တွင်မူ ရသတ်၊ လသတ်တို့ကို ရေးထုံးမပြုတော့ပေ။ သို့သော် ရှေးခေတ် ကမူ လျှာလိပ်သံများနှင့် "ကိန္နရ်"ကို "ရကောက်သံ"နှင့်လည်းကောင်း၊ "အန္တရ်ယ်"ကို "လသံ"နှင့်လည်းကောင်းရေးသားခဲ့ကြောင်း ရှေးစည်းခုံ မွန်ကျောက်စာတွင် တွေ့ရသည်ဟု ဆိုပါသည်။

ရှေးခေတ်မွန်ကျောက်စာနှင့် ခေတ်လယ်မွန်ကျောက်စာကို နှိုင်းယှဉ်လေ့လာကြည့်ရာ ရေးသားသည့် ပုံစံပြောင်းလဲလာသည်ဟုယူဆစရာရှိပါသည်။ "သသတ်မှ တသတ်နှင့် ကသတ်" သို့ပြောင်းလဲသည့်ပုံစံကို အနည်းငယ်ဖော်ပြပါမည်။

-စိသ် စိုက်

-ဒိသ် ဒိုက်

-ဒိရ်ဒသ် တြဒတ်"ဟူ၍ ပြောင်းလဲလာပါသည်။ နောက်အောသံမှ အောအူးအသံသို့ ပြောင်းလဲသည့်ပုံစံကိုလည်း ဖော်ပြပါမည်။

-ဗိဗောယ် ဗဗွောယ်-မောယ် မွောယ်-ကောမ် ကွောမ်"ဟူ၍ ပြောင်းလဲလာပါသည်။ တစ်ဖန်"နှစ်ချောင်းငင်နှင့် တစ်ချောင်းငင်"မှ "ရေးချ"သို့ ပြောင်းလဲလာသည့် ပုံစံကိုလည်း ဖော်ပြပါဦးမည်။

-ဍူတ် ဍောက်-ယုတ် ယောက်-ဓုင် ဓောင်"ဟူ၍ပြောင်းလဲလာခဲ့ပါသည်။

ထို့နောက် "သဝေထိုးရေးချ ပသတ်၊ လသတ်သံ"မှ "နောက်ပစ်သံ"သို့ ပြောင်းလဲလာသည့်ပုံစံကိုလည်း ဖော်ပြပါမည်။

-စောပ် စဲ-ပ္ဍါ ပ္ဍဲ-ဗြောလ်ဗြဲ ဟူ၍ ပြောင်းလဲလာခဲ့ပါသည်။

အထက်ပါအတိုင်း ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ရှေးခေတ်မွန်စာပေအရေးအသားသည်လည်း ပြောင်းလဲလာခဲ့ကြောင်း အထက်ပါ အရေးအသားများအရ သိရပါသည်။

ရှေးယခင်ကနှင့်မတူ ဘာသာစကားတွေ မည်သို့ပင် ရွေ့လျားပြောင်းလဲလျက်ရှိသော်လည်း မွန်တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ရိုးရာယဉ်ကျေးမှုသည်ကား ပြောင်းလဲခြင်းမရှိပေ။ တိုင်းရင်းသားတို့၏ ဘာသာစကားနှင့်စာပေအရေးအသားသည် ထိုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြလျက်ရှိသလို သမိုင်းကြောင်းဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကိုလည်း ပေးနိုင်၊ သိနိုင်စွမ်းရှိပါသည်။ ဒို့အပြင် ထို တိုင်းရင်းသာတို့၏ လူနေမှုစနစ်ပုံစံကိုလည်း ဘာသာစကား၊ စာပေများကပင် ဖော်ပြလျက်ရှိပေသည်။ မည်သို့ပင်ဖြစ်စေ မွန်တိုင်းရင်းသားတို့သည်လည်း မိမိစာပေ၊ မိမိယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်လျက်နေလာခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။ ဤသို့ဖြင့် မွန်တိုင်းရင်းသားတို့ ဆင်းသက်ပေါက်ဖွားလာပုံနှင့် ဘာသာစကား၊ စာပေအရေးအသားတို့ကို ဗဟုသုတတိုးပွားစေခြင်းငှာလည်းကောင်း၊ မိမိတို့ တိုင်းပြည်ရှိ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ဘာသာစကားနှင့် စာပေအရေးအသားကို သိစေ၍ မွန်တိုင်းရင်းသားတို့၏ ဘာသာစကားနှင့် စာပေယဉ်ကျေးမှုကိုတန်ဖိုးထားတတ်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား - တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(မွန်)

> **ရှေးယခင်ကနှင့်မတူ ဘာသာစကားတွေ မည်သို့ပင် ရွေ့လျားပြောင်းလဲလျက်ရှိသော်လည်း မွန်တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ရိုးရာယဉ်ကျေးမှုသည်ကား ပြောင်းလဲခြင်းမရှိပေ။ တိုင်းရင်းသားတို့၏ ဘာသာစကားနှင့် စာပေအရေးအသားသည် ထိုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြလျက်ရှိသလို သမိုင်းကြောင်းဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကိုလည်း ပေးနိုင်၊ သိနိုင်စွမ်းရှိပါသည်။ ဒို့အပြင် ထိုတိုင်းရင်းသာတို့၏ လူနေမှုစနစ်ပုံစံကိုလည်း ဘာသာစကား၊ စာပေများကပင် ဖော်ပြလျက်ရှိပေသည်။**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ သဘာဝဆိုးဆေးခြုံထည်ပဝါ (လက်ရက်ကန်း) လက်တွေ့လုပ်ငန်းခွင်သင်တန်း ဖွင့်လှစ်

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက သဘာဝဆိုးဆေးခြုံထည်ပဝါ (လက်ရက်ကန်း) လက်တွေ့လုပ်ငန်းခွင် သင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုရန်ပုံငွေ အစီအစဉ်ဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပြည်ပမှ နေရပ်ပြန်လာသူများ၊ အလုပ်အကိုင်ရှာဖွေနေသည့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိစေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ကြောင်း မြို့နယ်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်အောင်က ပြောသည်။

အဆိုပါသင်တန်းကို ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြနှစ်ဦးတို့က ၂၄ ရက်ကြာလက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀ ဦး ရှိကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

အစဉ်လှပသာယာပါစေ ရှမ်းမြောက်ဂုတ်တွင်းလမ်း

သီပေါကိုလတ်

ဂုတ်တွင်းကားလမ်းသည် အတက်/အဆင်း၊ အကွေ့အကောက်များစွာဖြင့် လှပနေသလို အချိန်မရွေးတွေ့ကြုံနိုင်သည့် အန္တရာယ်ကလည်း လက်တစ်ကမ်းမှာရှိ၏။ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်က အဓိက အသက်သွေးကြော၊ မြန်မာ-တရုတ် ကုန်စည်စီးဆင်းမှု ဆက်သွယ်ရေး၏ တစ်ခုတည်းသော ကားလမ်းမကြီး ဖြစ်သည်။ နယ်စပ်အပြန်အလှန် ကုန်တင်ယာဉ်ကြီးများ အစုန်အဆန် သွားလာနေရုံသာမက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတစ်ခုလုံး နေ့စဉ်အသုံးပြုရာ လမ်းကြောကြီးလည်းဖြစ်နေသည်။

သက်တမ်းက မနည်းလှ

ဂုတ်တွင်းကားလမ်းမ၏ သက်တမ်းက မနည်းလှသလို အရေးပါမှုကလည်း အထူးကြီးမားခဲ့သည်။ သူ့တည်နေရာကား ကျောက်မဲမြို့နှင့် နောင်ချိုမြို့အကြားဖြစ်သည်။ နောင်ချိုမြို့နှင့် ပိုနီးစပ်သည်။ မန္တလေး-လားရှိုး-မူဆယ်နှင့် ရှမ်းမြောက်ဒေသသို့ မော်တော်ယာဉ်ဖြင့် သွားလာဖူးသူတိုင်း ဤဂုတ်တွင်းကားလမ်းကို သိကြသည်။ သည်းထိတ်ရင်ဖို အကွေ့အကောက်၊ အတက်/အဆင်းများ၏ ရသကို ခံစားခဲ့ကြဖူးသည်။ ဂုတ်တွင်းလမ်း၏လှပမှုနှင့်အတူ အမှားအယွင်းအတိမ်းအစောင်းမခံနိုင်သော ယာဉ်မတော်တဆမှုအန္တရာယ်များကလည်း တွေ့ကြုံခဲ့ရဖန်များ၍ ယာဉ်မောင်းသူများ ဂရုစိုက်ရသည့်နေရာလည်း ဖြစ်သည်။ အထူးသဖြင့် ယခုလို မိုးတွင်းကာလ၌ ပိုမိုဂရုစိုက်ရသည်။ သတိကြီးစွာထား၍ မောင်းနှင်ရသည်။ တွဲယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်ကြီးများ နေ့စဉ် အတက်/အဆင်းလုပ်မောင်းနှင်နေသော ယခုအချိန်အခါမျိုးတွင် ယာဉ်မတော်တဆမှု မကြုံတွေ့ဖို့ လိုအပ်သည်။ အခြားခရီးသည်တင် မှန်လုံယာဉ်နှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များအပါအဝင် စက်တပ်ယာဉ်ဟူသမျှလည်း သတိပြုမောင်းနှင်ကြရန်လိုအပ်သည်။ ကုန်တင်ယာဉ်ကြီးများကို အတက်၌ဖြစ်စေ၊ အဆင်း၌ဖြစ်စေ ယာဉ်ငယ်များက ဦးစားပေးပြီး ခေတ္တရပ်ဆိုင်းပေးရန် အကြံပြုကြောင်း ယာဉ်မောင်းဆရာတစ်ဦးကလည်း ပြောသည်။

အချိန်ပြည့်ဖွင့်လှစ်ထား

ဂုတ်တွင်းကားလမ်း ရာသီမရွေး အန္တရာယ်ကင်းရှင်းပြီး အတက်/အဆင်း ယာဉ်များ လွယ်ကူစွာမောင်းနှင်သွားနိုင်ရေး၊ ခရီးသည်များ လိုရာခရီးကို အချိန်မီချောမောစွာ ရောက်ရှိနိုင်ရေးတို့အတွက် ပြည်နယ်အဆင့်စီမံချက်ရေးဆွဲပြီး ဆောင်ရွက်နေကြောင်း၊ ယာဉ်မတော်တဆမှု၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာလမ်းကုမ္ပဏီ၊ စက်ယန္တယားများ၊ လူမှုကူညီရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဂုတ်တွင်းတံတားထိပ်၌ ယာဉ်ထိန်းရဲကင်းကိုလည်း အချိန်ပြည့်ဖွင့်လှစ်ထားပြီး လိုအပ်သည့် အကူအညီကို ရယူသွားနိုင်ကြောင်း၊ ဂုတ်တွင်းအလှ အကျည်းမတန်စေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ယာဉ်မှူး၊ ယာဉ်နောက်လိုက်များက အတူပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ကျောက်မဲခရိုင်အမှတ် ၁၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်းကလည်း ဂုတ်တွင်းလမ်းပေါ်၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရှမ်းမြောက်တံခါးဝအစ ဂုတ်တွင်းလမ်းအလှကို အကျည်းမတန်စေဘဲ အန္တရာယ်ကင်းစင်သည့် ပန်းခင်းသောလမ်းပမာ အစဉ်ဖြောင့်ဖြူးသာယာစေရန် ကြိုးစားကြရမည်ဖြစ်ပေသည်။

မြန်မာ့ရိုးရာလက်မှုလုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေးကို ထိန်းကျောင်းထားနိုင်

အောင်စိုးဖေ (မြင်းမူ)

မြန်မာတို့၏ အိမ်ထောင်စုတိုင်းတွင် မရှိမဖြစ်အသုံးပြုလျက်ရှိသော ဗန်း၊ ဆန်ကော၊ ဆန်ခါ အမျိုးမျိုးကို ရက်လုပ်၍ နိုင်ငံတစ်ဝန်း တင်ပို့ရောင်းချလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်မြစ်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ပုံမှန်ဝင်ငွေရရှိကာ စားဝတ်နေရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ညောင်မြစ်ကျေးရွာသည် ရှေးဟောင်းသမိုင်းဝင် ကျေးရွာကြီးတစ်ရွာဖြစ်သည်နှင့်အညီ ရှေးယခင် ဘိုးဘွားလက်ထက်ကပင် ဗန်း၊ ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းကို လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိဘများလက်ထက်ကတည်းက လက်မှုလုပ်ငန်း လုပ်ကိုင်လာသည်မှာပင် နှစ်ပေါင်း ၅၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ ရွာမှာရှိသည့် ကလေး၊ လူကြီးအားလုံး ဗန်းနှင့် ဆန်ခါကို ရက်လုပ်နိုင်သည့်အတွက် မိသားစု ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း၊ ပစ္စည်းများပြုလုပ်ရန် ဝါးကို မြင်းမူမြို့တွင် ဝယ်ယူရပြီး ကြိမ်နီကို စစ်ကိုင်းမြို့တွင် ဝယ်ယူရကြောင်း၊ ဝါးဖြတ်ခြင်း၊ စိပ်ခြင်း၊ နီးဖြာခြင်း၊ ပုံဖော်ခြင်း၊ ကြိမ်နှုတ်ခမ်းသပ်ခြင်း စသဖြင့် အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ရက်လုပ်သောပစ္စည်းများမှာ ဗန်းအမျိုးအစား ငါးမျိုး၊ ဆန်ခါအမျိုးအစား ငါးမျိုး၊ အုပ်ဆောင်းအမျိုးမျိုး၊ ခံတောင်းအမျိုးမျိုး၊ ရေအိုးဖုံး၊ ရဟန်းသုံး ဖြစ်တောင်းများ၊ ဆန်၊ ဆေးခြင်းတောင်းနှင့် ယပ်တောင်အပါအဝင် ပစ္စည်းအမျိုးပေါင်း ၂၁ မျိုးကို ရက်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း ယင်းကျေးရွာမှ ဗန်း၊ ဆန်ကော၊ ဆန်ခါများ ရက်လုပ်ဖြန့်ချိသူ မသင်းခိုင်က ပြောသည်။

ပစ္စည်းများ ရက်လုပ်ရာတွင် ကိုယ်ပိုင်ပြုလုပ်ခြင်းနှင့် လက်ခစားပြုလုပ်ခြင်းများရှိကြောင်း၊ ပုံမှန်ရက်လုပ်ခြင်းအပြင် ယခုအခါ မန္တလေးမြို့ ကြက်သွန်ပွဲရုံများမှ အထူးအော်ဒါအဖြစ် ကြက်သွန် အကြီး၊ အသေး ဆန်ခါများ မှာယူလျက်ရှိကြောင်း၊ သို့ရာတွင် ယခု ကိုဗစ်- ၁၉ ရောဂါကြောင့် ဘုရားပွဲ၊ ကျောင်းပွဲများ ပိတ်ထားသည့်အတွက် အရောင်းအဝယ်မှာ နည်းပါးလျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

ဇူလိုင် ၁၉၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

ပိုင်ဆု(အင်းစိန်)



(၁)

"အမေရေ မောင်လေးကဗိုက်ဆာပြီတဲ့"

"အေး..အေး..အုပ်ဆောင်းအောက်မှာ ထမင်းနဲ့ဟင်းရှိတယ် သေချာစားကြ မဖိတ်စေနဲ့နော်"

"ဟုတ်ကဲ့အမေ...လာ..မောင်လေးလာ ထမင်းစားမယ်"

မီးဖိုချောင်ထဲသို့ ဝင်သွားသော ဆယ်နှစ်အရွယ် သမီးလေးသီရိနှင့် ခြောက်နှစ်အရွယ် သားလေးဖြိုးဝေတို့ကိုကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်။ အစစအရာရာ ကြီးမားနေသော ကုန်ဈေးနှုန်းများကြားတွင် မပြေလည်သည့် ခေါင်းစဉ်တစ်ခုအောက် ရှင်သန်နေရသူတွေမို့ အစစအရာရာ ချို့တဲ့လွန်းလှသည်။

"မမ..ဟင်းက ပဲပင်ပေါက်နဲ့ ငါးပိရည်ပဲလား နေ့တိုင်း ဒါကြီးပဲ"

"ရှူးတိုးတိုး မောင်လေး အမေကြားသွားဦးမယ်။ ဒီနေ့က အမေပိုက်ဆံမရှိလို့မောင်လေးရဲ့။ နောက်နေ့ဟင်းကောင်းချက်မှာပေါ့"

"အဲဒီလိုပဲပြောနေတာ ပြီးတော့ တစ်ခါမှလည်းမဟုတ်ဘူး။ ဒါနဲ့ ညနေက မမဝယ်တဲ့ ဘဲဥကရော ဘယ်ရောက်သွားပြီလဲ"

"ဩော် ဘဲဥကတစ်လုံးတည်း ဝယ်တာလေ။ အဖေ့အတွက် အမေကြော်ပြီး သိမ်းထားတယ်"

"ဟင် အဖေကျတော့ ဘဲဥစားရပြီး မောင်လေးတို့ကျ မစားရဘူး ဘာဖြစ်လို့လဲ"

"အဖေက အလုပ်လုပ်ရတယ်လေ။ အဖေကပင်ပန်းတော့ အားရှိအောင်ပေါ့။ ကဲ.. လိမ္မာတယ် ထမင်းစားရအောင်နော်"

သားနှင့်သမီး တီးတိုးပြောနေကြပေမယ့် မခင်စန်း အတိုင်းသား ကြားနေရပါသည်။ စိတ်မကောင်းဖြစ်မိပေမယ့်လည်း မတတ်သာသည့်အဆုံး မျိုသိပ်၍သာ နေလိုက်တော့သည်။

ယောကျ်ားဖြစ်သူကိုထွန်းမောင်က စက်ရုံတစ်ခုတွင် ရုံးစာရေးတစ်ယောက် ဖြစ်သည်။ လစာက အသင့်အတင့်ရသော်လည်း မိသားစုလေးယောက်စာ စားဝတ်နေရေးရှိသည့်အပြင် အိမ်လခပေးရသည့်အတွက် လောက်ငရုံသာ မနည်းရပ်တည်နေခဲ့ရသည်။ ယခုလို ပြတ်တုန်းလပ်တုန်း နှစ်ဆယ့်သုံးရက်မျိုးဆိုလျှင် ပို၍ ခက်ခဲလှသည်။ ရှိစုမဲ့စုလေးတွေနှင့် စားအိုးမပျက်အောင် ဖန်တီးရသည်မှာ အိမ်ထောင်ရှင်မများ၏ အရည်အချင်းဖြစ်သည်ကို မခင်စန်းကိုယ်တွေ့ကြုံမှ သိခဲ့ရပြီလေ။ ရပ်ကွက်ထဲတွင်လည်း လုပ်ကိုင်စရာအလုပ်က မယ်မယ်ရရမရှိသည့်အတွက် ကိုထွန်းမောင်၏ လစာတစ်ခုတည်းဖြင့် ခက်ခဲစွာ ရုန်းကန်နေရသည်။ မီးဖိုချောင်ထဲတွင် ငြိမ်သက်စွာ ထမင်းစားနေကြသော သားနှင့် သမီးကို အသာချောင်းကြည့်ပြီး မခင်စန်း၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာပါတော့သည်။

(၂)

ကိုထွန်းမောင် အိမ်ပြန်ရောက်သည့် အချိန်တွင် ညရှစ်နာရီကျော်ပြီ ဖြစ်သည်။ သားနှင့် သမီးကတော့ အိပ်နေကြပြီ။ ကိုထွန်းမောင်ကမ်းပေးသော လွယ်အိတ်အစုတ်လေးကိုယူရင်း နံရံရှိတိုင်တွင်ချိတ်လိုက်သည်။

"ဒီနေ့ နောက်ကျလှချည်လား ကိုထွန်းမောင်"

"ဟုတ်တယ်.. ဒီနေ့ညနေစောင်းမှ ဂိုဒေါင်ကို ပစ္စည်းတွေဝင်လာလို့ ပင်ပန်းလိုက်တာကွာ"

"ဩော်.. ဒါဆို ရေအရင်ချိုးလိုက်လေ ကျွန်မထမင်းပြင်ထားလိုက်မယ်"

"အေး အေး"

ကိုထွန်းမောင်ရေချိုးပြီးသည်နှင့် အဆင်သင့်ဖြစ်အောင် ထမင်းဝိုင်းကိုပြင်ထားလိုက်သည်။ ထမင်းဝိုင်းပြင်နေရင်းနှင့် ညနေက သားနှင့်သမီးပြောနေကြသော စကားများကို ပြန်လည်ကြားယောင်ရင်း စိတ်မကောင်း ဖြစ်မိသည်။ ဆင်းရဲတွင်းက ရုန်းထွက်ဖို့ ကြိုးစားလေလေ လမ်းစပျောက်လေဖြစ်သော ဘဝတွင် သည်းခံခြင်းဖြင့်သာ ရောင့်ရဲတင်းတိမ်နေရသည်။

"ကဲ..စားမယ်..မိန်းမရေ.."

"အဆင်သင့်ပါပဲ။ ကဲ တစ်ခါတည်း လက်ဆေးပြီး စားရုံပါပဲရှင်"

"ဟင်"

စားပွဲခုံပေါ်ရှိ ဘဲဥကြော်၊ ပဲပင်ပေါက်၊ ငါးပိရည်တို့ကိုကြည့်ရင်း ကိုထွန်းမောင် နှာခေါင်းရှုံ့သွားသည်။

"မိန်းမရာ တစ်ခါလာလည်း ပဲပင်ပေါက်၊ ဘဲဥကြော် ဒါတွေချည်းပဲ စားရတာ စိတ်ပျက်လာပြီ"

ပိုက်ဆံမှမရှိတာ ရှိတာနဲ့ရအောင် ချက်ထားရတာဆိုပြီး မခင်စန်းပြောလိုက်ချင်ပေမယ့် ပြောမထွက်ရက်ပေ။

"နောက်နေ့မှ ကိုထွန်းမောင်ကြိုက်တာလေးတွေ ချက်ပေးပါမယ်။ ခုတော့ ဒါလေးနဲ့ပဲ စားနော်"

"အေးပါ ရပါတယ်။ ဒါနဲ့ ကလေးတွေရော ဘာနဲ့စားကြလဲ မိန်းမ။ မင်းရော တစ်ခါတည်း မစားဘူးလား"

"ကလေးတွေလည်း ဘဲဥကြော်နဲ့ ပဲပင်ပေါက်ကြော်ပဲလေ..ကျွန်မလည်း ဗိုက်ဆာတာနဲ့ သူတို့နဲ့ တစ်ခါတည်းစားလိုက်တာ.. ကိုထွန်းမောင်သာ ဝအောင်စား"

ယောကျ်ားဖြစ်သူအနား ယပ်ခပ်ပေးရင်း မုသားစကားသုံးလိုက်သည်။ အရာရာတွင် ဇွဲစပ်တိကျလွန်းသော ကိုထွန်းမောင် အကြောင်း သိနေသောကြောင့် မခင်စန်းစိုးရိမ်မှုတော့ ဖြစ်မိခဲ့သည်။

"ပိုက်ဆံရောရှိသေးလား မိန်းမ"

"လကုန်တဲ့အထိတော့ အဆင်ပြေအောင် မေးသွားရမှာပဲလေ။ ဆန်တွေ၊ ဆီတွေတော့ ရှိပါသေးတယ် ကိုထွန်းမောင်ရယ် "

"အေးပါ အခုရက်ကသိတဲ့အတိုင်းပဲလေ။ လစာကိုတော့ ကြိုမထုတ်ချင်ဘူး။ ဒါ့ကြောင့်ပါ"

"ဩော် ကိုထွန်းမောင်ရယ်။ ပိုက်ဆံချေးတာတို့ လစာကြိုထုတ်တာတို့တော့ မလုပ်ပါနဲ့။ သူ့ဟာနဲ့သူအဆင်ပြေသွားမှာပါ"

အမြဲတမ်းအကောင်းဘက်က တွေးတန်သော မခင်စန်းကိုကြည့်ရင်း ကိုထွန်းမောင် သက်ပြင်းချလိုက်မိတော့သည်။ အသိစိတ်ထဲတွင်တော့ သိလိုမှုအချို့ဖြင့် ပြင်းပြနေခဲ့သည်ကို ကိုထွန်းမောင်ကိုယ်တိုင်သာ အသိဆုံးဖြစ်ခဲ့ရသည်။

(၃)

အချိန်အားဖြင့် နံနက်နှစ်နာရီခန့်ရှိပြီ။ ဗိုက်ထဲဆာသလိုလိုရှိသောကြောင့် အိပ်နေသော ကိုထွန်းမောင်နှင့် ကလေးတွေ မသိအောင် ခြေသံကိုဖွဖွနင်း၍ မီးဖိုချောင်သို့ လျှောက်လိုက်တော့သည်။

အုပ်ဆောင်းအောက်ကို ဖွင့်ကြည့်တော့ ထမင်းအနည်းငယ်နှင့် ငါးပိရည်ကျန်သေးသည်။ လက်ကိုပင်မဆေးတော့ပဲ ထမင်းကိုငါးပိရည်နှင့်နယ်လိုက်ပြီး အသံမကြားအောင် မခင်စန်းစားလိုက်သည်။

အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်သည့်အတွက် အိမ်မှုကိစ္စအားလုံး၏ အခြေအနေကို မခင်စန်းသိထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် လကုန်အထိ ဆန်မလောက်မှာ စိုးသည့်အတွက် ညနေစာကို ကိုထွန်းမောင်နှင့် ကလေးနှစ်ယောက်အတွက်သာ ထမင်းချက်ပြီး သူကတော့ ထမင်းရည်ဖြင့်သာ တင်းတိမ်ခဲ့ရသည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။ ခါတိုင်းလတွေ ယခုလလောက် မကျပ်တည်းပါ။ ယခုလ ရပ်ကွက်ထဲတွင် သာရေးနာရေးကိစ္စတွေက များပြားလွန်းလှသည်။ လူမှုရေးအရမပါဝင်လျှင်လည်း မကောင်းသည့်အတွက် တတ်နိုင်သလောက် ပါဝင်ပေးခဲ့ရသည်။ ထို့ကြောင့် မိမိကိုယ်ကို ခြိုးခြံချွေတာပြီး အိမ်ရှိစားအိုးလေး ဖရိုဖရဲမဖြစ်အောင် ပွဲကိုင်ပေးနေရသည်။

"ဟင် အဖေကျတော့ ဘဲဥစားရပြီး မောင်လေးတို့ကျ မစားရဘူး ဘာဖြစ်လို့လဲ"

သားငယ်လေးက အစ်မဖြစ်သူကိုမေးလိုက်သော အမေးစကားကို ပြန်လည်ကြားယောင်ကာ ရင်ထဲဆို့တက်လာပြီး ထမင်းနင်သလိုပင် ဖြစ်ခဲ့ရသည်။ ရေတစ်ခွက်အမြန်ထသောက်ပြီး မနက်ဖြန် သူ့အတွက် မလောက်ရင်နေပါစေ ကလေးတွေနှင့် ကိုထွန်းမောင် စိတ်ချမ်းချမ်းသာသာ စားနိုင်ဖို့အတွက် ရှိသလောက်နှင့် မဖြစ်ဖြစ်အောင် ဖန်တီးမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

(၄)

ကိုထွန်းမောင် အိမ်ပြန်ခြေလှမ်းတွေ သွက်နေသည်။ အလုပ်ထဲတွင် ရာထူးတစ်ဆင့်တိုး၍ လစာငါးသောင်း ထပ်တိုးသည့် အကြောင်းကို သူ၏ အိမ်ထောင်ရှင်မ မခင်စန်းကို ပြောပြချင်နေသည်။

အိမ်ထောင်တစ်ခုတွင် ငွေရှာသည့် အိမ်ထောင်ဦးစီး ယောကျ်ားတစ်ယောက်မှာ အရေးကြီးသလို အိမ်ထောင်ထိန်းမည့် အိမ်ထောင်ရှင်မတစ်ယောက်မှာလည်း ပို၍ အရေးကြီးကြောင်း ကိုထွန်းမောင် မနေ့ညကပင် သိခဲ့ရပြီဖြစ်သည်။

မနေ့ညက အကြောင်းပြန်တွေးရင်း စိတ်မကောင်း ဖြစ်မိရပြန်သည်။ မနေ့ညက ထမင်းစားပြီးသည်နှင့် နောက်ဖေးတွင် လက်ဆေးရန်အသွား အမှိုက်ခြင်းထဲမှ တစ်စုံတစ်ခုကိုတွေ့လိုက်ရ၍ အံ့အားသင့်ခဲ့ရသည်။ ထိုအရာမှာ တခြားမဟုတ် ဘဲဥအခွံ နှစ်ခြမ်းဖြစ်သည်။ သေချာပါသည်။ တစ်လုံးတည်းသော ဘဲဥကို သူ့အတွက်သာကြော်ရင်း မိန်းမနှင့် ကလေးများ ဖြစ်သလို စားထားကြကြောင်း ရိပ်မိလာခဲ့သည်။ ထို့ပြင် ထမင်းအိုးထဲမှ ထမင်းကိုကြည့်သည်နှင့် မိန်းမနှင့် ကလေးနှစ်ယောက်စားထားသည်မှာ မည်သို့မျှမဖြစ်နိုင်ကြောင်းကိုလည်း ထပ်မံသိရှိခဲ့ရသည်။

"ကိုထွန်းမောင်.. ရော့... ရေသောက်လိုက်ဦး"

"ဩော်..အေး...အေး.."

သောက်ရေခပ်လာပေးသော မခင်စန်းကို ကြည့်ရင်း မေးချင်သည့် စကားများပင် ပျောက်ကွယ်သွားခဲ့ရသည်။ မိသားစုအပေါ်တွင် အနစ်နာခံပေးဆပ်သော အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်မှန်း ကိုထွန်းမောင် ရင်နင့်စွာ သိခဲ့ရပြီဖြစ်သည်။

အိပ်ရာထဲရောက်သော်လည်း တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပါ။ မိန်းမစိတ်မကောင်းမည်စိုး၍ အိပ်ချင်ယောင်ဆောင်ခဲ့သော်လည်း အဆင်မပြေခဲ့ပါ။ သန်းခေါင်ကျော်ချိန်ရောက်တော့ မခင်စန်းအသာထပြီး မီးဖိုချောင်ထဲဝင်သွားတာကိုလည်း ကိုထွန်းမောင်သိပါသည်။ မသိမသာ အနောက်ကနေ လိုက်ကြည့်သောအခါ ဗိုက်ဆာလွန်း၍ ထမင်းစားနေသော မခင်စန်းကိုကြည့်ပြီး ကိုထွန်းမောင် မျက်ရည်ပင် ကျခဲ့ရသည်။

ယခုတော့ မိသားစုအပေါ်စေတနာထားသူတွေမို့ သူတို့မိသားစုအတွက် ကံတရားက ဆုလာဘ်အဖြစ် ဖန်တီးပေးခဲ့ပြီဖြစ်သည်။ လစာငါးသောင်းတိုးသည်ဆိုသော သတင်းစကားကိုကြားလျှင် ဝမ်းသာအားရဖြစ်နေမည့် မိန်းမဖြစ်သူကို မြင်ယောင်ရင်း ကိုထွန်းမောင် ပီတိတွေဖြာနေမိသည်။ ငါးသောင်းဆိုသော ပမာဏမှာများလှသည် မဟုတ်သော်လည်း သူတို့ မိသားစုအတွက်တော့ ခမ်းနားလွန်းလှပါသည်။ မခင်စန်းကိုလည်း မနေ့ကလိုမျိုး မလုပ်ဖို့ သတိပေးရင်း မိသားစုထမင်းဝိုင်းလေးကို လှပစွာဖန်တီးသွားဖို့ ကိုထွန်းမောင် ဆုံးဖြတ်လိုက်ပါတော့သည်။ ။

မျိုးဆက်သစ်ရင်ပြင်
လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ဆောင်းပါး

■ ကိုးငယ်မင်း

အောင်မြင်မှုရဲ့နောက်ကွယ်

လူတွေဟာ သူတစ်ပါးအောင်မြင်နေတာမြင်ရင် မုဒိတာ ပွားနိုင်ဖို့ အားနည်းတတ်ကြတယ်။ မုဒိတာ ပါရမီအရောင် မှေးမှိန်နေတတ်တယ်။

"ဟင်... သူက ဘာမှလည်းမဟုတ်ဘဲနဲ့ အောင်မြင်နေပါလား"တဲ့။

သူ့ရဲ့ အောင်မြင်မှုနောက်ကွယ်မှာ သူဘယ်လိုကြိုးစားရုန်းကန်ခဲ့ရသလဲဆိုတာကို သူတို့မတွေးကြဘူး။

အဖေပြောပြခဲ့တဲ့ အသိပညာရစရာလေးကို စာဖတ်သူတွေအတွက် ကျွန်တော် ပြန်ပြောပြချင်ပါတယ်။

ကျွန်တော့်အဖေ ပြောပြဖူးတဲ့ စကားလေးက နားထဲမှာ အခုထိ စွဲထင်နေခဲ့တယ်။ အဖေက ဘယ်စာအုပ်ထဲက ဖတ်လာပြီး ပြောပြလဲတော့ မသိဘူး။ သူ ပြောပြတာလေးကို နားထောင်ပြီး ခုချိန်အထိ ရင်ထဲမှာ စွဲမှတ်ထားခဲ့ရတယ်။

တစ်ခါကပေါ့သားရယ်... ကျောင်းဆရာကြီးက ကျောင်းသားတွေကို အသိပညာပေးလေးတစ်ခုလုပ်ပြဖို့ သူ့အိမ်ကနေ ကြက်ဥတစ်လုံး ယူလာခဲ့လိုက်တယ်။

ကြက်ဥတစ်လုံးနဲ့ ကျောင်းသားတွေကို ဘယ်လို အသိပညာပေးခဲ့သလဲ ကျွန်တော်စိတ်ဝင်စားသွားတယ်။

ကျောင်းဆရာကြီးက အတန်းထဲရောက်သွားတော့ ကြက်ဥကို ထုတ်လိုက်တယ်။

"ကလေးတို့ရေ... ဟောဒီက ကြက်ဥကို ဒီစားပွဲပေါ်မှာ ထောင်ပြနိုင်တဲ့သူရှိရင် ဆရာက ဒီခဲတံလေး ဆုချမယ်"

ကလေးတွေက အရုပ်လှလှလေးတွေပါတဲ့ ခဲတံလေးကို လိုချင်ကြပေမယ့် ဆရာလုပ်ပြခိုင်းတဲ့ စိန်ခေါ်မှုတစ်ခုကိုတော့ မလုပ်တတ်ကြဘူး။

ကလေးတွေက အရုပ်လှလှလေးတွေပါတဲ့ ခဲတံလေးကို လိုချင်တာကြောင့် ကြက်ဥကို စားပွဲပေါ်ထောင်ကြည့်ဖို့ ကြိုးစားကြတယ်။ စားပွဲမျက်နှာပြင် ပြောင်ချောကြီးပေါ်မှာ လုံးဝန်းတဲ့ ကြက်ဥကို ထောင်နေကြတယ်။

ဒါပေမယ့် ကလေးတွေရဲ့ ကြိုးစားမှုက အချည်းအနှီးသာဖြစ်ခဲ့ရတယ်။

ကြက်ဥကို စားပွဲပေါ်မှာ ဘယ်သူမှ မထောင်နိုင်ကြဘူး။

"မရဘူး ဆရာ"

"မထောင်တတ်ဘူး ဆရာ။ စားပွဲက မျက်နှာပြင် အချောကြီးလေ... ကြက်ဥက အလုံးကြီးဆိုတော့ ဘယ်လိုလုပ် ထောင်နိုင်မှာလဲ"

"ဆရာက မဖြစ်နိုင်တာကို လုပ်ခိုင်းတယ်"

စသည်ဖြင့် ကလေးတွေက ပြောကြတဲ့အခါ ဆရာကြီးက 'ဘယ်လို ထောင်နိုင်လဲဆိုတာ သေချာစဉ်းစားပါဦးကွယ်'လို့ ပြောရင်းရယ်တယ်။

နောက်ဆုံးမှာတော့ ကြက်ဥကို စားပွဲပေါ်ထောင်နိုင်တဲ့ ကလေးတစ်ယောက် ရှိလာခဲ့တယ်။ အဲဒီကလေးက မြေကြီးပေါ်က သဲအနည်းငယ်ကို စားပွဲပေါ်တင်ပြီး စုပုံလိုက်တယ်။ ပြီးတော့ အဲဒီသဲပုံပေါ်မှာ ကြက်ဥကို ထောင်ပြီး တင်လိုက်တယ်။ ဒီအခါမှာ ကြက်ဥက စားပွဲပေါ်မှာ ထောင်လျက်သား ဖြစ်နေတော့တယ်။

ဆရာကြီးက သဘောကျနှစ်ခြိုက်စွာပြုံးရင်း လက်ခုပ်သြဘာတွေ ပေးတော့တယ်။

"မင်းတော်တယ်"

အဲဒီကလေးရဲ့ ပုခုံးကလေးကိုပုတ်ကာ ဆရာကြီးက ချီးကျူးတယ်။ ပြီးတော့ သူ့ကတိအတိုင်း အရုပ်လှလှလေးတွေပါတဲ့ ခဲတံလေးကို ဆုချလိုက်တော့တာပေါ့။ အဲဒီကလေးက ပျော်သွားတယ်။ ဒီအခါမှာ ကျန်ကလေးတွေက မကျေမနပ်ဖြစ်ကြတယ်။

"ဟင်... အဲဒီလိုဆိုရင်တော့ သားလည်းလုပ်တတ်တာပေါ့ ဆရာရဲ့"

"ဟုတ်တယ် ဆရာ၊ သူလုပ်သလိုဆိုရင် လုပ်တတ်သားပဲ၊ သဲတင်ပြီးထောင်မှတော့ ရတာပေါ့၊ ဘာခက်တာမှတ်လို့လဲ"

တစ်ယောက်တစ်ပေါက်နှင့် ကလေးတွေက မကျေမချမ်းဖြစ်ကြတော့တယ်။

"ကလေးတို့ရေ... ဆရာပြောတာ ဒီစားပွဲပေါ်မှာ ကြက်ဥထောင်နိုင်ရင် ဆုချမယ်ပြောခဲ့တာလေ၊ ဘယ်လိုပဲ ထောင်နိုင်ပါစေ၊ ထောင်နိုင်ဖို့က အဓိကပါပဲ၊ ကြက်ဥတစ်လုံးကို စားပွဲပေါ်မှာ ထောင်နိုင်ဖို့က သဲတွေခံပြီး အသုံးပြုရင် ထောင်နိုင်တာ ကလေးတို့သိကြတယ် မဟုတ်လား"

"သိတာပေါ့ ဆရာရဲ့"

"သိပါတယ် ဆရာ"

"ကဲ ဒါဆို သဲခံပြီး ကြက်ဥကိုထောင်ဖို့အတွက် သဲကို ယူပြီး ဘာလို့အသုံးမပြုခဲ့ကြတာလဲကွယ်"

ကလေးတွေ အားလုံး ငြိမ်ကြသွားကုန်တယ်။

"ဒီကလေးလို ဘာလို့ မတွေးခဲ့ကြတာလဲ။ သဲကို အသုံးပြုပြီးထောင်ရင် ရနိုင်တာမှန်း ခုမှတွေးမိခဲ့ကြတာ မဟုတ်လား။ သူများမလုပ်ခင်က မတွေးခဲ့ကြဘဲ ကြက်ဥကို စားပွဲပေါ်မှာ မရရအောင် ထောင်ခဲ့ကြတယ်လေ။ မဖြစ်နိုင်တာကြီးကိုပဲ ကြိုးစားထောင်ခဲ့ကြတယ် မဟုတ်လား၊ ဘာကြောင့် နည်းလမ်းသစ်တစ်ခုကို မရှာခဲ့ကြတာလဲ။ သူများလုပ်ပြီးမှ ဒါဆိုငါလည်းလုပ်နိုင်တာပေါ့လို့ မတွေးပါနဲ့။ သူများမလုပ်ခင်က ကိုယ်ဘယ်လိုလုပ်ရင် ဒီကြက်ဥက ထောင်နိုင်လဲ စဉ်းစားနိုင်ရမယ်။ ပြီးတော့ သူများလုပ်နိုင်ခဲ့တာကိုလည်း မလိုတမာစိတ်တွေ မမွေးရဘူး။ မုဒိတာ ပွားနိုင်ရမယ် ကလေးတို့ရေ... တစ်ဘဝလုံး မှတ်ပါကွယ်"

ဒီကြက်ဥပုံပြင် အသိပညာပေးလေးက ကလေးတွေသာမက လူကြီး လူငယ်မရွေး သိသင့်တဲ့ အရာလေးပါပဲ။ အဲဒီအသိပညာတွေကိုယူပြီး ကျင့်သုံးသင့်ပေတယ် မဟုတ်ပါလား။

လူတွေက ကိုယ်တိုးတက်ရင်သာ ကိုယ့်အောက်မှာ ရောက်နေတဲ့သူတွေကို ကရုဏာမျက်လုံးနဲ့ ငုံ့ကြည့်နေနိုင်တတ်ကြတာ။ ကိုယ့်အထက်မှာရောက်နေတဲ့ သူတွေကို မုဒိတာမျက်လုံးနဲ့ သိပ်မကြည့်နိုင်ကြဘူး။ မနာလိုစိတ်တွေ ဖြစ်တတ်ကြတာ လူ့သဘာဝတစ်ခုလို ဖြစ်နေပါပြီ။ ရံဖန်ရံခါမှာ ကျွန်တော်ကိုယ်တိုင်တောင် မုဒိတာမပွားနိုင်တဲ့ စိတ်ကလေးတွေ ဝင်လာတတ်ပါသေးတယ်။ ဒီအခါမှာ အဖေပြောပြခဲ့တဲ့ ကြက်ဥပုံပြင်လေးကို ပြန်တွေးလိုက်ပြီး မုဒိတာစိတ်လေးတွေ ပြန်လည်မွေးမြူရတယ်။

အောင်မြင်နေတဲ့သူတွေကို မုဒိတာမပွားနိုင်ဘဲ အပြစ်ရှာ ဝေဖန်ကဲ့ရဲ့နေရင် ကိုယ့်အတွက် ဘာထူးလာမှာလဲ။ ကိုယ့်အတွက် ဘာကောင်းကျိုးတွေ ရလာမှာမို့လဲ။ စဉ်းစားဆင်ခြင်တတ်ဖို့လိုပါတယ်။ မရတဲ့အပြင် ကိုယ့်အတွက် ဆုတ်ယုတ်မှုလက္ခဏာတွေပါ ပြလာပါလိမ့်မယ်။ သူတစ်ပါးအောင်မြင်တာကို အကောင်းမမြင်ဘဲ အပြစ်ရှာနေသ၍ ကိုယ်လည်းအောင်မြင်သူတစ်ယောက် ဖြစ်လာမှာ မဟုတ်ပါဘူး။ စိတ်ဓာတ်လည်း ယုတ်ညံ့လာပါတော့တယ်။ သူ့အတွက်ရော ကိုယ့်အတွက်ပါ မကောင်းပါဘူးလို့ သိသိလျက်နဲ့ ဘာလို့ ဆုတ်ကိုင်ချင်နေကြတာလဲ။

သူတစ်ပါးအောင်မြင်နေတာကို ဝေဖန်အပြစ်မြင်နေမယ့်အစား သူဘယ်လိုလုပ်လို့ အောင်မြင်ခဲ့တာလဲ၊ သူ ဘာကြောင့် ဒီလို အောင်မြင်မှုတွေနဲ့ ရပ်တည်နေနိုင်ခဲ့တာလဲဆိုတာကို ရှာဖွေလေ့လာရမယ်။ အတုယူရမယ်။ သူ့ရဲ့ အောင်မြင်မှုနောက်ကွယ်က သော့ချက်ကို ကိုယ်လည်း ရှာဖွေလေ့လာတတ်ရမယ်။

သူ့မှာ အားနည်းချက်တချို့ ရှိနေခဲ့ရင်တောင် ထိုင်ပြီး ဟားတိုက်နေဖို့ မလိုပါဘူး။ ဝေဖန်ကဲ့ရဲ့နေဖို့ မလိုပါဘူး။ ဒီလုပ်ရပ်တွေက ကိုယ့်အတွက် ဘာအကျိုးမှမရှိဘူး။ ဒီလိုလုပ်နေမယ့်အစား သူ့ရဲ့အားနည်းချက်မျိုး ကိုယ့်မှာ ဖြစ်မလာအောင် ဘယ်လို ရှောင်ကြဉ်ရမယ်ဆိုတာကို တွေးတောပြင်ဆင်နေတတ်ခဲ့ရင်တော့ဖြင့် သာလွန်ကောင်းမွန်တဲ့ အောင်မြင်မှုသရဖူကို ကိုယ်တိုင်ဆောင်းခွင့်ရကြမည်မှာ မလွဲကေန်မုချပင်။

ဒါကြောင့် သူတစ်ပါးအောင်မြင်တဲ့အခါ မုဒိတာလေး ပွားနိုင်တတ်ကြပါစေ။ တစ်ဆက်တည်းမှာပဲ အောင်မြင်သူတွေရဲ့ နောက်ကွယ်က သော့ချက်ကို ကိုယ်လည်း ရှာဖွေလေ့လာတတ်ကြပါစေ။

မြန်မာ့သမီးငယ်

သနပ်ခါးလေး ပါးမှာခြယ်
မြန်မာ့သမီးငယ်။
ချစ်စဖွယ် သူ့အပြုံး
မြင်သူငေးမဆုံး။
စံပယ်ကုံးလေး ခေါင်းပေါ်တင်
ရှုတိုင်းသူ့မှာယဉ်။
စကားသံလွင် ချိုသာတေး
ဖော်ရွေဆက်ဆံရေး။
လိမ္မာယဉ်ကျေး ဂုဏ်ယူစရာ
ပညာထူးချွန်တာ။
စာပေလေ့လာ သိမှတ်သား
မပြတ်သူကြိုးစား။
မိဘစကား နားစိုက်ထောင်
အပြုံးမပျက်ပေါင်။
နောင်တစ်ခေတ်ဝယ် ဂုဏ်ရည်ထူး
အောင်မြင်မှုဆွတ်ခူး။

ဝင်းကျော်ထွေး(ပညာရေး)

ဆောင်းပါး

■ မော်ဝန်းသီဟ

ဖိနပ်အတွေးများ

"ရေဘူးနှင့် ဖိနပ်မပါ နွေအခါမှာသိ"၊ "ယောက်ျားဖိနပ်၊ မိန်းမနားကပ်" စသည်ဖြင့် ဖိနပ်နှင့်ပတ်သက်သော ဆိုရိုးစကားပုံများကို ကြားဖူးကြလိမ့်မည်။

လူတိုင်းလူတိုင်းတွင်လည်း ဖိနပ်နှင့်ပတ်သက်သော အမှတ်တရများ ရှိဖူးကြလိမ့်မည်။ ကျောင်းသို့သွားစဉ် ပြတ်သွားသော ဖိနပ်များ၊ ရုံးကအပြန် ပြတ်သွားသော ဖိနပ်များ၊ အလှူနှင့် မင်္ဂလာဆောင်တို့တွင် ပျောက်သွားသော ဖိနပ်များ စသည်ဖြင့် လွမ်းစရာ၊ ရယ်စရာ၊ ရှက်စရာတို့ ပြည့်နှက်နေသော ဖိနပ်ဇာတ်လမ်းတို့ ရှိဖူးကြလိမ့်မည်။

ဖိနပ်နှင့်ပတ်သက်၍ ယုံတမ်းပုံပြင်လေးတစ်ပုဒ် ကြားဖူးသည်။ စာဖတ်သူတို့လည်း သိပြီးသား ပုံပြင်လေးဖြစ်မည်။ စင်ဒရဲလားဟု ဆိုလိုက်လျှင် မသိသူ ရှိလိမ့်မည် မထင်။ မိထွေးနှင့် မိထွေးပါအစ်မဆိုးတို့၏ မတရားနှိပ်စက်မှုအပေါင်းမှ ကယ်တင်ပေးနိုင်ခဲ့သည့် မတော်တဆ ကျန်ခဲ့သော ဖိနပ်တစ်ဖက်သည် စင်ဒရဲလားလေး၏ ကယ်တင်ရှင်မိတ်ဆွေ ဖြစ်ခဲ့ဖူးသည်။

မတော်တဆ ကျန်ခဲ့သော ဖိနပ်တစ်ဖက်၏ နောက်ထပ်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ကြားသိဖူးသေးသည်။ ထိုဖိနပ်မှာ မဟတ္တမဂန္ဒီ၏ ဖိနပ်ဖြစ်သည်။ ခရီးတစ်ခုသို့အသွား ရထားတစ်စင်း၏ အပေါ်သို့ အတက်တွင် ဖိနပ်တစ်ဖက် ကျန်ခဲ့သည်။ ဂန္ဒီကြီးသည် မတော်တဆ ကျန်ခဲ့သော ဖိနပ်အပေါ် နှမြောစိတ်မထား၊ ထိုဖိနပ်ကို ကောက်ရသူ အသုံးဝင်စေတော့ဟု ရည်ရွယ်၍ ကျန်ရှိနေသော ဖိနပ်နောက်တစ်ဖက်ကို ချွတ်ကာ ပစ်ချထားခဲ့သည်။

မြန်မာ့သမိုင်းတွင်လည်း အရေးပါသည့် ဖိနပ်ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ ကိုလိုနီခေတ်၌ အင်္ဂလိပ်အရာရှိကြီးတစ်ယောက်သည် ဘုရားရင်ပြင်တော်ပေါ်သို့ ဖိနပ်စီးကာ တက်ရောက်ခဲ့သည်။ ထိုလုပ်ရပ်ကို မျိုးချစ်လူငယ်တို့က အကြီးအကျယ် ကန့်ကွက်ခဲ့ကြသည်။ သူ့ကျွန်ဘဝ၌ မြန်မာနိုင်ငံ၌ အုပ်ချုပ်သူလူတန်းစားကို နိုင်ငံရေးအရ ဖိအားပေးနိုင်ခဲ့သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

ဖိနပ်ဆိုသည်မှာ ကျွန်တော်တို့၏ လိုရာခရီးတွင် ခလုတ်မထိ၊ ဆူးမငြိစေရန် ကာကွယ်ပေးသည့် လူ့အသုံးအဆောင်ပစ္စည်းတစ်ခုဖြစ်သည်။

ထို့ပြင် ဖိနပ်သည် လမ်းလျှောက်နေစဉ် သက်သောင့်သက်သာရှိစေရန်နှင့် အခြားလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် ဝတ်ဆင်ရသည့် အဝတ်အစားဟုပင် ဆိုနိုင်သည်။ ဖိနပ်များကို အချို့က ဖက်ရှင်အဖြစ် ဝတ်ဆင်ကြသည်။ ဖိနပ်ဒီဇိုင်းများသည် ရိုးရာဓလေ့ထုံးစံ၊ အချိန်နှင့်အမျှ ပြောင်းလဲသည်။ ရိုးရှင်းသောဖိနပ်တစ်ရံသည် ကုန်ကျစရိတ် မများသော်လည်း ဖက်ရှင်ဆန်သော ဖိနပ်များမှာ တစ်ရံလျှင် ဒေါ်လာရာထောင်ချီကာ တန်ကြေးရှိတတ်ကြသည်။

လူသားတို့၏ ခြေဖဝါးများသည် ခန္ဓာကိုယ်၏ အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။ ခြေဖဝါးတို့သည် မတ်တပ်ရပ်နေသည့်အခါ ညီမျှမှုကို ထိန်းသိမ်းပေးပြီး လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ အခြားပုံမှန်လှုပ်ရှားမှုတို့ကို ပြုလုပ်ရန် ကူညီပေးသည်။

ထို့ကြောင့် လူသားတို့၏ ခြေဖဝါးတို့ကို သင့်လျော်သော ဖိနပ်များဖြင့် ကာကွယ်ပေးရန် လိုအပ်သည်။ သင့်လျော်သော ဖိနပ်များသည် ကျန်းမာသည့်ဘဝကို ရရှိရေးအတွက် လိုအပ်ချက်တစ်ခုပင် ဖြစ်သည်။

"တို့များဘဝက ခြေထောက်အောက်က ဖိနပ်လိုပဲ၊ အမြဲနင်းပြားပါ" ဟူ၍ တချို့က ပြောကြသည်။ ကျွန်တော်ကတော့ ထိုသူများကို နင်းပြားဘဝဟု မမြင်၊ လူသားတချို့အား အောင်မြင်ရေး ပန်းတိုင်သို့ ပို့ဆောင်ပေးနိုင်သော ဖိနပ်ပမာ ထောက်ပံ့ပေးသူများဟု ဆိုချင်သည်။ အသုံးခံနေရသရွေ့ မိမိတို့မှာ အသုံးဝင်နေသူများဖြစ်သည် မဟုတ်လော။

တချို့မှာမူ မိမိသည် စင်ပေါ်ကဟု ဂုဏ်ဆာနေတတ်ကြသည်။ သို့သော် သူတို့ရောက်နေသည်မှာ ဖိနပ်စင်ဖြစ်နေကြောင်း မသိကြပေ။ လှပါသော်လည်း၊ သင့်ပါသော်လည်း မလိုအပ်၍ စင်ပေါ်သောင်တင်နေကြရသည့် ဖိနပ်ပမာ လူတန်းစားများ ရှိသည်ကိုလည်း မမေ့သင့်ပေ။

ဖိနပ်နှင့်ပတ်သက်၍ နောက်ထပ် အတွေးအမြင် ဇာတ်လမ်းလေးတစ်ပုဒ် ဖတ်ဖူးသည်။

မုံရွာမြို့အနီး၌ ချင်းတွင်းမြစ်နံဘေးမှ အမြင့်ရွာတွင် သူကြီးကွယ်လွန်သဖြင့် သူကြီးတစ်ဦး ရွေးချယ်တင်မြှောက်ရန်အတွက် ခရိုင်ဝန်မင်းကြီးက အမြင့်ရွာသို့ လာခဲ့သည်။ ရွာတွင် သူကြီးလောင်းနှစ်ဦးရှိသည်။ တစ်ဦးက ခရိုင်ဝန်မင်းကြီးအလာကို တကူးတက စောင့်ကြို၍ သူ့အိမ်သို့ ခေါ်ကာ ဖွယ်ဖွယ်ရာရာ ကျွေးမွေးညှော်ခံ၏။ ခရိုင်ဝန်မင်း စီးလာသောဖိနပ်မှ ရွှံ့များကိုပင် တဘက်နှင့် ဝင်းပြောင်သွားအောင် တိုက်ပေးလိုက်သေးသည်။

ကျန်သူကြီးလောင်း တစ်ယောက်ကိုမူ မတွေ့လိုက်ရပေ။ ထိုသူသည် ညတုန်းက မြစ်ရေတက်၍ ကျိုးကျခဲ့သည့် ကျေးရွာတံတားတစ်ခုကို ရွာသားအချို့နှင့် သွားပြင်နေ၍ ဖြစ်သည်။

ခရိုင်ဝန်မင်း ပြန်သွားပြီး နှစ်ပတ်အကြာတွင် အမြင့်ရွာသို့ အမိန့်စာရောက်လာသည်။ ခရိုင်ဝန်မင်းကြီး ခန့်အပ်လိုက်သော သူကြီးအသစ်မှာ ရွာသားများနှင့် တံတားသွားပြင်နေခဲ့သော၊ ခရိုင်ဝန်မင်းလာစဉ်က တွေ့မသွားရသောသူ ဖြစ်နေလေသည်။ ခရိုင်ဝန်မင်းကို ပြုစုညှော်ခံလိုက်သော ကျန်တစ်ယောက်က အမိန့်စာကို လုံးဝမကျေနပ်။ ချက်ချင်း မုံရွာသို့သွားကာ ခရိုင်ဝန်မင်းကြီးကို သွားရောက် မေးမြန်း၏။

ထိုအခါ ခရိုင်ဝန်မင်းကြီးက "မင်းတို့ရွာအတွက် တကယ်လိုနေတာက ရွာခေါင်းဆောင်ကွ၊ ဖိနပ်တိုက်သမား မဟုတ်ဘူး"ဟု ပြန်ဖြေလိုက်ပါသည်။

နေရာတိုင်းတွင် ခေါင်းဆောင်ကောင်းထက် ဖိနပ်တိုက်သမားများက ပိုမိုများပြားလှသည်။ နေရာတိုင်းတွင် အသုံးဝင်သော ဖိနပ်များထက် မသုံးမဝင်သည့် စင်ပေါ်ကဖိနပ်များက ပိုမိုများပြားလှသည်။

ဖိနပ်နှင့်ပတ်သက်သော ဇာတ်လမ်းများ၊ ဖိနပ်နှင့်ပတ်သက်သော အတွေးများသည် တစ်နေ့လုံး ထိုင်ပြော၍ပင် ကုန်နိုင်မည် မထင်။

မိတ်ဆွေ၊ သင်၏ ဖိနပ်အတွေးများကိုလည်း ကျွန်တော် နားထောင်ချင်ပါသေးသည်။ သို့သော် အခုမူကား အချိန်ကိုငဲ့၍ ဆရာဟိန်းဆက်သွင်၏ ဖိနပ်ကဗျာလေးနှင့် ကျွန်တော်၏ ဖိနပ်အတွေးများကို အဆုံးသတ်လိုက်ချင်သည်။

"ဖိနပ်"

သဲကြိုး မပြတ်သမျှ
သခင့် ခြေအစုံ
ခဲ ထိုး၊ ပြတ် ရှ မဖြစ်စေဖို့
သဲကိုလည်း တိုး
မြေကိုလည်း လျှပ်
အောက်အရပ် ဘာသာပျော်လို့
ကျောက်အထပ် အလွှာလွှာပေါ်သို့
နောက်ထပ် အခါခါကျော်ဖို့
သမုဒယလမ်းပေါ် အတူတူနင်းကာ
အမှုတော်ထမ်းခြင်းပါ
သခင် . . .။

ဝတ္ထုတို

နွေသန့်မောင်(ပညာရေး)

ငြိမ်သက်နေသော ကောင်းကင်ပြင်၌ ကြယ်ရောင်တို့က တိုးထွက်လျက်။ စိန်ပွင့်တွေ ပြန့်ကျဲချထားသလို အထက်ကောင်းကင်မှာ အလှတွေအပြည့်။ ကတ္တီပါနက်ရောင် မဟူရာကောင်းကင်၌ ရွှန်းရွှန်းဝေနေသော လမင်းကြီးက အလင်းဖြာလို့။ ကြယ်တွေနှင့်အတူ အပြုံးမပျက်သောသူ့ဘဝ ဘယ်လောက်အေးချမ်းလိုက်မည်နည်း။ သာယာသော မြင်ကွင်းတွေကြား ထင်ရှားလှသော လှုပ်ရှားမှုတို့က ကူးချည်သန်းချည်။

လမ်းအသွယ်သွယ်၌ သန်းခေါင်းယံကြက်ဖမတွန်မီ လူအချို့က ပြေးလွှား လှုပ်ရှားရုန်းကန်နေရဆဲ။ ပကတိအေးချမ်းလှတဲ့ ဖိုးလမင်းရဲ့ အလင်းရောင်အောက်မှာ အပူအပင်တွေ တပုံတပင်နှင့် လူအချို့။ ညဆိုတာ မနက်ထက် ပိုအလုပ်များနေကြဆဲ။ လှုပ်ရှားနေဆဲ။

အခန်း(၁)

ခြေနင်းကို အသားကုန်ဖိနင်း၍ ဦးနေမျိုးတစ်ယောက် ဝမ်းစာတိုက်ပွဲအတွက် ညကို အန်တုနေရသည်။ ဖျင်အင်္ကျီ ခပ်နွမ်းနွမ်းနှင့် ဂျုံခမောက်စုပ်ကို ဆောင်းထားသည်။ အသားညိုသောကြောင့် ပိန်လှီနေသော ခန္ဓာကိုယ်က သွေးကြောများ ထောင်နေသည်မှာ ရှာစရာမလို။ ပါးလျှသော ဖိနပ်အစုပ်လေးဖြင့် ခရီးသည်နှစ်ဦးကိုတင်ကာ အားခဲ၍ နင်းနေရသည်။ ကွက်တိကွက်ကြား ဆံပင်ဖြူများက ဟိုတစ်ကွက် ဒီတစ်ကွက်။ အရွယ်က စကားပြော၍ အချိန်က နေဝင်ရာကမ်းပါးမှာ မေးတင်ဖို့ လက်တကမ်းအလို။

ခရီးသည် ရောက်လိုရာအရပ်၌ ချထားပေးပြီး။ ထို့နောက် အိမ်ပြန်နောက်ကျနေသောကြောင့် သူ့ခြေထောက်များကို သွက်သွက်လှုပ်လိုက်သည်။ မျက်နှာ၌ စိုးရိမ်မှုတို့က အပြည့်။ လရောင်အောက်၌ တစ်ကိုယ်တည်း။ ဆိုင်အတော်များများလည်း ပိတ်ထားကြပြီ။ ဆိုင်တစ်ဆိုင်ရှေ့အရောက် သူ့ဆိုက္ကားကို ရပ်လိုက်သည်။ ထိုဆိုင်က အလင်းဆိုင် (၂၄ နာရီဖွင့်သော ဆိုင်မျိုးကို ခေါ်သည်)။ သူရောက်နေသော ဆိုင်မှာဘီယာဆိုင်ဖြစ်သည်။ သူဆိုင်ထဲသို့ အပြေးအလွှားသွားသည်။ ခဏအကြာ လက်ထဲသို့ အထုပ်နှစ်ထုပ်ဆွဲ၍ ထွက်လာသည်။ ထို့နောက် သူ့အိမ်လေးဆီသို့ ဦးတည်လျက်။ ခါတိုင်းလို မတည်ငြိမ်တော့။ အနည်းငယ်ယိမ်းထိုးနေသည်။ ရီဝေမှုန်ဝါးဝါးတော့ တအားဖြစ်ပုံမရ။ ရပ်ကွက်လေးတစ်ခုအတွင်းမှ တိတ်ဆိတ်ငြိမ်သက်လှသော ဝန်းကျင်ဖြစ်နေပြီ။ မိုးလင်းက မိုးချုပ် တကုတ်ကုတ်လုပ်နေကြသော လူဆင်းရဲ ဘဝတွေကြားမှာ သူတို့လည်းအတူတူပင်။ လရောင်ကို အားပြု၍ လမ်းချိုးတစ်ခုသို့ သူဝင်လိုက်သည်။ ယိုင်နဲ့နဲ့ တဲလေးတစ်လုံး။ ထိုတဲအိမ်ထဲမှ ဖယောင်းတိုင်မီးလေးတစ်ခုဖြင့် ထွက်လာသော ကောင်လေးနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်။

"ဟာ ဟိုမှာ ဖေကြီး ပြန်လာပြီ"

"ဖေကြီးပြန်လာပြီဟေး ဟေး. . . "

တစ်ယောက်က ထအော်ချိန် တစ်ယောက်က အလိုက်သင့် အော်လိုက်ပြန်သည်။

"ဟဲ့ သားကြီးနဲ့ သားငယ်တို့ ငြိမ်ငြိမ်နေကြစမ်း…တကယ်တည်း သူ့အဖေလာတာများ ရုပ်ရှင်မင်းသားလာတာ ကျလို့…ဘေးပတ်ဝန်းကျင်တွေ အိပ်ကုန်ပြီ တိုးတိုးပြော. . ."

မမာနှင်းအသံကြောင့် ကလေးများ ပါးစပ်ပိတ်လိုက်ကြပြီ။ လက်နှစ်ဖက်ကို ဝှေ့ယမ်းနေရာမှ ပြန်ရုပ်သိမ်းလိုက်ကြ၏။ ဆိုက္ကားက သူတို့တဲအရှေ့၌ ရပ်လိုက်သည်။ လက်ထဲ၌ အသင့်ပါလာသော ခေါက်ဆွဲကြော်နှစ်ထုပ်ကို ကလေးနှစ်ယောက်ကို လှမ်းပေးလိုက်သည်။ ကလေးများက ခေါက်ဆွဲထုပ်ယူ၍ အိမ်ထဲသို့ ပြေးသွားကြသည်။

သူ့အိတ်ကပ်ထဲမှ ငွေကိုနှိုက်၍ မိန်းမဖြစ်သူအား လှမ်းပေးလိုက်၏။ သည်တွင် မိန်းမဖြစ်သူက–

"ကိုနေမျိုး …ဒီနေ့ရတာ ခြောက်ထောင်ပဲလားတော့ . . . ခါတိုင်းထက်နည်းသွားသလိုပဲ ကျွန်မကိုမှန်မှန်ပြော ရှင် ကျန်တဲ့ပိုက်ဆံတွေဘာလုပ်ပစ်လိုက်လဲ"

မမာနှင်းမျက်နှာက မှုန်သုန်နေသည်။ ကိုနေမျိုးမျက်လုံးကို တည့်တည့်ကြည့်၍ အားမလိုအားမရ ပြောခြင်းပင်။ ကိုနေမျိုးကလည်း–

"မိန်းမရယ်. . .အလုပ်က ပါးတယ်ဟ. . . ခါတိုင်းစီးနေကျ ဖောက်သည်တွေကလည်း နည်းလာတယ်…ငါ့မှာတစ်နေ့တစ်နေ့ရှာရတာ လွယ်တယ်မှတ်လို့"

"ဟင်း ကျွန်မ သိနေတယ်နော်. . .ဟင်း ဟင်း"

နဖူးစက ချွေးများသုတ်၍ ပြောလိုက်ခြင်းပင်။ လူကတော့ ရီဝေရီဝေဖြင့်။

ခါတိုင်းပြောနေကျ သူ့မိန်းမစကားကို သူ့နား၌ ကြားယောင်လာသည်။ "ရှင့်ပြောလိုက်ရင် ဒီလိုချည်းပဲ. . .ဟွန်း. . .အိမ်မှာက ရှင်နဲ့ ကျွန်မ ပါးစပ်နှစ်ပေါက်ထဲ အောက်မေ့မနေနဲ့ ရှင့်သားရဲဝင်းနဲ့ ရဲလင်း နှစ်ယောက်ရှိသေးတယ်ဆိုတာ သတိရပါအုံး . "

ပြောဆိုပြီး၍ အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ အိမ်ရှေ့ပက်လက်ကုလားထိုင်စုပ်လေးပေါ်ထိုင်ရင်း ကိုနေမျိုး အတန်ငယ်မျှ စဉ်းစားနေသည်။ တုတ်တုတ်မျှ မလှုပ်တော့။ မျက်ခွံများက လေးလံစပြုလာပြီ။ သူ့အတိတ်က အတွေးများဖြင့် နောက်သို့ နောက်သို့ . . . .

အခန်း(၂)

ကိုနေမျိုးသည် ယခင်က ဤသို့မဟုတ် အတော်အသင့် ပိုက်ဆံရှိသည့် တောသူဌေးပင်။ ကိုနေမျိုးသည် တစ်ကောင်ကြွက်တစ်မျက်နှာမို့ မိဘများက အလိုလိုက်ကြသည်။ မိဘများက ဖူးဖူးမှုတ်ထားသည်။ ဒါကို အခွင့်ကောင်းယူ၍ ဆိုးချင်တိုင်းဆို၊ မိုက်ချင်တိုင်းမိုက်ခဲ့သည်။ အရွယ်ကလေးရတော့ အရက်ကိုလည်း ခုံမင်သည်။ အထူးသဖြင့် အပေါင်းအသင်းတို့၏ သွေးတိုးစမ်းမှုကြောင့် ချိုကြွလာခြင်းဖြစ်သည်။ ဘယ်အရာကိုဖြစ်ဖြစ် လက်ကြောတင်းအောင် မလုပ်တတ်။ ပညာရေးလည်း ဆက်မသင်။ ဘဝကို ဤမျှနှင့် ပြီးဆုံးမည်ထင်ခဲ့သည်။ မိဘများ စီးပွားရေးကျလာသောအခါ ကိုနေမျိုး မနေသာတော့။ မိဘများကလည်း အသက်အရွယ်ရခဲ့ပြီ။ သူ အလုပ်ရှာထွက်ရသည်။ မိဘတွေကတားသည် မရ။ စစ်ကိုင်းဟူသော မြို့ကြီးပြကြီး၌ အလုပ်လုပ်ရန်ထွက်သွားခဲ့သည်။

မြို့နယ်တစ်ခု၏ ရပ်ကွက်တစ်ခုက လက်ဖက်ရည်ဆိုင်၌ သူအလုပ်စရခဲ့ပြီ။ လက်ဖက်ရည်ဆိုင်၌ အကြော်ဆရာ၊ အကူ၊ စားပွဲထိုး ဝင်လုပ်ခဲ့သည်။ ရသည့်လစာနှင့် သူစားသောက်သည့်စရိတ် ကာမိယုံသာရှိသည်။ အိမ်သို့ ပြန်မထောက်ပံ့နိုင်ခဲ့။ မိဘများနှင့် မကြာမကြာ ဖုန်းအဆက်အသွယ်ရသည်။ သို့သော် အသောက်အစားက မပျောက်။ လစာကိုစု၍ အိမ်ပို့ဖို့ ကြိုးစားမည်ဟု သန္နိန္နချထားသော်လည်း မအောင်မြင်။ သူ့စားစရိတ်က သူ့လုပ်အားခထက် ပိုကုန်နေသည်။ ဆင်ဖိုးထက် ချွန်းဖိုးက ဈေးပိုကြီးသကဲ့သို့ ဖြစ်နေ၏။

တစ်နေ့၌ ပဲပြုတ်ရောင်းသော မာနှင်းဆိုသူနှင့် ဆုံခဲ့သည်။ မနက် ပလာတာအတွက် ပဲပြုတ်အမြဲဝယ်ရသည်။ တစ်ခါတွေ့ရုံမျှနှင့် ကိုနေမျိုး နေမထိ ထိုင်မသာရှိလျက်။ ထို့နေ့ကစပြီး ပဲပြုတ်သည်နှင့် ကိုနေမျိုး တိတ်တခိုးမိုးတွေက ဖြိုးစွေခဲ့ပြီ။ ရက်အတန်ကြာ ပဲပြုတ်အားပေးခဲ့သည်။ ဆိုင်ရှင်များက မရိပ်မိခဲ့။ အလုပ်ရှုပ်နေသည့် အချိန်ဖြစ်၍ ကိုနေမျိုး အခွင့်အရေးကို ကောင်းစွာအသုံးချခဲ့သည်။ ချိန်းတွေ့ကြသည်။ နောက်ပိုင်း ရည်ငံလာခဲ့ကြသည်။ သူတို့ကိစ္စကို မာနှင်း၏ အမေက သဘောမတူ။ ထို့ကြောင့် ကိုနေမျိုး မာနှင်းကို ခိုးပြေးရတော့သည်။

မန္တလေးဘက်ကို ခိုးပြေးခဲ့ကြသည်။ လင်မယားနှစ်ယောက်ညားခါစဖြစ်၍ အပူအပင်ကင်းကြသည်။ သို့သော် ကိုနေမျိုး၌ ခြူးတစ်ပြားမှပါမလာခဲ့။ မမာနှင်း၌ လက်စွပ်တစ်ကွင်းနှင့် နားကပ်လေးတစ်စုံသာ ပါခဲ့သည်။ ကိုနေမျိုးက မာနှင်း၏လက်စွပ်ကလေးကို ထုခွဲကာ ရောင်းလိုက်သည်။ နောက်တော့ အိမ်ငှားတစ်နှစ်စာ ငှားဖြစ်ခဲ့သည်။ ထိုအခါ ကိုနေမျိုးက ကုန်တင်ကုန်ချ အလုပ်ကို လုပ်ရသည်။ မောသည်ပမ်းသည်မရှိ။ အိမ်ရောက်၍ သူ့မိန်းမ မာနှင်းမျက်နှာမြင်ကတည်းက ပြန်လည်လန်းဆန်းသွားသည်။ ဒီလိုနှင့် သူတို့ အိမ်ငှားတစ်နှစ်ပြည့်ခဲ့သည်။

နောက်ထပ်ငှားရန်လည်း ငွေလုံလောက်သည်။ သို့သော် အဆင်မပြေ။ မမာနှင်း၌ ကိုနေမျိုးနှင့်ရသည့် ကိုယ်ဝန်ရှိနေပြီ။ ကလေးတွေအတွက် တွေးရမည်။ သူတို့လင်မယားနှစ်ယောက် ကျူးအိမ်တစ်အိမ်ကို ဝယ်လိုက်ကြသည်။ ကျူးအိမ်ဖြစ်သည့်အတွက် ငွေများများစားစားမပေးရ။ သူ့သားသမီးမွေးဖွားစရိတ်တော့ ကာမိသည်။ ထိုကျူးအိမ်လေးသို့ ပြောင်းနေပြီး ကိုနေမျိုးက ယခင်ကုန်တင်ကုန်ချ အလုပ်လုပ်သည်။ မမာနှင်းက အိမ်မှုကိစ္စကို တတ်နိုင်သမျှလောက် လုပ်သည်။ တဖြည်းဖြည်း ကိုယ်ဝန်ရင့်လာသည့်အတွက် ကိုနေမျိုးက ဘာတစ်ခုမှ မလုပ်စေချင်။

အခန်း(၃)

ဇန်နဝါရီလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ကိုနေမျိုး လူဖြစ်ခွင့်ရခဲ့ပြီ။ မမာနှင်း ကလေးမွေးခဲ့သည်။ လွတ်လပ်ရေးရသည့်နေ့ထူး နေ့မြတ်ဖြစ်သည့်အလျောက် သားဦးမှာ အမြွှာပူးလေးဖြစ်ခဲ့သည်။ ထိုအချိန်ကစ၍ ကိုနေမျိုးက အကြီးလေးကို ရဲဝင်း။ အငယ်လေးကို ရဲမင်းလို့ အမည်ပေးခဲ့သည်။

မမာနှင်းကို သူသိပ်ကျေးဇူးတင်နေရှာသည်။ သားဦးလေးမှ ထူးထူးခြားခြား အမြွှာပူးလေးရခဲ့သည်ကိုး။ သူ့ဘဝ၌ ထိုနေ့ဟာ အပျော်ဆုံး ဖြစ်ပေလိမ့်မည်။ အခြားသူများပြောသော "ရှင်လိုင်ပြန်တဲ့နေ့၊ ထောင်ကထွက်တဲ့နေ့၊ သားရှင်ပြုသည့်နေ့" ထိုနေ့တွေသည် အပျော်ဆုံးနေ့အဖြစ် သတ်မှတ်ကြသည်။ သို့သော် သူ့ဘဝ၌ ထိုနေ့များထက် ဤနေ့ကို ပို၍ ပျော်ရွှင်ဝမ်းသာမဆုံးဖြစ်ရရှာသည်။

ခါတိုင်းထက် သူအလုပ်ကိုပိုလုပ်မှ ဖြစ်တော့မည်။ ထို့ကြောင့် ဆိုက္ကားလေးတစ်စီးညဘက်ဆွဲရန် သူ့အသိမိတ်ဆွေထံမှ ဝယ်လိုက်သည်။

ထို အချိန်မှစ၍ နေ့ခင်းဘက်၌ ကုန်တင်ကုန်ချလုပ်သည်။ ညနေခင်းမှ ညဘက်အထိ ဆိုက္ကားနင်းကာ ရှာဖွေသည်။ သူရသမျှထဲမှ တစ်ထောင်လောက်တော့ အရက်ဆိုင်၌ အရည်ဖျော်ပစ်သည်။ ဒါလည်း သူ့အကြိုက်ပေကိုး။ မမာနှင်း သိသော်လည်း မတားရက်။ သူ့ကို ပင်ပင်ပန်းပန်း လုပ်ရသည့်အတွက် မတားလည်းမတားခဲ့။ သို့သော် ငွေနည်းလာလျှင်တော့ အနည်းငယ် ဆူပူတတ်သည်။ ရန်မတွေ့တတ်သော်လည်း ဒေါသသံဖြင့် ပြောတတ်သည်။ သူ့ဘက်၌ ကြည့်ပြန်လျှင်လည်း ကလေးနှစ်ယောက်အတွက် ထွေလီကာလီ ဝယ်ပေးရသေးသည်။ ကျောင်းနေရွယ် ရောက်နေပြီမို့ ကျောင်းစရိတ်အတွက်လည်း စုရသည်။ ကျန်းမာရေးအတွက်လည်း သက်သက်ချန်ထားရသည်။ လူကတစ်ကိုယ်ပေမယ့် စိတ်က အများကြီးဖြစ်နေသည်။ ဟိုဟာတွေးပူလိုက်၊ ဒီဟာတွေးပူလိုက်ဖြင့် ညဆိုတော်တော်နှင့် အိပ်မပျော်တတ်ခဲ့။ ဘဝဇာတ်ခုံရဲ့ ဒုက္ခဘုံကြားမှာ ရအောင်ကနေရသည်ကိုး။

အခန်း(၄)

အတွေးတို့က လွင့်လျက်။ အဝေးဆီသို့ ကူးချည်သန်းချည်လုပ်နေဆဲ ခဏ။

"ကိုနေမျိုး တော်အပြင်မှာပဲ အိပ်မှာလား. ထစမ်းပါတော်. . . နေ့တိုင်း အိမ်ရှေ့က ပက်လက်ကုလားထိုင်မှာ ခဏထိုင်မယ်ဆိုပြီး တော်အိပ်ပျော်ပျော်နေတာ ဘယ်နှစ်ရက်ရှိနေပြီလဲ. . . တကတည်းမှပဲ"

အိပ်မက်က နိုးထလာခဲ့ပြီ။ ကိုနေမျိုးအတွေးတွေ လွင့်ပြယ်သွားသည်။

"ဩော် အေးအေး. . . ကျေးဇူးပါ မိန်းမရယ်. . .ငါလည်း အရင်တုန်းက အကြောင်းလေးတွေတွေးရင်း ဘယ်လိုလုပ် အိပ်ပျော်သွားတယ် မသိဘူး. . ."

"ဖြစ်ရမယ်. . . တော့်ပြောလိုက်ရင် ဟိုအကြောင်းတွေးရင်း အိပ်ပျော်ရတာနဲ့. . . သည်အကြောင်းတွေးရင်း အိပ်ပျော်ရတာနဲ့. . . ရှင်အိပ်ချင်လည်း အိမ်ထဲတစ်ခါတည်း ဝင်ခဲ့ပါလား. . .ဟွန်း. . .ရာသီဥတုက အေးတယ်တော့ . . .တော်တစ်ခုခု ဖြစ်သွားမှဖြင့်"

မျက်စောင်းခဲ၍ ငယ်မူမျက်နှာလေးက မမာနှင်းဆီမှ ပုံပေါ်သွားသည်။ ကိုနေမျိုးအလွန် သဘောကျသွားသည်။

"ဟား. . .ဟုတ်ပါပြီ မိန်းမရယ်. . . နောက်မဖြစ်စေရပါဘူး. . .ဒါနဲ့ သားတို့ကော အိပ်နေပြီလား"

"တော့်လက်က နာရီပြန်ကြည့်ပါအုံးတော့ . . .ည ၁၂ နာရီ ကျော်နေပြီ. . .လာလာ . . .အိမ်ထဲဝင်မယ်"

မမာနှင်းတွဲထူမှ ကိုနေမျိုးခန္ဓာကိုယ်က ရွေ့ပါလာသည်။ ကိုနေမျိုးရင်ထဲမှ ပျို့တက်လာသော အပြုံးက ဟန်ဆောင်မှုကင်းလျက်။

ဩော် မာနှင်းရယ် ငါ့ဘဝက မင်းတို့သားအမိနဲ့တွေ့မှ နွယ်တစ်ပင်လို မေတ္တာတွေတစ်ပုံတပင် ရခဲ့တာပါ။ ကျေးဇူးတင်ပါတယ်ဟာ. . .။ ကိုနေမျိုး ရင်ထဲက အတွေးများကို မမာနှင်း မသိနိုင်ပေ။ သို့သော် သူ၏ ကြီးမားလှတဲ့ မေတ္တာတရားကိုတော့ မမာနှင်း အလိုလိုသိနေမည်မှာ အမှန်ပင် . . . .။

ထိုခြံမြေ

❖ ဟိုဘက်ခြံက ပန်းမျိုးစုံ
သင်းပျံ့မွှေးထုံထုံ၊
ရာသီကြိုက်ကုန် စိုက်ပျိုးကြ
ဈေးပို့ရောင်းပန်းလှ။

❖ သည်ဘက်ခြံက မျိုးစုံလင်
ဟင်းသီးဟင်းရွက်ပင်၊
ခူးဆွတ်ချူငင် ဈေးပို့ရောင်း
ဝင်ငွေ အလွန်ကောင်း။

❖ ခြုံနွယ်မြက်ပေါင်း ရှုပ်ယှက်ပွေ
ကြည့်ရ ဆင်မပြေ၊
နှစ်ဖက်ခြံမြေ အလယ်ကြား
မြေလွတ်မြေရိုင်းထား။

❖ ရိုးသားနိုးကြား ခြံပိုင်ရှင်
စိုက်ကွက်ဖော်စေချင်၊
မြေဆွပေါင်းသင် ခြုံနွယ်ရှင်း
တူးပါ သုံးရေတွင်း။

❖ ဟိုဘက်စိုက်ခင်း အတုယူ
လုပ်အား ဖေးမကူ၊
စိတ်ကောင်းမွေးမြူ စိုက်ကာပျိုး
မှန်မှန်ဝင်ငွေတိုး။ ။

ဖိုးလေးလုံးသောင်းကိုကို

(၇၃)နှစ်မြောက် အာဇာနည်နေ့အတွက် မျိုးဆက်သစ်တို့ ရေးဖွဲ့သော ကဗျာများ

ကြီးမြတ်ဂုဏ်ရည် အာဇာနည်

အာဇာနည်သွေး မြတ်ဂုဏ်ရည်
ကိုဦး ခေါင်းဆောင်မည်
ဗိုလ်အောင်ဆန်းသည် နတ်မောက်ဖွား
လွတ်လပ်ဖို့ ကြိုးစား ... ။
မိုင်းပွန်စော်ဘွား ခေါင်းဆောင်ဟာ
စဝ်စံထွန်းရယ်ပါ
သခင်မြဟာ ထုံးဘိုမွေး
ထမ်းခဲ့ ပြည်ထဲရေး... ။
ပြန်ကြားရေးက ဦးဘချို
မြောင်းမြဇာတိဆို
ဗိုလ်ချုပ်အစ်ကို ဦးဘဝင်း
ထောက်ပံ့တာဝန်နှင်း... ။
ယုန်သလင်းက မန်းဘခိုင်
စက်မှုဝန်ကြီး ဆိုင်
မိတ္ထီလာမြို့ ဦးရာဇတ်
ပညာ/စီမံ ထမ်းဆောင်ယှက် ... ။
မင်းဘူးမွေးရပ် ဦးအုန်းမောင်
အတွင်းဝန် တာဝန်ဆောင်
ကိုယ်ရံတော်အောင် မန္တလေး
ရဲဘော်ကိုထွေး မွေး... ။
လွမ်းဆွေးရတဲ့ လဇူလိုင်
ဘယ်ခါမမေ့နိုင်
မျက်ရည်သွန်းဖြိုင် မြေမှာခ
အောက်မေ့သတိရ
အာဇာနည်နေ့ဗျ ... ... ။

အေးရည်စိုး (ဘိုကလေး)

မြတ်သောဇာနည်တွေ

မှန်ရာကိုပြော အလုပ်သက်သေ
ဖြောင့်မတ်တည်ကြည်ပေ၊
ဇွဲ,သတ္တိတွေ ဘယ်မည့်ိုး
ကိုယ်ကျိုးမမျှော်ကိုး။
တိုင်းပြည်လူမျိုး လွတ်လပ်မှု
စိတ်ဓာတ်ခိုင်မာထူ၊
နယ်ချဲ့ရန်သူ တွန်းတိုက်ထုတ်
ထူးမြတ်တဲ့ဂုဏ်ပုဒ်။
အဘိုးဗိုလ်ချုပ် အစချီ
ကိုးဦးအာဇာနည်၊
မျက်ရည်မဆည် မိုးညို့မှိုင်း
ဇူလိုင်ရောက်လေတိုင်း။
အတိတ်သမိုင်း စံမို့ကွယ်
အလေးထားလို့ရယ်၊
လူငယ်မောင်မယ် တုယူတွေး
သားကောင်းများသို့လေး။

ညီဟန်(ရွှေဆယ်သား)

ဆယ့်ကိုးဇူလိုင် မမေ့နိုင်

တစ်ဆယ့်ကိုးရက် ဇူလိုင်မှာ
မိုးကဖွဲဖွဲရွာ။
မမေ့နိုင်ပါ စနေနေ့
မျက်ရည်လည်လို့ ဝေ့။
ဘယ်ခါမမေ့ ပြည်သူတွေ
ဥသြစွဲကာလေ။
အလေးပြုကြပေ အနှံ့ပြား
ကိုးဦးဇာနည်အား။
မြန်ပြည်တစ်လွှား ဂုဏ်ပြုသည်
ကိုးဦးအာဇာနည်။
တို့တိုင်းတို့ပြည် ခေါင်းဆောင်မို့
အလေးပြုကြစို့။
ဝမ်းနည်းရင်ဆို့ ထိုနေ့တွင်
အလံတစ်ဝက်တင်။
တိုင်းပြည်တစ်ခွင် ပြည်လူထု
အားလုံးအလေးပြု။ ။

ညီမင်းတိုက်(ပညာရေး၊ တောင်တွင်း)

ဇာနည်စိတ်ထား မြဲလေးစား

ကျွန်စနစ်မှ လွတ်မြောက်အောင်
တိုင်းကျိုးပြည်ကျိုးဆောင်
သွေးသောက်ညီနောင် ကြိုးပမ်းကြ
လွတ်လပ်ရေးကို ရ။
အတိတ်သမိုင်း မမေ့သည်
ကိုးဦး အာဇာနည်
ကြေကွဲမျက်ရည် ဘဝင်ညှိုး
ဇူလိုင် တစ်ဆယ့်ကိုး။
ကြမ္မာဆိုးကြောင့် သေရသည်
မမေ့နိုင်ပါ အတည်
အမည် လုပ်ရပ် သေမသွား
ဦးညွှတ် မြဲလေးစား။

နံ့သာမြိုင် ဘိုချို

ကိုးဦးဇာနည် မမေ့ပြီ

စနေနေ့မှာ ကြွေခဲ့ပြီ
ကိုးဦးအာဇာနည်။
ဆယ့်ကိုးရက်ဆီ ဇူလိုင်လ
ကြမ္မာဆိုးခဲ့ရ။
သခင်မြနှင့် ဦးဘချို
ဦးဘဝင်းလည်းပြို။
ဗိုလ်အောင်ဆန်းရယ် ဦးရာဇာတ်
သိမ်းခဲ့ ဘဝဇာတ်။
စဝ်စံထွန်းနှင့် မန်းဘခိုင်
ဦးအုန်းမောင်ထိတိုင်။
ရင်ဆိုင်လို့သာ အသက်ပေး
ရဲဘော်လေးကိုထွေး။
ပူဆွေးမှုကြောင့် အလံကို
တစ်ဝက်လွှင့်လို့ကြို။
လွမ်းတသပို ဥသြဆွဲ
အလေးပြုမှာပဲ။

ညို

ထိန်ထိန်သာတင့် ကြယ်ကိုးပွင့်

ကြယ်ဖြူကိုးပွင့် ကြွေသောနေ့
ဇူလိုင်ဆယ့်ကိုးပေါ့။
အစဉ်မမေ့ ရင်ထဲမှာ
အမြဲရှိနေတာ။
ကောင်းကင်ဝဠ်ဍာ တိမ်ညိုမည်း
သောကမျက်ရည်ဝဲ။
ဥသြမြည်ဆွဲ ငြိမ်သက်တည်
ဦးညွှတ်နေကြမည်။
တို့အာဇာနည် ခေါင်းဆောင်များ
ကြာလည်းမမေ့အား။
ဗိုလ်ချုပ်မိန့်ကြား စကားတွေ
သတိရလျက်ပေ။
တို့ပြည်သူတွေ ညီညွှတ်ရေး
မှာကြားအသိပေး။
အလေးပြုစို့ တို့မြန်မာ
အာဇာနည်နေ့မှာ။
ကြယ်ကိုးပွင့်ဟာ ကြွေသော်လည်း
ကိန်းအောင်းသန္ဓေတည် တို့ရင်ထဲ
ယနေ့တိုင်သာမြဲ။

ဝသုန်မိုး(ကန်ညီနောင်)

ကိုးဦးဇာနည် ဦးညွှတ်သည်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
မျက်ရည်မိုးတို့ဖြိုင်။
နိုင်ငံမျိုးချစ် ဇာနည်များ
ပစ်ခတ်သတ်လို့သွား။
တို့အမျိုးသား အာဇာနည်
ကျဆုံးခဲ့လေသည်။
ဖြေဆည်မရ လွမ်းစိတ်ပွား
မြတ်တဲ့ဇာနည်များ။
တရားမှုကို ရှေ့တန်းတင်
ကိုးဦးတို့ဖခင်။
လွတ်စေချင်တဲ့ ကျွန်တွင်းက
ကြိုးပမ်းနေ့နှင့်ည။
ကျဆုံးသွားတဲ့ ကိုးဇာနည်
မော်ကွန်းမှတ်တိုင်စီ။
တိုင်းပြည်လုံးသည် ဖြေမရ
ပူဆွေးမျက်ရည်ကျ။
ပေးကြ စွန့်ကြ အသက်လှူ
ဂုဏ်ရည် လင်းလက်ဖြူ။
ပြည်သူအားလုံး ဦးညွှတ်လို့
အလေးပြုကြပါစို့။ ။

ရဲမင်းဇော် (အမြင်သစ်)

အာဇာနည်နေ့

ဥသြသံများ တဝေဝေ
အချက်ပေးကာ ညံစီနေ။
ကြယ်တွေကြွေတဲ့ ဇူလိုင်လ
ခုနှစ်ဆယ့်သုံး ရှိပြီဗျ။
သတိရလို့ မမေ့နိုင်
ယနေ့ထက်ထိ မျက်ရည်ဖြိုင်။
ဇူလိုင်လရဲ့ တစ်ဆယ့်ကိုး
တို့တိုင်းပြည်ရဲ့ မဏ္ဍိုင်ကျိုး။
လူမျိုးအားလုံး ပေါင်းစုညီ
တသွေးသားတည်း ရှေ့သို့ချီ။
ချမှတ်ခဲ့ပြီ လမ်းစဉ်များ
လေးစားလိုက်နာ ဂရုထား။
လူသားအားလုံး အေးချမ်းအောင်
အသက်ပေးခဲ့တဲ့ တို့ခေါင်းဆောင်။
အဆောင်ယောင်လည်း သူမမက်
အတုယူလို့ သတိချက်။
နှစ်စဉ်မပျက် အလေးပြုနေ
အာဇာနည်များ ငြိမ်း..ချမ်း..စေ။
ရောက်လို့လေ အာဇာနည်နေ့
လူတိုင်းရင်မှာ တမြေ့မြေ့။

ဖူးငုံနှင်း

လိုက်နာကြိုးစားအာဇာနည်စကား

ဗိုလ်ချုပ်အောင်ဆန်း အာဇာနည်
ကမ္ဘည်းရေးထိုးသည်
လွတ်လပ်ဖို့ရည် စဉ်ကြိုးစား
သက်ပေးဖော်ဆောင်သွား...။
အာဇာနည်များ လေးစားဖွယ်
စွန့်လွှတ်စွန့်စားတယ်
သူတို့လိုကွယ် တုယူကြ
နိုင်ငံချစ်ကြရ...။
ဇူလိုင်လရဲ့ မိုးဝသန်
သွန်းဖြိုး ရွာကျပြန်
လွမ်းဆွေးမှုဟန် ပြသထား
ထင်မှတ်ရှာလေသလား...။
နာယူမှတ်သား ဆုံးမစာ
ခေါင်းဆောင်ကြီးတို့မှာ
စည်းလုံးညီညာ လိုက်နာမှ
နောက်လိုက်ကောင်း ပီသ...။
စဉ်ကြိုးစားကြ တို့တစ်တွေ
စည်းကမ်းထားကြပေ
ပန်းတိုင်သို့လေ ရောက်အောင်သွား
ဇွဲမလျှော့စေသား...။
ဥသြဆွဲထား အလေးပြုလျှင်
အောက်မေ့သတိရ အစဉ်
အာဇာနည်သခင် ဂုဏ်ပြုလို့
ဦးညွှတ်ကြပါစို့ ... ... ။

မြရည်စိုး (ပညာရေး)